www.burmeseclassic.com

# နှေနှော်

တစ်ဆယ့်လေးအုပ်မြောက်
ဝတ္ထုသစ်

# ကာရန်ပျက်ကဗျာ



Design : Ko Myint
Graphic : (Phyoe Computer)

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ခိုင် (၀၄၅၀) အောင်သ...
...စာအုပ်ချုပ်ပြီး စီစဉ်သောစာပေ၊ ဗဟန်း၊ ရန်ကုန်မြို့မှ ပုံနှိပ်...
မျက်နှာဖုံးပုံနှိပ် အမှတ် ၃၅/၃၈/၁ ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်း...
...၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်...
... ဦးထင်အုန်း မြဲ - ၀၉၄၃၊ မိုးမင်းစာပေ ၉၃၊ လေးထောင့်ကန်...
... ရန်ကုန်မှ ၁၉၉၈၊ ဖေဖော်ဝါရီလတွင် အုပ်ရေ (၅၀၀) တန်ဖိုး
(၁၆၀) ကျပ် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။



BURMESE CLASSIC .com

(နေနော်)

# ကာရန်ပျက်ကဗျာ

သိန်းခါးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ့"

တိုးလျှတုန်ယင်လွန်းသော်လည်း သူမ၏ အသံက အတွေးစတို့ကို ပြတ်တောက်ရန်အတွက် လုံလောက်သောအသံပင် ဖြစ်သည်။ ခြောက်ကပ်အက်ကွဲသော စကားသံတို့ ထွက်လာစေရန် အစွမ်းကုန် ကြိုးစားနေမိသည်။ သက်ထား ............ ဟု လေးတွဲ့စွာခေါ်လျက်၊ သူမကို စိုက်ကြည့်မိသည်။ သက်ထားဝေ ခေါင်းမော့လျက် တစ်ချက် ကြည့် သည်။ ထို့နောက် သူ့အကြည့်တို့ကို ရင်မဆိုင်ရဲစွာ ချက်ချင်း ခေါင်းကို ပြန်ငုံ၏။

(ပြောတော့လေ)ဟူသော စကားသံတစ်ခုက နှလုံးသားမှ တစ်ဆင့် သွေးကြောများစွာကို ဖြတ်သန်းလျက် ဦးနှောက်တွင်းသို့ တိုးဝင်၏။

အလွန်ဝေးကွာသော အရပ်ဒေသသို့ တမဟုတ်ချင်းအရောက် နင်ရမည်နယ် .................... ။

မြင့်မားလှစွာသော တောက်ထိပ်ကို အပြေးတက်ရမည့်နှယ် ........................... ။

ကျယ်ပြောလှသော သမုဒ္ဒရာ တန်တလျားကူးခတ် ဖြတ်ကျော်ရမည့်နှယ် ......................... ။





ခန္ဓာကိုယ်အတွင်းရှိ၊ ရှိရှိသမျှသော အင်အားတို့ကို စုစည်း အားယူလိုက်မိသည် ..................... ။

ထို့နောက် ............ လည်ချောင်းဝ၌ တစ်ဆို့လျက်ရှိသော စကားတို့က ရုတ်တရက် ပွင့်အန်ပြိုကျ၍ လာတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(က)

## တီတ်တာဆီတ် တို့ဆုံခဲ့ကြတယ်။

(ဘိုင်ရှန်)

သိန်းဝင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အိမ်ပေါ်သို့ လှမ်းတက်ကတည်းက ရယ်မောသံတို့ကို ကြားရသည်။ ခပ်စူးစူးရယ်သံတစ်ခုက ကေသီ၏ရယ်သံဟု သိသော်လည်း ကျန်ရစ်သံတစ်ခုက နှားစိမ်း၏။ တိုးသက်ငြင်သာသော နားထောင်ကောင်းသည့် ရယ်သံလွင်လွင်မျိုး ဖြစ်သည်။ အနီးစပ်ဆုံး ပမာပြုရလျှင် ဆည်းလည်းခတ်သံနှယ် ဝေစည်သောရယ်သံမျိုး ဖြစ်သည်။

ဖိနပ်ချွတ်တွင် ခေတ္တတုန့်ဆိုင်းလျက် ဖိနပ်ချွတ်ရင်းမှ နံပါတ်(၇) မိန်းမစီး ကတ္တီပါဖိနပ်တစ်ရံကို သတိပြုမိသည်။ ကေသီ သူငယ်ချင်းတစ်ယောက်ယောက်ဖြစ်မည် စုတွေးလျက် ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်၏။





"ဟာ ......ကိုနိုင် စောလှချည့်လား"

သူ့ကိုအတွေ့ ကေသီက အံ့ဩစွာလှမ်းမေးသည်။ တစ်ခါတစ်လေ ဒီလိုပဲ စောစောလစ်လာတာပေါ့ဟာ-ဟု ပြန်ဖြေရင်း ဆက်တီများဆီသို့ အကြည့်ရွှေ့လိုက်မိသည်။

ကေသီရှေ့ ဆက်တီတွင် ခေါင်းငုံ့ကာထိုင်နေသော မိန်းကလေးတစ်ဦးကို တွေ့ရသည်။ ဖြတ်ခနဲ ကြည့်လိုက်သည့် သာမန်အကြည့်တစ်ချက် ဖြစ်သည့်တိုင် ထိုမိန်းကလေး၏ ကိုယ်ပေါ်အရောက် သူ့အကြည့်သည် ခေတ္တမျှ တုန့်ဆိုင်းသွားကြောင်း ကိုယ့်ကိုယ်ကို သတိပြုလိုက်မိသည်။

မျက်တောင်တစ်ခတ်သာသာ အချိန်ကလေးမျှသာ ဖြစ်သော်လည်း သူမ၏ ပုံရိပ်သည် မျက်လုံးထဲတွင် စွဲလျက် ကျန်ခဲ့သည့်လို ခံစားလိုက်ရသည်။

အမေတို့ခေတ်က ခေတ်စားခဲ့သည့် ရွှေကြယ်သီး၊ ငွေကြယ်သီးများ တပ်၍ဝတ်ရသော လက်ပြတ်ရင်ဖုံးအကျႌ၊ သိပ်တောက်တောက်ပြောင်ပြောင်ကြီး မဟုတ်သည့်တိုင် ချိတ်လုံချည်ဟု သိသာလွယ်သော လုံချည်တို့ဖြင့် ဝင်းဝါသော အသားအရည်နှင့် သူမသည် သူ၏ရင်ကို လှုပ်ခနဲတစ်ချက် တုန်ခါသွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ တစ်ကိုယ်လုံး အထူးခြားဆုံးနှင့် သူစိတ်ထားအလှပ်ရှားစေဆုံး အရာကတော့ ပခုံးနှစ်ဘက်ကို ကျော်လျက် ရှေ့သို့ဝဲကျနေသည့် ဆံပင်ရှည်ကြီးများပင် ဖြစ်သည်။

အနည်းငယ်နေးကွေးသွားသည့် ခြေလှမ်းတို့ကို နဂိုအလျင်နှုန်းအတိုင်း ပြန်လှမ်းရင်း အိမ်အတွင်းခန်းသို့ လှမ်းဝင်ရန် ခန်းဆီးကို မလိုက်သည်။

"ကိုနိုင် .......ခဏ"

ကေသီ၏အသံကြောင့် ခေါင်းကိုငဲ့ရင်း "ဘာလဲ"ဟု မေးမိသည်။

"ကိုနိုင်အားတယ် မဟုတ်လားဟင်။ ကေသီတို့ကို အပြင်ခဏလောက် လိုက်ပို့ပေးပါ။ သက်ထားဝေကို လိုက်ပို့ချင်လို့"

သူမနာမည်က သက်ထားဝေဟု သိလိုက်ရသည်။ ရိုးရိုးလေးနှင့် လှသော ထိုအမည်က ရင်ထဲသို့ နက်နက်ရှိုင်းရှိုင်း တိုးဝင်သည်။

"ကေသီနေပါစေဟာ။ တော်ကြာမှ အိမ်ကို ဖုန်းတစ်ခေါက်ထပ်ဆက်ပြီး ခေါ်ခိုင်းလိုက်ပါ့မယ်"

ချို့နွဲ့ညင်သာသော အသံက အားနာခြင်းတို့ဖြင့် ရောပြွန်းရောမှန်း သတိပြုလိုက်မိသည်။





"ရပါတယ်ဟာ လိုက်ပို့ပေးပါ့မယ်။ နင့်အိမ်က ကားအပြင်သွားနေတဲ့ ဥစ္စာ၊ ဘယ်တော့ ပြန်လာမယ့်မှန်းမှ မသိတာ။ ငါ့အစ်ကိုက သဘောကောင်းပါတယ်။ ကိုနိုင်-လိုက်ပို့မယ် မဟုတ်လား"

သူခေါင်းညိတ်ပြလိုက်ရင်း......

"ပို့မယ်လေ။ ခဏနော် ကိုနိုင် အင်္ကျီလဲလိုက်အုံးမယ်"

သူ့စကားအဆုံး အားနာဟန်ဖြင့် ဖြတ်ခနဲ လှမ်းကြည့်လာသည့် သက်ထားဝေ၏ မျက်လုံးရွဲတစ်စုံက သူ့ရင်ကို အခုန်မြန်စေသည်။

အကြည့်တို့ကို အမြန်လွှဲရင်း အိမ်တွင်းခန်းသို့ ဝင်လာမိသည်။ ထမင်းစားခန်းကို ဖြတ်ကျော်လျက် အပေါ်ထပ်သို့တက်သည့် လှေခါးဘေးမှ သူ့အခန်းလေးဆီသို့ ဝင်လာရင်း လွယ်အိတ်ကို စားပွဲပေါ်သို့ တင်လိုက်မိသည်။ ရုံးမှ တစ်နေ့လုံး ပင်ပန်းလာသဖြင့် ရေချိုးလိုက်ချင်သော်လည်း မချိုးဖြစ်တော့။ ကေသီတို့ကို လိုက်ပို့ပြီးအပြန်မှ ချိုးမည်ဟု စိတ်ကူးလိုက်မိသည်။

မောင်နှစ်မတစ်ဝမ်းကွဲပင် ဖြစ်သော်လည်း သူ့အပေါ် အစ်ကိုအရင်း တစ်ယောက်နှယ်၊ ချစ်ခင်သော ကေသီတို့စိတ်မညစ်စေချင်။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးအိမ်တွင် မှီခိုတွယ်ကပ်နေသူ တစ်ယောက်အနေဖြင့် ရုံးအားချိန်တွင် တတ်နိုင်သမျှ ကူညီရမည်ဟု ကိုယ့်ကိုယ်ကို နားလည်သည်။

ငြီးစီစီဖြစ်နေသော်လည်း မျက်နှာမျှပင် မသစ်တော့ပဲ အဝတ်အစားအမြန်လဲရင်း ဧည့်ခန်းဆီသို့ ထွက်လာသည်။

"သွားမလား ကေသီ"

"သွားမယ်လေ......ဪ.... နေဦး မိတ်ဆက်ပေးရဦးမယ်။ သက်ထား...... ဒါကိုယ့် အစ်ကိုလေ။ ကိုရန်နိုင်တဲ့"

တစ်ဝမ်းကွဲအစ်ကိုဟူသော ဝေါဟာရအစား ကေသီက ထုံးစံအတိုင်း အစ်ကိုဟူ၍သာ မိတ်ဆက်ပေး၏။

"ဪ"ဟူသော အသိအမှတ်ပြု ရေရွတ်သံနှင့်အတူ မျက်လုံးလှန်လျက် သက်ထားငေ့ကြည့်၏။

"ကိုနိုင် ဒါက သက်ထားပေတဲ့။ ကေသီနဲ့ တစ်တန်းတည်းပဲ"

"ခေါင်းညိတ်ရင်း သူပြုံးပြလိုက်မိသည်။ ပြီးမှ နည်းနည်းများရိုင်းသွားလေမလားဟု တွေးလိုက်မိသည်။ တကယ်ဆို ယဉ်ကျေးမှုအနေဖြင့် တွေ့ရတာ ဝမ်းသာပါတယ်......ဆိုတာလောက်တော့ ပြန်ပြောလိုက်ဖို့ ကောင်းသည်ဟု တွေးရင်း စကားနည်းသော ကိုယ့်အကျင့်ကို ကိုယ်မကျေမနပ် ဖြစ်လိုက်မိသည်။



BURMESE CLASSIC .com



"ကဲ......သွားကြမယ်"

ကေသီက ဦးဆောင်လျက် အိမ်ထဲမှ ထွက်၏။ အလှပြုဗီရိုပေါ်မှ ကားသော့ကို လှမ်းယူရင်း သူနောက်ဆုံးမှ ထွက်ဖြစ်သည်။ ကေသီနှင့် ယှဉ်လျက် လျှောက်သွားသော သူမ၏ နောက်ကျောကို တစ်ချက် ခိုးကြည့်လိုက်မိသည်။

တင်ပါးကျော်ရုံအထိ ဝဲကျနေသည့် ဆံပင်ရှည်ကြီးများ၏ အဆုံးသို့အရောက် မလုံမလဲနှင့် မျက်နှာကို အမြန်လွှဲလိုက်မိသည်။

"မိန်းကလေးတစ်ယောက် လှ-မလှဆိုတာကို မျက်နှာလေးတင်ကြည့်ပြီး ဆုံးဖြတ်လို့ မရဘူး"

တစ်ခါတုန်းက ပြောခဲ့ဖူးသည့် အောင်ကိုး၏ စကားသံကို ကြားယောင်လိုက်မိသည်။ သည်တုန်းက အောင်ကိုးကို သူနှင့်-အော်လှင်က နှာဘူးဟူ၍ ဝိုင်းချီးမြှင့်နိုင်သည်ဟု တွေးလိုက်မိသည်။

"ကိုနိုင်မြန်မြန်လာလေ"

နောက်ခန်းတွင် ဝင်ထိုင်ရင်း ကေသီ လှမ်းအော်သည်။ ကားထဲသို့ အမြန်ဝင်၍ စက်နှိုးရင်း-

"ဘယ်ကို ပို့ရမလဲ"

ဟု မေးလိုက်မိသည်။ ဝင်ဒါမီယာဟု ကေသီဝင်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ခပ်ဖြည်းဖြည်းပင် ကားကို မောင်းထွက်လိုက်သည်။

ကိုယ်ပိုင်ဆိုင်သော ကားမဟုတ်သည့်အတွက် ဂရုစိုက်၍ မောင်းနှင်နေရသော်လည်း အာရုံသည် ကားမောင်းခြင်း၌ အပြည့်အဝ ဝင်စား၍မရဟု ကိုယ့်ကိုယ်ကို သတိထားမိသည်။

နားသည် နောက်ခန်းသို့သာ အာရုံစူးစိုက်နေမိ၏။ ကျယ်လောင်ကျယ်လောင်နှင့် ဦးဆောင်လျက် ပြောနေသော ကေသီအသံ စူးစူးအကြားမှ တစ်ချက်တစ်ချက်မှသာ ဝင်ပြောသည့် သက်ထားဝေ၏ အသံတိုးတိုးလေးသည် အထူးတလည် အာရုံ မစူးစိုက်ရပါပဲနှင့် နားတွင်းသို့ ညင်သာစွာ စီးဝင်သည်။

ကေသီသူငယ်ချင်း အတော်များများကို ယခုလို လိုက်လံပို့ဆောင်ပေးခဲ့ဖူးသော်လည်း ယခုလို အာရုံတွင် ငြိခြင်းမျိုး မရှိခဲ့ဖူးပေ။

ဤမိန်းကလေးနှင့်ကျမှ ထူးခြားစွာ စိတ်ဝင်စားနေမိသည်က နည်းနည်းတော့ ထူးဆန်းသည်ဟု တွေးလိုက်မိသည်။

ဝင်ဒါမီယာထဲသို့ အရောက် ဘယ်ချိုးညာကွေ့ဟု ကေသီကပင် လမ်းညွှန်ရင်း သက်ထားဝေတို့ ခြံရှေ့သို့ ရောက်သည်။

"ကေသီတို့ အိမ်ပေါ် တက်ဦးနော်"





ကားတံခါးဖွင့်၍ ဆင်းရင်း သက်ထားဝေ ပြောသည်။

"မတက်တော့ဘူး သက်ထား"

ကေသီငြင်းလိုက်သည်။ ကျေးဇူးပဲနော်ဟု သက်ထားဝေ လှမ်းပြောသည်။

"ရပါတယ်ဟာ–သွားမယ်နော်"

ကေသီအသံအဆုံး သူစက်ပြန်နှိုးရင်း ကားဂီယာသွင်းသည်။ ကလပ်လွှတ်၍ မောင်းထွက်အံ့ဆဲဆဲ ဘယ်ဘက်ကား ပြူတင်းဆီမှ အရိပ်တစ်ခုကြောင့် ခေါင်းငုံ့ကြည့်မိသည်။ သက်ထားဝေ။

ခပ်ယဲ့ယဲ့ပြုံးတစ်ခုကို ပြုံးရင်း–

"အစ်ကို ကျေးဇူးပဲနော်"

သူ့ကို ဦးတည်ရည်ညွှန်းလျက် ပြောလာမည်ဟု မျှော်လင့်မထားမိသောကြောင့် ခေတ္တမျှ ဆွံ့အငေးကြောင်သွားမိသည်။

နောက်မှ–အမြန် ဣန္ဒြေဆည်ရင်း–

"ရပါတယ်ဗျာ"

ဟုပြောဖြစ်သည်။ ထို့နောက် ရှင်ခုန်ဖိုလိုက်စွာ ကားကို ခပ်ဖြည်းဖြည်း မောင်းလျက် ထွက်လာမိသည်။

"ကိုနိုင် မှတ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကောက်ခါငင်ခါ မေးလာသည့် ကေသီစကားကြောင့် "ဘာလဲဟ" ဟု ပြန်မေးမိသည်။

"သက်ထားဝေကိုပြောတာ"

"အင်း–ဆိုးတော့ မဆိုးပါဘူး"

ကားဂီယာပြောင်းရင်းမှ ပြန်ဖြေသည်။

"ကိုနိုင်–သဘောကျလား"

သူငယ်ချင်းတစ်ယောက်ယောက်နှင့် မိတ်ဆက်ပေးပြီးတိုင်း–

ကိုနိုင် သဘောကျလား ကေသီအောင်သွယ်ပေးမယ်ဟု ပြောတတ်သည့် ကေသီ့ အကျင့်ကို သိပြီးဖြစ်၍ သူရယ်လိုက်မိသည်။

"နေပါစေ ကေသီရာ–နယ်က အမေတို့ကိုပဲ ဒီကနေ လခ ပို့ရင်း အေးအေးဆေးဆေး ကျေးဇူးဆပ်နေပါရစေဦး"

"ကိုနိုင်ကတော့ ပြောလိုက်ရင် အဲလိုချည်းပဲ။ ဒါနဲ့ပဲ အဘိုးကြီး ဖြစ်သွားဦးမယ်"

ကေသီက မကျေမနပ်ဖြင့် ပြောသည်။ ကေသီကို ဘာမှ ပြန်မပြောဖြစ်ဘဲ ပြုံးနေလိုက်မိသည်။ ကေသီက သက်ထားဝေ၏ အဖေနာမည်ကို ပြောပြသည်။





"သက်ထားက သိပ်အေးတာ။ ကိုနိုင်လိုပဲ တစ်နေ့နေ့လို့ စကားတစ်ခွန်းမပြောဘူး–ကျောင်းမှာဆို သူ့ကို အဘွားကြီးလို့ ဝိုင်းစကြတာ။ ဒါပေမယ့် သူကတော့ ခပ်ပြုံးပြုံးပဲ။ စိတ်လည်း မဆိုးဘူး"

တတွတ်တွတ်ဖြင့် ဆွယ်တရားဟောနေသော ကေသီအပြောကြောင့်ပြုံးရင်း "အေးအေးနေပါရစေဟာ"ဟု ပြောလိုက်မိသည်။

"ကိုနိုင် တကယ် စိတ်မဝင်စားဘူးပေါ့"

ကားဂီယာပြောင်းရင်းမှ "အင်း"ဟု ခပ်တိုးတိုး ဖြေလိုက်မိသည်။

သို့သော် ထိုစကားသည် မှန်ကန်သော စကားကစ်ခုမဟုတ်ဟု ကိုယ့်ကိုယ်ကို သတိပြုလိုက်မိသည်။

ထိုညက သူကောင်းစွာ အိပ်မပျော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟော့ကောင်ကြီး သိပ်ကြိုးစားမနေနဲ့"

ကျက်မိသောအသံတစ်ခုကြောင့် ခေါင်းကို မော့အကြည့် အောင်တိုးနှင့် ဇော်လွင်ကို တွေ့ရသည်။

"ဘယ်ကလှည့်လာကြလဲ"

"ဘယ်ကလှည့်လာလဲ မလုပ်နဲ့၊ ထကွာ–လက်ဖက်ရည် လိုက်တိုက်"

ထုံးစံအတိုင်း အော်ကျယ်အော်ကျယ်နှင့် အားရပါးရ ပြော တတ်သော အောင်တိုး၏ အကျင့်အတိုင်း သူ့ပခုံးကလို ဆွဲထူလျက် ပြောသည်။

"စိုးတိုးလုပ်စမ်းပါ ငနာရ၊ ဦးစီးကြားသွားဦးမယ်"





"တမင်ကြားအောင် ပြောတာပဲ။ ဒါမှ ညှော်သည်တွေလာလို့ လက်ဖက်ရည်လိုက်တိုက်တာလို့ ထင်ပြီး မင်းကို မပွမ်မှာ"

"အားရင်လည်း လိုက်ခဲ့ ရန်နိုင်ရာ"

ဇော်လွင်ကပါ ဝင်ပြောသောကြောင့် လုပ်လက်စအလုပ်ကို ရပ်ရင်း ထိုင်ရာမှထဖြစ်သည်။ ဘေးစားပွဲမှ မအေးဝင်းကို– 'ကျွန်တော် အောက်ခဏဆင်းဦးမယ်၊ ဦးစီးမေးရင် သက်သာဆိုင်မှာ ရှိမယ်လို့ ပြောလိုက်ပါ' ဟု မှာရင်း ရုံးအောက် ဆင်းလာဖြစ်သည်။

သက်သာဆိုင်အဝရောက် လှမ်းဝင်ရန် ပြင်လိုက်သောသူ့ကို အောင်ကိုးက တား၏။

"လက်ဖက်ရည်သောက်မယ်ဆို"

"အေးပါ–သောက်တာပေါ့၊ ဗိုလ်ချုပ်ဈေး အရင်သွားမလို့"

"ဟာ–အဲလောက် အဝေးကြီး ငါလိုက်လို့ မဖြစ်ဘူး။ အလုပ် တွေ တစ်ပုံကြီး"

သူ့စကားကြောင့် အောင်တိုးက ရယ်ရင်း––

"ငါ့မှာလဲ အလုပ်တွေ တစ်ပုံကြီးပါ ရန်နိုင်ရာ။ ဇော်လွင် အကျီ ဝယ်ချင်တယ်ဆိုလို့ မအားတဲ့ကြားထဲက ထလိုက်လာရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်လွင်က--'လာပါကွာ။ လိုက်ခဲ့စမ်းပါ (၃)ယောက်ဆိုတော့ ဈေးဆစ်တဲ့အခါ အင်နဲ့ အားနဲ့ ဝိုင်းဆစ်လို့ရတာပေါ့။ ဈေးထဲရောက်ရင် ငါ လက်ဖက်ရည်တိုက်ပါ့မယ်'ဟု ဝင်ပြောသည်။ တစ်ခါတလေမှသာ လာလည်၍ ဂျိုကျတ္တတ်သည့် သူငယ်ချင်းဖြစ်သောကြောင့် သူ အားနာစွာ ခေါင်းညိတ်လိုက်မိသည်။

"သိပ်တော့ကြာလို့ မဖြစ်ဘူးနော်။ လက်ဖက်ရည်ဆိုင်လို့ ပြောပြီး ထွက်လာတာမို့လို့"

"သိပ်စိတ်မပူစမ်းပါနဲ့ကွာ။ ငါလဲ အိမ်သာသွားဦးမယ်လို့ ပြောပြီး လစ်လာတာပါ"

အောင်တိုးစကားကြောင့် 'ဒါဆို အဖော်ရှိသေးတာပဲ'ဟု ပြောရင်း ရယ်လိုက်မိသည်။

ရုံးရှေ့တွင် ရပ်ထားသော ဇော်လွင့်ကားဆီအရောက် "ရှေ့ခန်းမှာပဲ ထိုင်ကြကွာ"ဟု ဇော်လွင်ပြောသည်။ ပစ်ကပ်ကားလေး ဖြစ်သောကြောင့် ရှေ့ခန်းမှာပင် ကျပ်ကျပ်တည်းတည်းနှင့် (၃) ယောက်လုံး ထိုင်လိုက်ကြသည်။ ဇော်လွင်က ကားကို မောင်းထွက်ရင်း-

"ရန်နိုင်-မင်း ပရိုမိုးရှင်းက ဘယ်လိုလဲ"ဟု မေးသည်။

"ဒီတစ်သက်တော့-ရာထူး တက်ဖို့ မလွယ်တော့ပါဘူးကွာ"





"ဟောဒီကောင်-အောင်တိုး လက်ဖက်ရည်သောက် လာခေါ်တာက ထ-ထလိုက်လွန်းလို့ ရုံးလစ်တယ်ဆိုပြီး နာမည်ဖျက်စာရင်း ဝင်နေတာ"

သူ့စကားကြောင့် ကားကက်ဆက်ကို ကလိနေသော အောင်တိုး က

"အောင်မာ- ငါက မင်း လက်ဖက်ရည်သောက်ရပါစေတော့ ဆိုပြီး ခရီးဝေးဝေးကနေ စေတနာနဲ့ လာလာတိုက်ရတာကိုများ"

အောင်တိုးစကားကြောင့် ဇော်လွင်နှင့် သူ ရယ်လိုက်မိသည်။

တကယ်တော့-အောင်တိုးရုံးနှင့် သူ့ရုံးမှာ လမ်းကြားလေး တစ်လမ်းသာ ခြားသည်။

ဇော်လွင်က မီးနီလွတ်ရန် ကားဂီယာချိန်းရင်း အရှိန်မြှင့်သည်။

ဇော်လွင်ဘက်သို့လှည့်ရင်း "ငဇော်" မင်းကော ပြန်ထွက်ဖို့ မလုပ်သေးဘူးလား"ဟု မေးလိုက်သည်။

"ထွက်တာပေါ့ကွာ။ ရိစတာ စောင့်နေလို့။ အက်စ်အီးစီဒီလိုင်းနဲ့ပဲ ပြန်ထွက်မယ်ကွာ။ ကြားလိုင်းက တအားပင်ပန်းတယ်"

ဟု ညည်းညည်းညူညူပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတုံးကတည်းက တွဲဖြစ်ခဲ့သည့် သူတို့ (၃)ယောက်ထဲတွင် ဇော်လွင်က အချမ်းသာဆုံး ဖြစ်သည်။ ကျောင်းပြီးတော့လည်း သူနှင့် အောင်တိုး လေဘာရုံး၌ တန်းစီနေရသော အချိန်တွင် ဇော်လွင် သင်္ဘောတက်သွားခဲ့သည်။

ငါစိတ်ဝင်စားလို့ မဟုတ်ပါဘူးကွာ။ အဘိုးကြီးက တက်ခိုင်းလို့ တက်ဖြစ်တာပါဟု သည်တုန်းက ဇော်လွင် ပြောခဲ့သည်။

နိုင်းကောင်း မနိုင်းကောင်း မသိသော်လည်း ဇော်လွင်တို့အတွက် အနိုင်းသင့်ဆုံးစကားပုံ တစ်ခုက နတ်ဖို့ဖန် ရေကန်အသင့် ကြာအသင့်ဟူသည့် စကားပုံပင် ဖြစ်မည်ထင်သည်။

"ရန်နိုင်–ကျပ်တန်ပါလား"

ရုတ်တရက် မေးလိုက်သည့် အောင်တိုးအသံကြောင့် အတွေးစတို့ ပြတ်လွင့်၏။ အိတ်ကပ်ထဲသို့ နှိုက်ရင်း ကျပ်တန်နှစ်ရွက်ကို ထုတ်ပေးဖြစ်သည်။

စကော့ဈေးအဝင်တွင် ဂိတ်ကြေးလှမ်းပေးရင်း ဈေးတွင်းသို့ ဖြည်းညင်းစွာ မောင်းဝင်သည်။ ယမုံနာရှေ့အရောက် ကားကို ရပ်လျက် ဆင်းကြသည်။

"လာကွာ–အင်္ကျီဆိုင်အရင် ချီတက်ကြမယ်"





ဇော်လွင်က ပြောပြောဆိုဆိုနှင့် ဦးဆောင်သည်။ သူနှင့် အောင်တိုးတို့ ငေးငေးဖြင့် ဇော်လွင့်နောက်မှ လိုက်ခဲ့ကြသည်။ ဝယ်နေကျ ဖြစ်ဟန်ဟူသော ဆိုင်ရှေ့အရောက် ဇော်လွင်က ရပ်လျက် အင်္ကျီမေးသည်။

နေရာတကာ ဟိုစပ်စပ် ဒီစပ်စပ်ပါတတ်သော အောင်တိုးက ဒီအဆင်ကြီးက ဘယ်လို–ဟိုအဆင်က ဘာ စသဖြင့် ဝင်ပြော၍ အပျက်ကယက် လုပ်နေသေးသည်။

"မင်းလက်ထဲကဟာ ကောင်းတယ်နော် ဇော် အဲဒါပဲယူ"

အချိန်ကြာနေမှာစိုးသဖြင့် ဝင်၍ တိုက်တွန်းစကား ပြောလိုက်ရသည်။ သူပြောသော အဆင်ကို ဇော်လွင် ဝယ်လိုက်သည်။ (၅၄၅)ကျပ်ဟူသော ဈေးကို (၄၇၀)ဖြင့် ရအောင်ဆစ်လျက် ဝယ်ခြင်းဖြစ်သည်။ ထိုဆိုင်မှ ထွက်လာသောအခါ သူမအောင့်နိုင်တော့–။

"ငဇော်ရာ–ရှပ်အင်္ကျီတစ်ထည်ရဲ့ တန်ဖိုးကလည်း ကြောက်ခမန်းလိလိပါလား"

"အမျိုးအစားကောင်းတော့ ဈေးကြီးတာပေါ့ကွာ"

ဟု အောင်တိုး ဝင်ပြောသည်။

"ဘာမျိုးလဲ"

"ငါလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေတော့မှာပဲ-ဟုတ်တိပတ်တိနဲ့ ဝင်ဆရာလုပ်ပြီး မေးတော့ မသိဘူး"

အောင်တိုးကရယ်ရင်း-"ငါသိပါတယ်ကွာ။ တမင်နောက်တာပါ"

"ဟို-ကာဘိုင်သုံးလက် မဟုတ်လား"ဟု ဖော်လွင်ကို တလှဲတချော် လှမ်းမေး၏။

ဖော်လွင်က ရယ်ရင်း "အေး"ဟု ဖြေသည်။

"ငါဆိုရင်တော့-အဲလောက် ဈေးကြီးပေးပြီး ဝယ်မဝတ်ဘူးကွာ။ ကုန်တိုက်က ကော်လံပြတ် ငါးထည်လောက် ဝယ်ပြီး ထည်လဲဝတ်ပစ်လိုက်မယ်"

နမြောတသစွာ သူထပ်ပြောဖြစ်သည်။ ဖော်လွင်က စီးကရက်တစ်လိပ်ထုတ်လျက် မီးညှိရင်း-

"မင်းကတော့ ကော်လံပြတ်ပဲ ဝတ်တဲ့ကောင်ဆိုတော့ ဟုတ်တာပေါ့"

ဟု ပြန်ပြောသည်။

အရှေ့ဘက်တန်းအရောက် ကေကေမှာ ထိုင်ရအောင်ဟု





အောင်တိုးပြောသည်။ ကေကေလက်ဖက်ရည်ဆိုင်တွင် သူတို့ထိုင်ဖြစ်သည်။

ဖော်လွင့်လက်ထဲမှ စီးကရက်ဘူးကို လှမ်းယူရင်း စီးကရက်တစ်လိပ်ထုတ်ခါ ခေါင်းငုံ့လျက် မီးညှိလိုက်၏။

"လှလိုက်တာကွာ"

ရုတ်တရက် ထွက်ပေါ်လာသည့် အောင်တိုး၏ အသံကြောင့် ခေါင်းထောင်လျက် သူကြည့်မိသည်။ အောင်တိုးက "ဟိုမှာ ကားအဝါလေးဘေးမှာ"ဟု ပြောသည်။

ဖော်လွင်နှင့်သူ အောင်တိုး ညွှန်ရာသို့ လိုက်ကြည့်၏။ ဟိုင်းလပ်အဝါတစ်စီးမှ လွဲ၍ ဘာမှ မတွေ့။ ညာဘက်သို့ အကြည့်နည်းနည်း ရွှေ့၏။ သရီးတူးသရီး အဝါ။ ထို့နောက် ညာဘက်။

ရင်သည် လှပ်ခနဲ တစ်ချက်ဖြစ်၏။ အကြည့်တို့က တစ်နေရာတည်း စူးစိုက်ရပ်တန့်သည်။ လွန်ခဲ့သည့် နာရီပေါင်း (၇၀)ကျော်က ခံစားခဲ့ဖူးသော ဝေဒနာဟောင်းတစ်ခုသည် ရုတ်ချည်း ရင်၌ပြန့်၏။

ရင်တစ်ချက်အခုန် မျက်တောင်တစ်ချက် အခတ်၊ စက္ကန့်



www.burmeseclassic.com

www.burmeseclassic.com



မလပ်အောင် သတိတရ ဖြစ်နေခဲ့သော်လည်း တကယ့်တကယ် တွေ့လိုက်ရသောအချိန်တွင် သူစိမ်းတရံစာ တစ်ယောက်ကို မြင်ရသည့်နှယ် နလုံးသားသည် ထူးခြားစွာ ငြိမ်သက်၏။

မှုံးမှေ့မှိန်းမောခြင်းဟူ၍ပင် သတ်မှတ်ရလေမည်လား မသိ။

ဆံမင်ရှည်သော်လည်း ထမိတိုသော။

ရှေးဟောင်းအကျီပုံစံ ခပ်ရိုးရိုးဖြင့် ထူးခြားစွာ ဆန်းသစ်သော။

သက်ထားဝေသည့် သူ့ကို မြင်ဟန်မတူ။ မိန်းကလေး အဖော်တစ်ဦးနှင့်အတူ သူတို့ရှေ့မှဖြတ်လျက် စားသောက်ရုံဘေးမှ လမ်းကြားသို့ ချိုးဝင်သွားသည်။

"လှတယ်ကွာ"ဟူသော အောင်တိုး၏ မှတ်ချက်ချသံနှင့်အတူ၊ "မြင်ဖူးသလိုပဲ"ဟူသော ဇော်လွင်၏ ရေရွတ်သံတို့ကို ကြားရသည်။

သက်ပြင်းရှည်တစ်ချက် ချရင်း စားပွဲပေါ်မှ လက်ဖက်ရည်ကို တစ်ငုံငုံလိုက်သည်။ လက်ဖက်ရည်သည် ထူးခြားစွာ ပေါ့ရွတ်ရွတ် ဖြစ်နေသည်ဟု ထင်လိုက်မိ၏။

ပြည့်စုံကုန်လုံသော အလှတရားတစ်ခုကို သိမြင်ခံစားလိုက်





ခြင်းသည် ကျန်အရာအားလုံးကို ရသကင်းမဲ့ပေါ့ပျက်ပျက် ဖြစ်သွားစေခြင်း ဖြစ်မည်ထင်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"ဟိတ်–ရည်းစားစာ ရေးနေတာလား"

အခန်းထဲသို့ ဝင်လာရင်း လှမ်းအော်လိုက်သော ကေသီ အသံကြောင့် ခေါင်းမော့ကြည့်ရင်း–

"အမေတို့ဆီ ရေးနေတာပါဟာ"

ဟုပြန်ပြောဖြစ်သည်။

ကေသီက စာကြည့်စားပွဲနားတွင် လာရပ်ရင်း–

"ကိုနိုင့်ကို မေးမလို့။ မနက်က ကိုနိုင် ဗိုလ်ချုပ်ဈေးကို ဘာသွားလုပ်လဲ"

လက်ထဲမှ ဘောပင်ကိုချရင်း ကေသီမျက်နှာကို မော့ကြည့်မိသည်။

"ဖော်လွှင်အင်္ကျီ ဝယ်ချင်တယ်ဆိုလို့ အဖော်လိုက်ပေးတာပါ။ နေစမ်းပါဦး၊ ညည်းက ဘယ်လိုလုပ်သိလဲ"





"ဒီလိုပေါ့"

မချိုမချဉ်မျက်နှာဖြင့် ကေသီပြော၏။ ပြီးမှ ရယ်ရင်း–

"သတင်းရလို့ပါ၊ ယုံကြည်စိတ်ချရတဲ့ လူတစ်ယောက်ဆီက သတင်းရလို့၊ ဘယ်သူ့ဆီကလဲ သိလား"

သူ ခေါင်းယမ်းပြလိုက်မိသည်။ ကေသီကပြုံးရင်း "သက်ထားဆီက"ဟု ပြောသည်။

"ဟုတ်လား"

အံ့သြစွာ ရေရွတ်လိုက်မိသည်။

"ကိုနိုင်ရယ် သူငယ်ချင်း (၂)ယောက်ရယ် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာကို သူလှမ်းတွေ့လိုက်တာတဲ့။ နှုတ်ဆက်မလို့ဟာ ကိုနိုင်က ခေါင်းငုံ့ပြီး ဆေးလိပ်မီးညှိနေလို့ သူ့ကို မမြင်ဘူးတဲ့"

နှုတ်ဆက်မလို့ဟုသော စကားကြောင့် ရင်သည် အံ့သြဝမ်းသာစွာ ဖိုလှိုက်သွားသည်။

"ကိုနိုင်ကရော သက်ထားကို မတွေ့ဘူးလား"

"အေးဟာ မတွေ့လိုက်မိဘူး"

မှသားစကားကို ဆိုဖြစ်လိုက်၏။

"အံ့ရော–ကိုယ်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာကိုတောင် မတွေ့ဘူးလား။ တခြားမိန်းကလေးဆိုရင်တော့ ထားပါတော့၊ သိပ်မလှလို့ သတိမထားမိတာလို့ တွေးလို့ရသေးတယ်။ ခုဟာက တကယ့်ဖလား"

စကားပြောလျှင် အမြဲတမ်း ပိုပိုသာသာလေးပြောတတ်သော ကေသီအကျင့်ကို သိပြီးဖြစ်၍ သူပြုံးလိုက်မိသည်။

"ကဲပါ–ဒေါ်ကေသီရယ်၊ ခင်ဗျားသူငယ်ချင်းကို သတိမထားလိုက်မိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်"

"ဒီလို တောင်းပန်လို့ ဘယ်ရမလဲ"

"ဘယ်လို တောင်းပန်ရမလဲ"

"မနက်ဖြန် ကေသီအပြင်သွားမလို့၊ ကိုနိုင်ကားမောင်းပြီး လိုက်ပို့။ ရုံးပိတ်ထားတာပဲ အားတယ်မဟုတ်လား"

ကေသီအပြောကို သဘောကျစွာ ရယ်မောလိုက်မိသည်။

"ဦးနဲ့ ဒေါ်လေး ဘာခိုင်းဦးမလဲ မသိဘူး။ အားရင်တော့ လိုက်ပို့မယ်လေ"

"မခိုင်းပါဘူး။ ခိုင်းစရာရှိလဲ ဦးအောင်ကြီးကို ခိုင်းလိုက်မယ်"

ဖွတ်ပြောလာသည့် ကေသီ့စကားကြောင့် ဒါဆိုလဲ ပို့ပေးပါ့မယ်ဟု ပြောလိုက်မိသည်။





"ကိုနိုင်ကို ဘာလို့ ဒီလောက် လိုက်ပို့ခိုင်းနေရတာလဲ သိလား"

ဆေးပေါ့လိပ်ကို မီးညှိရင်းမှ ကေသီ့ကို မော့ကြည့်လိုက်မိသည်။

ကေသီက မချိုမချဉ်ပြုံးရင်း–––––

"နက်ဖြန်–သက်ထားဝေဆီ သွားမလို့"

သက်ထားဝေဟူသော အမည်က သူ့ရင်ကို လှပ်ခနဲ တုန်ခါသွားစေသည်။ ကေသီကို ငေးကြည့်နေရင်းမှ ပင့်သက်တစ်ချက်ကို ခိုး၍ ရှိုက်လျက်–––––

"ခုမှ သတိရတယ်ဟာ– မနက်ဖြန် ကိုနိုင် အားမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟို–––ဇော်လွင်တို့နဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားမိလို့"

ကောက်ကာငင်ကာ ပြောင်းလဲသွားသည့် သူ့စကားကြောင့် ကေသီက မျက်မှောင်ကြုံ့ရင်း–––––

"ဟယ်––စောစောကပဲ အားတယ်ပြောပြီးတော့ဘယ်လိုဖြစ်သွားပြန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ---ခုမှ သတိရမိလို့"

ဦးခေါင်းကို ငုံ့လျက် သူပြောဖြစ်သည်။

တကယ်တော့ သက်ထားဝေကို သူအလွန်အမင်း တွေ့ချင်နေ သည့်တိုင် မတွေ့သင့်တော့ဟု တွေးလိုက်မိသည်။ မရနိုင်မှန်း သိ နေသော အရာတစ်ခုကို မမျှော်လင့်တာ အကောင်းဆုံးဖြစ်မည်ဟု အသိက သူမအား တွေ့ချင်သည့် ဆန္ဒကို ချေဖျက်၏။

ထပ်တွေ့ရင် ထပ်စွဲလမ်းမိယုံကလွဲလို့ ဘာတစ်ခုမှ အရာထင် လာမှာ မဟုတ်ပါဘူးလေ----ဟု အားငယ်စွာ တွေးမိသည်။

"ကိုနိုင်ကတော့ လုပ်ပြီကွာ"ဟု ကေသီညည်းရင်း ကုလား ထိုင်တွင် ဝင်ထိုင်သည်။

"ကိုနိုင်က တကယ်မပို့ဘူးလား"

"အေးဟာ---ဟိုဘက်မှာလဲ ကိုနိုင် ချိန်းထားမိလို့"

ကေသီက ခေါင်းကို ခါယမ်းရင်း----

"ကိုနိုင် လိုက်မပို့လို့ လုံးဝမဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သက်ထားဝေကိုယ်တိုင်က ကိုနိုင်ကို





အပါခေါ်ခဲ့ပါလို့ မှာလိုက်လို့"

မထင်မှတ်သော စကားက နှလုံးသားကို တုန်ခါသွားစေသည်။

* * *

ဘယ်နှစ်ကြိမ်မြောက်မှန်း မသိသော ပင့်သက်မောတို့ကို ချရင်း ခြင်ထောင်အမိုးဖြူဖြူကို ငေးကြောင်စွာ စိုက်ကြည့်နေမိသည်။

နားထဲမှ သက်ထားဝေကိုယ်တိုင်က ကိုနိုင့်ကို အပါခေါ်ခဲ့ပါလို့ မှာလိုက်လို့ဟူသော စကားသံက ပဲ့တင်ရိုက်ခတ် မြည်ဟန်းနေသည်။

ဘာဖြစ်လို့လဲ---ဘာဖြစ်လို့ ငါ့ကို ခေါ်ခိုင်းရတာလဲ ဟူသည့် သိချင်စိတ်က ရင်၌ ဆူညံစွာ တိုးဝှေ့သည်။

တကယ်ဆို---သူမေးလိုက်ဖို့ ကောင်းသည်။

သက်ထားဝေက ကိုနိုင့်ကို ဘာဖြစ်လို့ ခေါ်တာလဲ ကေသီကို သူမေးကြည့်လိုက်ဖို့ ကောင်းသည်။

သို့သော်-သူ မမေးဖြစ်ခဲ့။

အမြဲတမ်း တွေဝေစွာ မပြတ်သားစွာ ချီတုံချတုံဖြင့် ဒွိဟ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်သော သူ့အကျင့်အတိုင်း မမေးဖြစ်ခဲ့။

မေးခွန်း၏ အဆုံး၌ ထင်ရှားပြတ်သားသော အဖြေတစ်ခု ရှိမည်ဟု သိနေသော်လည်း ထိုအဖြေကို သူရင်မဆိုင်ရဲ။ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ထိုအဖြေစကားသည် ခံစားလွယ်သော နှလုံးသားအတွက် ဝေဒနာဆိုးစရာပင် ဖြစ်လိမ့်မည်ဟု ဝေဝါးစွာ ကောက်ချက်ချဖြစ်သည်။

သက်ပြင်းတစ်ချက်ကိုချရင်း ညာဘက်သို့ စောင်းလိုက်မိသည်။ မျက်လုံးကို စုံမှိတ်လျက် ကြိတ်မှိတ်အိပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက် ချိန်မှာပင် အတွေး၌ သူမ၏ သဏ္ဌာန်က ဖြတ်ခနဲ ပေါ်သည်။

နှင်းဆီဖူးငုံ နှုတ်ခမ်းထူထူ အစုံဖြင့် ယဲ့ယဲ့ပြုံးလျက် အစ်ကို ကျေးဇူးပဲနော်---ဟု မရဲတရဲ ပြောလာသည့် သူမ-----။

ဦးခေါင်းကို ငုံ့လျက် မျက်လွှာချကာ နွဲ့နွဲ့လေး လှမ်းသွား သည့် သူမ-----။

ထိုသို့ ချစ်မြတ်နိုးစွာ အမူအကျင့်များစွာနှင့် သူမ၏သဏ္ဌာန်က အာရုံ၌ လှုံးလွန့်တွယ်ငြိနေသည်။

အိပ်မယ်လို့ ပြင်ပါလျက် အိပ်ရန် ခက်နေသူကို ဒီထက်ပို





ပြီး မနှောင့်ယှက်ချင်ပါနဲ့တော့ မသက်ထားဝေ။"

ကျွန်တော်---ခဏဖြစ်ဖြစ် အိပ်ပါရစေဗျာ---။

အတွေးဖြင့် ရေရွတ်လျက် ဘောင်းပန်လိုက်မိသည်။ သို့သော်- ထိုညက အမှန်တကယ်ပင် သူအိပ်၍ မပျော်။

* * *

## အခန်း (၄)



www.burmeseclassic.com

www.burmeseclassic.com

"ကိုနိုင်–မြန်မြန်လုပ်လေကွာ။ သွားရအောင်"

ညက အိပ်ရေးပျက်သဖြင့် နေအတော်မြင့်မှ အိပ်ရာမှ ထဖြစ်သည်။

အဝတ်တန်းပေါ်မှ မျက်နှာသုတ်ပဝါကိုယူလျက် မျက်နှာသစ်ရန် အခန်းထဲမှ အထွက်မှာပင် ဝတ်စုံပြည့် ဆင်ယင်လျက် အပေါ်ထပ်မှဆင်းလာသော ကေသီက လှမ်း၍ အော်သည်။

"ရေချိုးခန်းဆီသို့ လှမ်းလှလှ ခြေလှမ်းတို့ကို တုံ့ဆိုင်းလျက် ကေသီကို မော့ကြည့်မိသည်။

"ကို–––ကိုနိုင် မလိုက်လို့ မဖြစ်ဘူးလား ကေသီရာ"

သူ့စကားကြောင့် ကေသီက နှုတ်ခမ်းကိုစူရင်း–––





"ဟာ–မဖြစ်ပါဘူးဆို–ကိုနိုင်ကလဲ။ သွားကွာ မြန်မြန် မျက်နှာ သစ်"

ဓွတ်တရွတ်ဖြင့် မရအရ ခိုင်းတတ်သော နွဲ့ဆိုးဆိုးတတ်သည့် ကေသီကြောင့် ရင်မောစွာဖြင့်––

"အေး–အေး" ဟု အမြန်ပြောဖြစ်သည်။

မီးဖိုချောင်ထဲအရောက် ကော်ဖီဖျော်နေသော ဒေါ်လေးက–

–––––

မောင်နိုင် နိုးပြီလားဟု လှမ်းမေး၏။

"ဟိုမှာ ကေသီရယ်လေ၊ မနက်ကတည်းက မင်းကို အပြင် လိုက်ပို့ခိုင်းမလို့တဲ့ ဂျီကျနေလေရဲ့"

"ဟုတ်ကဲ့–ဒေါ်လေး ကျွန်တော် အခု လိုက်ပို့ပေးပါမယ်"

ပြောပြောဆိုဆိုနှင့် ရေချိုးခန်းထဲသို့ ဝင်လျက် မျက်နှာ အမြန်သစ် ဖြစ်သည်။

သူပြန်ထွက်လာတော့ ထမင်းစားပွဲတွင် သတင်းစာ ထိုင်ဖတ် သော ကေသီက မြန်မြန်လုပ်နော်ဟု လှမ်းအော်သည်။

အေးပါဟာ ဟု ပြန်ပြောရင်း အဝတ်အစားလဲဖြစ်သည်။



www.burmeseclassic.com

ဗီရိုထဲမှ သူပိုင်ဆိုင်သည့် ကော်လံပြတ်အဖြူ (၇)ထည်အနက်မှ အတော်အသင့် သစ်လွင်သည်ဟု ထင်သော တစ်ထည်ကို ထုတ်၍ ဝတ်လိုက်သည်။ ပုဆိုးကတော့ ဦးလေး စွန့်ကြဲထားမှုတို့ဖြင့် အတော် ပြည့်စုံသည်။ သင့်ရာအရောင်မှိုင်းမှိုင်းသော လုံချည်ကစ်တည်ကို သူရွေးချယ်လိုက်သည်။

မပြီးသေးဘူးလားဟု ကေသီ လှမ်းအော်နေမည်ကိုးသောကြောင့် ခပ်မြန်မြန်ပင် အဝတ်လဲ၍ အခန်းထဲမှ ထွက်လာမိသည်။

"ဟင်--ဒါပဲလား"

ကေသီက သူ့အဝတ်အစားတို့ကို ကြည့်ရင်းပြောသည်။

"ဒါ့ကြောင့် ကိုနိုင့်ကို စပို့ရှပ်လေး ဘာလေး တစ်ထည် တစ်လေလောက် ဝယ်ထားပါလို့ ကေသီပြောတာ။ ဟော ခုလို ရက်မျိုးဆိုတော့ ဝတ်လို့ရတာပေါ့"

"ဘာလုပ်မှာလဲ ကေသီရာ ရိုးရိုးပဲ ကောင်းပါတယ်"

သူ့စကားကြောင့် ကေသီပြုံးရင်း-

"လိုက်လဲလိုက်ပါတယ်၊ ဟိုကလဲ အဘွားကြီး။ ဒီကလဲ အဘိုးကြီး"

သက်ထားဝေနှင့် သူ့ကို စလိုက်ခြင်းပဲ ဟုသည့်အသိက မျက် နှာကို နွေးခနဲ ဖြစ်သွားစေသည်။ သက်ထားဝေအပေါ် တိုက်တခိုး တွယ်ငြိနေမိသည့် သူ့အဖြစ်ကို ကေသီများ ရိပ်မိနေပြီးလားဟူသော အတွေးဖြင့် မလုံမလဲ ဖြစ်သွားမိသည်။

"ကဲ-ကဲ လစ်ကြမယ်"

သတင်းစာကို စားပွဲသို့ ပစ်ချရင်း ကေသီထိုင်ရာမှ ထသည်။

ဧည့်ခန်းထဲသို့ အရောက် တယ်လီဖုန်း ပြောနေသော ဦးလေးက သူတို့ဘက်သို့ တစ်ချက်လှည့်ကြည့်သည်။ ကေသီက ရှိုးကေ့စ်ပေါ်မှ ကားသော့နှစ်ခုအနက် တစ်ခုကို ယူလိုက်သည်။

"ဖေဖေ-အက်စ်အီး ယူသွားမယ်နော်"

ဟု ဦးလေးကို လှမ်းပြောသည်။ ဦးလေးက ဖုန်းပြောလျက်က ခေါင်းညိတ်ပြသည်။ ကေသီက သူ့ဘက်လှည့်၍ ကားသော့ လှမ်းပေး၏။

သူတို့အိမ်ပေါ်မှ ဆင်းလျက် ကားပေါ်တက်ကြသည်။ ကားစက်နှိုးရင်း--

"သက်ထားဝေအိမ်ကိုလား"

ဟု သူမေးလိုက်သည်။ ကေသီက ကားကက်ဆက်ကို

www.burmeseclassic.com



ဖွင့်ရင်း "အင်း"ဟု ဆိုသည်။ ခြံထဲမှထွက်၍ လမ်းမပေါ်သို့ မောင်းတက်ရင်းမှ ကေသီဘက်သို့ တစ်ချက် ငဲ့ကြည့်မိသည်။ မျက်စိကိုမှိတ်လျက် ကက်ဆက်ထဲမှ ထွက်ပေါ်လာသည့် တေးသွားကို ကေသီ လိုက်၍ ညည်းနေသည်။ မမေးတော့ဟု ရည်ရွယ်လျက်မှ သိချင်စိတ် ပြင်းပြ စွာဖြင့် လွှတ်ခနဲ သူမေးလိုက်မိသည်။

"နေပါဦး-ခု သက်ထားစေတို့အိမ်ကို ဘာသွားလုပ်မှာလဲ"

ကေသီ မျက်လုံးဖွင့်ကြည့်သည်။

"သက်ထားဝေခေါ်ထားလို့၊ ကိုနိုင့်ကိုပါ ခေါ်လာခိုင်းတာ"

"ဘာအတွက်လဲ"

"ဒီနေ့ သူ့မင်္ဂလာပွဲ ရှိတယ်လေ။ သူ့အိမ်မှာပဲ လုပ်မှာ"

"ဘာ"ဟု အံ့သြစွာ ရေရွတ်မိမတတ် ဖြစ်သွားသည့် နှုတ်ကို ကမန်းကတန်း ပိတ်လိုက်ရ၏။ ကေသီက သူ့ကိုကြည့်ရင်း ပြောနေသောကြောင့် ပျက်ယွင်းသွားသည့် မျက်နှာအမူအရာကို အမြန် ပြင်လိုက်ရသည်။

ဘာမှ မထူးခြားသည့် သတင်းတစ်ပုဒ်ကို ကြားလိုက်ရသည့် နှယ် ဣန္ဒြေဆည်ရင်း ကားဂီယာကို ဟန်မပျက် ချိန်းလိုက်သည်။

သို့သော်-နံပါတ်(၄)ဂီယာကို ပြောင်းရမည့်အစား နံပါတ်





(၂)ဂီယာကို အလွဲလွဲအချော်ချော် ပြောင်းလိုက်မိသဖြင့် ကားသည် ဘရိတ်နင်းလိုက်သည့်နှယ် တုံ့ခနဲ ဖြစ်သွားသည်။

"ကိုနိုင် ဘာဖြစ်တာလဲ"

ကေသီက သူ့ဘက်သို့ လှည့်ကြည့်ရင်း မေးသည်။

"ဟို---ကလပ်သိပ်မကောင်းလို့"

ကားအကြောင်း လုံးဝ နားမလည်သော ကေသီ့ကို မဆီမဆိုင် စကားဖြင့် ညာလိုက်မိသည်။ နံပါတ်(၃)ဂီယာကို ပြန်ပြောင်းရင်း ပုံမှန် အရှိန်ဖြစ်သွားသော အချိန်တွင် ကေသီစကား စသည်။

"ကိုနိုင်ကို အစောကြီးထဲက မေးသားပဲ။ သက်ထားကို စိတ် ဝင်စားလားလို့။ စိတ်ဝင်စားရင် ကေသီ အောင်သွယ်ပေးမလို့ ဥစ္စာ"

ကေသီစကားကိုတို့က နှလုံးသားကို ပူလောင်ကျွမ်းမြည့်စွာ ခံစားရစေသည်။

ပင့်သက်တစ်ချက်ကို မသိအောင် ရှူသွင်းရင်းမှ-

"ကိုနိုင်မှ စိတ်မဝင်စားတာပဲ ကေသီရယ်"

ဟု ပုံမှန်အသံအတိုင်းဖြစ်အောင် ထိန်း၍ ပြောလိုက်မိသည်။

စိတ်ဝင်စားလဲ နင့်သူငယ်ချင်းက ကိုနိုင့်ကို ပြန်ကြိုက်မှာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲဟာ ဟူသည့် နောက်ဆက်တွဲစကားကိုတော့ မပြောဖြစ်တော့။

"ကိုနိုင်ကတော့ စံပဲ"

ဟု ကေသီ ညည်းညည်းညူညူ ပြောသည်။ သူဘာမှ ပြန်မပြောဖြစ်။ နှောင်းလွန်းခြင်းဟူသော အသိစိတ်ဖြင့် စိတ်ဓာတ်ကျအားငယ်စွာ နှုတ်ဆိတ်နေမိသည်။

အတန်ကြာမှ ကေသီရယ်ရင်း သူ့ဘက်သို့ လှည့်၏။

"ကေသီအလကားစတာပါ။ ကိုနိုင့်မျက်နှာ ပျက်သွားမလား ဆိုတာ သိချင်လို့ တမင်နောက်ပြောတာ။ ကိုနိုင်က မျက်နှာလဲ မပျက်ဘူး"

ကေသီ့စကားကြောင့် နားမလည်နိုင်စွာ ကေသီဘက်သို့ လှည့်ကြည့်မိသည်။

ကေသီကပြုံးရင်း--

"သက်ထားဝေရဲ့ မင်္ဂလာပွဲဆိုတာက မွေးနေ့မင်္ဂလာပွဲကို ပြောတာ"

"ဟာ---ဒီကောင်မလေး"

ဒီတစ်ခါတော့ သူ့အသံသည် သိပ်ပြီးတော့များ ဝမ်းသာ





အားရ ဖြစ်နေလေမည်လားဟု ကိုယ့်ကိုယ်ကို မသေချာ။

* * *

"ကိုနိုင် ကားထဲကပဲ စောင့်နေမယ်နော်"

"လုပ်ပြီ ကိုနိုင်ကလဲ- လာစမ်းပါ လိုက်ခဲ့စမ်းပါ"

ကေသီက ကားပေါ်မှ မဆင်းသေးဘဲ အတင်းခေါ်သည်။ ခြံထဲတွင် ရပ်ထားကြသည့် များစွာသော ကားတို့ကို ငေးကြည့်ရင်း-

"ကေသီတစ်ယောက်ထဲပဲ သွားပါလားဟာ။ ကိုနိုင် လိုက်ခဲ့ရမှာ ကြောင်တောင်တောင်ကြီး။ ပြီးတော့ မွေးနေ့လက်ဆောင်လည်း ပါဘူး"

"ဟာ- ကိုနိုင်ကလဲ ကေသီကကော ပါလို့လား။ သက်ထားက ကိုယ်တိုင်က ဘာလက်ဆောင်မှ ယူမလာပါနဲ့လို့ မှာထားတဲ့ဟာ"

နှုတ်ခမ်းစူရင်းပြောနေသော ကေသီ့ကိုကြည့်ရင်း ဆက်ငြင်းလျှင် စိတ်ဆိုးတော့မည်ဟု တွေးမိသဖြင့် "ကဲ လိုက်မယ်"ဟု ပြောရင်း ကားပေါ်မှ ဆင်းဖြစ်သည်။

တိုက်ကြီးထဲ ထွက်ပေါ်လာသည့် စကားပြောသံ၊ ရယ်မော



www.burmeseclassic.com

သံတို့က ခြေလှမ်းတို့ကို မဝံ့မရဲ ဖြစ်စေသည်။ တကယ်ဆို- ဝင်ဒါမီယာထဲမှ မွေးနေ့ပွဲတစ်ခုဆီသို့ အကျႌအီးကားကို ကိုယ်တိုင်မောင်းလျက် ညီမဖြစ်သူနှင့်အတူ လိုက်လာသော အစ်ကိုတစ်ယောက်အနေဖြင့် ဘာမှ မဝံ့မရဲဖြစ်စရာမရှိ။

သို့သော်---- ကိုယ့်ဝမ်းနာကိုယ်သာ သိနေသည့်အဖြစ်က သိမ်ငယ်စိတ်ကို ဖြစ်စေသည်။

နယ်မှ လက်လုပ်လက်စား မိဘနှစ်ပါးမှ ပေါက်ဖွားလာသည့် သားမန်ရုံးစာရေး၊ ဆွေမျိုးအိမ်မှာ ကပ်နေရသူ တစ်ယောက်အတွက် စိန်နားကပ်ရောင်ပြင့် ပါးပြောင်နိုင်သော်လည်း ဝမ်းအနာကိုတော့ မကုနိုင်။

"ကိုနိုင် မြန်မြန်လာလေ"

နောက်လှည့်ပြောလာသည့် ကေသီကို ခေါင်းညိတ်ပြရင်း အိမ်ပေါ်သို့ လှမ်းတက်လိုက်သည်။ ဖိနပ်ချွတ်ရှိရာ မြောက်များလှစွာသော အဖိုးတန်ဖိနပ်များ၏ နောက်နားတစ်နေရာတွင် လှည်းဘီးတစ်ပတ်ရစ်ကို မဝံ့မရဲ ချွတ်ရင်း ကေသီနောက်သို့ လိုက်လာမိသည်။

စားပွဲဝိုင်းတစ်ခုဘေးတွင် ထိုင်စကားပြောနေသော





သက်ထားဝေက သူနှင့် ကေသီကို တွေ့သည်နှင့် ထိုင်ရာမှ ထလာသည်။

"နောက်ကျလိုက်တာ ကေသီရယ်"

ကေသီက သူ့ဘက်ကို တစ်ချက် ဝေ့ကြည့်ရင်း-

"အေးကွာ-ငါအိပ်ပုတ်ကြီးနေလို့"

ကေသီစကားက သူ့အိပ်ရာထနောက်ကျခြင်းကို စောင်းပြောလိုက်ခြင်းဟု သိလိုက်သည်။

ထုံးစံအတိုင်း ရှေးခေတ် အဝတ်အစားများနှင့် သက်ထားဝေက သူ့ကို တစ်ချက် ဝေ့ကြည့်၍ ယဲ့ယဲ့ပြုံးရင်း-

"ကိုရန်နိုင်လဲ ပါလာတာပဲ"

ဟု ခုမှ တွေ့သည့်နယ် နှုတ်ဆက်စကားဆိုရင်း-လာလာ-ဟိုဘက်ဝိုင်း သွားမယ်ဟု ပြောလျက် ဦးဆောင်ခေါ်သည်။ အခြားသူများ ထိုင်မနေသည့် ချောင်ကျကျ စားပွဲတစ်ခု ဖြစ်သောကြောင့် သူ အသက်ရှူချောင်သွားသည်။

"ကေသီတို့ ခဏထိုင်ဦးနော်၊ မုန့်ပွဲဖြင်ခိုင်းလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် သက်ထားဝေ ထွက်သွား၏။ မကြည့်မိစေနဲ့ဟု ကိုယ့်ကိုယ်ကို သတိပေးနေသည့်ကြားမှ လှပခြင်း မှုံသမျှကို

www.burmeseclassic.com



သာယာသော မျက်လုံးများက သူမနောက်သို့ ခေတ္တ လိုက်သွားသေးသည်။

"ဗိတ်ဖောက်ဓာတော့ သွားပါပြီ"

ရုတ်တရက်ထွက်ပေါ်လာသော ကေသီစကားကြောင့် သူ ခိုးကြည့်လိုက်မိသည်ကိုများ စောင်းပြောလေသလားဟု တွေးရင်း ရှက်သွားမိသေးသည်။

"ကြည့်စမ်းပါဦး။ ပိတ်စအကောင်းစားကြီးကို ချုပ်ထားတဲ့ပုံက ဟိုးပဝေသဏီကပုံကြီး"

သည်တော့မှ သက်ထားဝေ၏ အင်္ကျီကို မပဖန့်ခြင်းဟု သိလိုက်သည်။ ခရမ်းရောင်ဖာတစ်မျိုးကို ကော်လံအထောင် လက်အထောင်နှင့် ရင်ဖုံးအင်္ကျီပုံစံချုပ်လျက် ဝတ်ထားခြင်းဖြစ်သည်။ ပြီးတော့ ငွေကြယ်သီးအကြီးကြီးများကိုလည်း တပ်ထားသေးသည်။ လုံချည်ကတော့ ခရမ်းရောင်ပင် ဖြစ်သော်လည်း ဘာလုံချည်မှန်းမသိ။

"ကောင်းပါတယ်-ရှိုးရှိုးလေးပေါ့"

သူ့စကားကြောင့် ကေသီက ပြုံးစိစိဖြင့် ကြည့်ရင်း--

"တကယ်နော် သက်ထားပြန်လာမှ ပြောပြဦးမယ်"

"ဟာ-သွားမပြောနဲ့၊ ကေသီနော် ကိုနိုင် ထပြန်မှာ"





ပျာပျာသလဲ တားလိုက်မိ၏။

"ကိုနိုင်ကလဲ လူပျိုကြီးလို့ မပြောရဘူး။ ရှက်တတ်လိုက်တာ"

ကေသီ့စကားအဆုံးမှာပင် သက်ထားဝေ ပြန်ရောက်လာသည်။ မုန့်ပန်းကန်များကို သူကိုယ်တိုင် သယ်လာခြင်း ဖြစ်သည်။ ကေသီက ထိုင်ရာမှ ထရင်း လှမ်းယူသည်။

"အုန်းနို့ခေါက်ဆွဲပဲလားဟ"

"ပြီးရင် အချိုပွဲလာပါမယ်ဟာ---စားပါ"

ကေသီက မုန့်ပန်းကန်တစ်ခုကို သူ့ဘက်သို့ တိုးပေး၏။

"ကိုရန်နိုင် သုံးဆောင်ပါနော်"

သက်ထားဝေက ကေသီဘေးတွင် ထိုင်ရင်း သူ့ဘက်သို့ ...မ်းပြောသည်။

"ဟုတ်ကဲ့"

သူပြောရင်း ခေါင်းငုံ့ကာ ခေါက်ဆွဲဖက်များကို ဇွန်းဖြင့် ...နေသည်။ ကေသီက ခေါက်ဆွဲတစ်ဇွန်းကို စားရင်း--

"သက်ထား နင့်အင်္ကျီပုံကောင်းလို့တဲ့။ ခုန ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကေသီစကားကြောင့် မျက်နှာတစ်ခုလုံး နွေးခနဲ ဖြစ်သွားသည်။

ခေါင်းကိုငုံ့လျက် ထိုင်နေရာမှ ဟန့်တားသော အကြည့်နှင့် ကေသီကို တစ်ချက် မော့ကြည့်မိသည်။

"ဘယ်သူ့ကလဲ"

သက်ထားအမေးကို ကေသီ ချက်ချင်းမဖြေဘဲ တမင်ဟန်လုပ်လျက် ချောင်းတစ်ချက် ဟန့်သည်။ ပြီးမှ-

"ဟိုဒင်း-ဟိုဘက်ပိုင်းက မိန်းမတစ်ယောက် စောစောက ပြောနေတာ ကြားလို့ပါ"

လျှောချသွားသည့် ကေသီစကား အဆုံး သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ခေါင်းကိုငုံ့လျက် ခေါက်ဆွဲတစ်ဖွန်းကို စားရင်း သက်ထားဝေဘက်သို့ အကြည့်ရောက်မိသည်။ ခေါင်းကို ငုံ့လျက် မျက်လုံးလှန်ကြည့်သောကြောင့် အပေါ်ပိုင်းကို မမြင်၊ စားပွဲစွန်းတွင် တင်ထားသည့် သက်ထားဝေ၏ ဆင်စွယ်ရောင် လက်ချောင်းလေး များကိုသာ တွေ့ရသည်။





ရွှေရောင်လက်နေသည့် မွေးညင်းစိမ်းကလေးများက ရင်ဖို စရာကောင်းလှသည်။ ချွန်မြနေသည့် လက်သည်းရှည်လေးများက စားပွဲခင်းကို ဖြည်းဖြည်းလေး ကုတ်ခြစ်နေသည်။ လက်သည်းဆိုးဆေး အရောင်ကလည်း ခရမ်းရောင်ပဲဟု သတိပြုမိသည်။

"ကိုရန်နိုင်"

ရုတ်တရက်ခေါ်လိုက်သည့် သက်ထားဝေအသံကြောင့် နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ပြုတ်ကျသွားသည့်နှယ် ရင်သည် အေးခနဲ ဖြစ်သွားသည်။

တိတ်တခိုးအကြည့်တို့ကို သူမ ရိပ်မိသွားလေပြီလား ဟူသော အတွေးဖြင့် ရုတ်တရက် ခေါင်းမဖော်ရဲသေး။ "ဟုတ်ကဲ့"ဟု တုန်ယင်စွာ အရင်ထူးဖြစ်၏။ ပြီးမှ ဖြည်းညင်းစွာ ခေါင်းမော့လျက် သက်ထားဝေကို--

သက်ထားဝေက ခရမ်းရောင်လွှမ်းနေသော မနိုတရီ အပြုံး တစ်ခုကို ပြုံးရင်း သူ့ကို စိုက်ကြည့်နေသည်။

ရွှန်းလဲ့နေသော မျက်လုံးတစ်စုံ၏ အကြည့်ကြောင့် ခြေဖျား လက်ဖျားတို့ ရေခဲတမျှ အေးစက်သွားကြသည်။

"ကိုရန်နိုင့်ရုံးက ဘယ်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မသက်ဆိုင်သော မေးခွန်းကြောင့် သက်ပြင်းမောတစ်ခုကို ကမန်းကတန်းချရင်း သူ့ရုံးလိပ်စာကို ပြောပြလိုက်မိသည်။

"ဩော်"ဟု ရေရွတ်ရင်း အမှတ်အသား ပြုဟန်ဖြင့်-- သက်ထားဝေ ခေါင်းညိတ်သည်။ ယခုတိုင် ဖိုလိုက်အေးစက်နေသော ရင်အစုံနှင့်အတူ သက်ထားဝေကို တစ်ချက် ကြည့်မိသည်။

သက်ထားဝေ၏ မျက်လုံးများက သူ့ကိုယ်မှာ မရှိတော့။ သူမ၏ လက်သည်းချွန်ချွန်များကိုသာ ပြုံလျက် စူးစိုက်ကြည့်နေသည်။

သို့သော်- ခရမ်းရောင်နုတ်ခမ်းအစုံ၌မူ မခိုတရိ အပြုံးတစ်ခုက ထင်ဟပ်နေဆဲပင် ဖြစ်သည်။

ရင်သည် ဒုတိယအကြိမ် အေးခနဲ ဖြစ်သွားရပြန်သည်။

* * *

"ကိုနိုင် မယုံဘူးလား"

မကျေမနပ်နှင့် မေးလာသော ကေသီ့အမေးကို ဘာမှ အဖြေမပေးဘဲ သူပြုံးလိုက်မိသည်။

"သူက စမေးတာ။ နင့်အစ်ကိုက နင်နဲ့မတူဘူးနော်တဲ့"





ကျော်တက်ရန် ဟွန်းပေးလျက် လမ်းတောင်းနေသည့် နောက်ကားတစ်စီးကြောင့် စတီယာရင်ကို ညာဘက်သို့ဆွဲလျက် လမ်းဘေးသို့ ကပ်ပေးလိုက်မိ၏။ ပြီးမှ-ကေသီဘက်တစ်ချက် လှည့်ကြည့်ရင်း-

"မေးမှာပေါ့-ကိုနိုင်က ကေသီတို့ထက် ရုပ်ဆိုးတာကိုး"

"အဲဒါပြောတာ မဟုတ်ဘူး။ သူဆိုလိုတာက ကိုနိုင်က စကားနည်းတယ်တဲ့။ ပြီးတော့ အေးလည်း အေးတာပဲတဲ့။ ဒါ သက်ထားဝေရဲ့ စကားအတိုင်း ပြန်ပြောတာနော်"

ကေသီစကားတို့ကို သဘောတူထောက်ခံခြင်း၊ မှတ်ချက်ချခြင်း တစ်စုံတစ်ရာမပြု။ ငြိမ်သက်စွာ နားထောင်နေမိသည်။ သို့သော်- ရင်တွင်း၌မူ မီးတောင်ပေါင်းများစွာ ဆက်တိုက်ပေါက်ကွဲနေသည့်နှယ် ဝုန်းဒိုင်းကြဲလျက် ရှိသည်။

စတင်တွေ့ဆုံရသောနေ့နှင့် သက်ထားဝေ၏ မွေးနေ့ပွဲနေ့၊ ...ရက်သာ မျက်နှာချင်းဆိုင်လျက် စကားအနည်းငယ် ပြောဆိုခဲ့...သော်လည်း သက်ထားဝေသည် သူ့စရိုက်ကို အတော်အသင့် ...ပ်စွာ ခန့်မှန်းနိုင်ခဲ့ပါလားဟု အံ့ဩခြင်းကြီးစွာ ဖြစ်ရသည်။

"ကိုနိုင်နဲ့ ကေသီမောင်နှမအရင်း မဟုတ်ဘူးဆိုတာ ရော ...ပြောမပြလိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မီးနီမိ၍ မီးပွိုင့်တွင် ရပ်ထားရင်းမှ သူမေးလိုက်မိသည်။

"ပြောပြလိုက်ပါတယ်။ ကိုနိုင့်အမေနဲ့ ကေသီအမေက ညီအစ်မအရင်းတော်တဲ့ အကြောင်း (၁၀)တန်းအောင်ကတည်းက ကိုနိုင် ကေသီတို့အိမ်မှာ လာနေရင်း ကျောင်းတက်တဲ့အကြောင်း၊ ကျောင်းပြီးတော့ ရန်ကုန်မှာပဲ အလုပ်ဝင်တဲ့အကြောင်း၊ ပြီးတော့–သဘောကောင်းကြောင်း"

"ဒီလောက်ဆိုလဲ တော်တော်ပြည့်စုံနေပါပြီ ကေသီရယ်"

ပြောရင်းမှ သူရယ်လိုက်မိသည်။

ထို့နောက် နှစ်ယောက်စလုံး အတန်ကြာ နှုတ်ဆိတ်နေမိသည်။ မျက်လုံးထဲတွင် နင်နဲ့ ကိုနိုင်က မောင်နှမအရင်းလား၊ နင်နဲ့လဲ မတူဘူးနော်။ ––ဟု စကားစရင်း သူ့အကြောင်းများ မေးမြန်းလာသည်ဆိုသော သက်ထားဝေ၏ ပုံရိပ်က လှပစွာ လူးလွန့်နေသည်။

အတန်ကြာမှ ကေသီက ချောင်းဟန့်ရင်း––

"ကေသီထင်တာကတော့––"

ဟု စကားစချီသည်။





သူ ကေသီဘက်သို့ လှည့်မကြည့်မိ။ "ဘာလဲ"ဟူ၍လဲ စကားထောက်မပေးဖြစ်။ ရှေ့လမ်းမ တစ်လျှောက်ကိုသာ ကြည့်ရင်းကားကို ဂရုတစိုက် မောင်းနေမိသည်။ သို့သော်– နားကမူ ကေသီ ဆက်ပြောလာမည့် စကားတို့ကို ဂရုတစိုက် နားစွင့်နေမိသည်။

ကေသီက စကားကို မဆက်သေးဘဲ အတန်ကြာ တွေဆိုင်းလျက် သူ့မျက်နှာကို စူးစိုက်ကြည့်နေသည်။

ပြီးတော့မှ လေသံခပ်တိုးတိုးဖြင့်––

"သက်ထားဝေ–ကိုနိုင့်ကို စိတ်ဝင်စားနေပြီ ထင်တယ်"

နှလုံးသားသည် အရှိန်အဟုန်ကြီးမားသော အင်အားတစ်ခုဖြင့် ဆိုက်ပုတ်ခြင်းခံလိုက်ရသည့်နှယ် သိပ်တုန်၏။ "မဖြစ်နိုင်ပါဘူး" ဟူသည့်စကားကို ကယောင်ကတမ်းဖြင့် ချက်ချင်း ပြန်လည် မပြောနိုင်လောက်အောင်ပင် အံ့သြငေးကြောင်စွာ မှင်သက်သွားမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"လူများတယ်ကွာ။ ရိုးရိုးလှေကားကပဲ ဆင်းရအောင်"

ဓာတ်လှေကားတံခါးဝတွင် စုပြုံနေသော လူများကို တစ်ချက်ငေ့ကြည့်ရင်း အောင်တိုးဘက်သို့ လှည့်ကာ ပြောဖြစ်သည်။

"စောင့်လိုက်ပါလား။ နောက်တစ်ခေါက်ဆိုရင် စီးလို့ရပါပြီ။ သိပ်မကြာပါဘူး"

ဆေးပေါ့လိပ်ကို မီးညှိရင်း အောင်တိုး ပြန်ပြောသည်။ ဓာတ်လှေကားနားသို့ လျှောက်လာရင်း ရပ်နေလိုက်ကြသည်။ ဒီနေ့ မင်းတိုက်ရမယ်နော်ဟု အောင်တိုးလှမ်းပြောသည်။ သူခေါင်းညိတ်ပြလိုက်မိသည်။





ဓာတ်လှေကားတံခါး ပွင့်လာသည်။ ထွက်လာသူများ အကြားမှ သူနှင့်တစ်ဆက်ကျင်ထဲတွင် တာဝန်ကျသော အသိတစ်ယောက် လှမ်းပြုံးပြရင်း--

"အွန်ဂျူတီလား"ဟု လှမ်းမေးသည်။

"မဟုတ်ဘူး၊ လက်ဖက်ရည် ဆင်းသောက်မလို့"

သူ့အဖြေစကားကြောင့် ထိုလူကရယ်ရင်း ဒါလဲ ဂျူတီ၊ ဂျူတီတစ်ခုပဲပေါ့-ဟု ပြန်ပြောပြီး ထွက်သွားသည်။ ဓာတ်လှေကားတွင်းသို့ လှမ်းရန်ပြင်သော သူ့ကို အောင်တိုးက တားသည်။

"နောက်တစ်ခေါက်မှ လိုက်မယ်ကွာ။ အေးအေးဆေးဆေးပေါ့"

အောင်တိုးစကားကြောင့် ခေါင်းညိတ်ရင်း ထပ်စောင့်နေလိုက်ပြန်သည်။ အောင်တိုးကတော့ ထုံးစံအတိုင်း ဦးခေါင်းကို ဟိုလှည့်ဒီလှည့်နှင့် ဖြတ်လျှောက်သွားကြသော ရုံးစာရေးမလေးများကို အလုသတောသန လုပ်နေသည်။

တအောင့်ကြာတော့ ဓာတ်လှေကား ပြန်တက်လာသည်။ လာကောင် ဝင်ကြမယ်ဟု အောင်တိုးကို ပြောရင်း ထံခါးပွင့်လာသည်။ ဓာတ်လှေကားအတွင်းသို့ အကြည့်တစ်ချက် ငေ့ကြည့်မိသည်။ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်မှာပင် ခါတ်လှေကားအတွင်းမှ ထွက်လာသော မိန်းကလေး နှစ်ယောက်ကို ဦးစွာ သတိပြုလိုက်မိသည်။

လွယ်အိတ်ကိုယ်စီနှင့် မှကျောင်းသူအရွယ် မိန်းကလေး နှစ်ယောက်ကို တွေ့မြင်လိုက်ရသည့် ကိစ္စတစ်ခုသည် ထူးခြားဆန်း ကြယ်သောကိစ္စတစ်ခု မဟုတ်သည့်တိုင် ထိုနှစ်ယောက်အနက် တစ် ယောက်သော မိန်းကလေးမှာ သက်ထားဝေ ဖြစ်နေသည်ကတော့ သာမန် လစ်လျူရှုလိုက်သည့် ကိစ္စတစ်ခုမဟုတ်။

နီညိုရောင် ကျိုင်းတုံမွေးပွ လွယ်အိတ်ကို ရင်ဝယ်ပိုက်လျက် ခေါင်းငုံ့ကာ လှမ်းထွက်လာသည့် မိန်းကလေးတစ်ဦးကို မြင်လိုက် ရခြင်းနှင့် သူ၏ ဘယ်ဘက်ရင်အုံအောက်မှ အရာဝတ္ထုတစ်ခု၏ လှုပ်ရှားမှုတို့သည် မည်သို့ ဆက်စပ်လေသည်မသိ။

သက်ထားကိုအတွေ့၊ သူ၏ ရင်ခုန်နှုန်းမှာ တစ်မိနစ်လျှင် အကြိမ်ရာပေါင်းများစွာ ရှိလိမ့်မည်ဟု ကိုယ့်ကိုယ်ကို သိ၏။

ခရမ်းရောင်လွှမ်းသော သက်ထားဝေ၏ မခို့တရို့အပြုံးတစ်ခု ကို ရင်ဆိုင်ခဲ့ရသည့် သူမ၏ မွေးနေ့ပွဲ ပြီးကတည်းက သက်ထား ဝေနှင့် သူမ မတွေ့ဖြစ်ခဲ့။ မှတ်မှတ်ရရ တစ်ပတ်ကျော်ကျော်မျှပင် ရှိခဲ့ပြီ။ သည်ရက်တိုင်းအတွင်း ကိုနိုင့်အကြောင်း မေးတယ်၊





စိတ်ဝင်စားနေပြီ ထင်တယ်ဟူသော ကေသီ၏ မှတ်ချက်ချစကား တို့ကို မျက်နှာပူစွာ ကြားခဲ့ရပြီးသည့်နေ့မှစ၍ သက်ထားဝေနှင့် ထပ်မံတွေ့ရန် သူမဝံ့မရဲ ဖြစ်နေမိသည်။

ကေသီစကားတို့ကို သူ့အယုံအကြည်မရှိသည့်တိုင် သက်ထား ဝေကို ရင်ဆိုင်ရန် တွန့်ဆုတ်နေမိသည်ကတော့ အမှန်ပင် ဖြစ်သည်။

“ဟော့ကောင်-ဝင်မယ်လေ”

ပြောပြောဆိုဆိုနှင့် အောင်တိုးက သူ့လက်မောင်းကိုဆွဲ၍ ခါတ်လှေကားသို့ ဦးတည်၏။

ထိုအချိန်မှာပင် သက်ထားဝေ သူ့ကို မြင်သွားသည်။ ဖြတ်ခနဲ ပွင့်အာလာသည့် ရင်ခုန်ဖွယ်ရာ အပြုံးတစ်ပွင့်က ခြေလှမ်းတို့ကို မျက်ယွင်းမတတ် ဖြစ်စေသည်။

“ကြည့်စမ်း-ကံကောင်းလိုက်တာ”

မည်သည့်ကိစ္စကို ရည်ညွှန်းမှန်းမသိရသော ရေရွတ်စကား နှင့်အတူ သူနှင့် အောင်တိုးဘက်သို့ မျက်နှာမူလျက် သက်ထားဝေ ရပ်၏။ သူမ၏ အဖော်မိန်းကလေးက သူမကဲ့သို့ပင် ငေးကြောင်စွာ သိုက်၍ ရပ်သည်။

“ဘယ်လာကြတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



သာမန်အသိတစ်ယောက်ကို နှုတ်ဆက်သည့် ပုံစံမျိုးဖြစ်အောင် ကြိုးစားရင်း သူမေးလိုက်မိသည်။ သက်ထားဝေက မပွင့်တပွင့်ပြုံးရင်း–

"ကိုရန်နိုင့်ဆီလာတာ။ အောက်ထပ်မှာ မေးကြည့်တော့ ကိုရန်နိုင်တို့ ဌာနက ဒီအထပ်မှာဆိုလို့ တက်လာတာ"

သက်ထားဝေနှင့်တွေ့တိုင်း ထိတ်လန့်တကြားနှင့် အံ့အားတသင့်ဖြစ်ဖြစ် သွားတတ်သည့် ကိုယ့်ကိုယ်ကို အပြစ်မတင်ချင်တော့။ သက်ထားဝေသည် အံ့ဩဖွယ်ရာ ကိစ္စများစွာကို လုပ်တတ်သူပဲဟု အံ့ဩစွာဂရုပြုလိုက်မိသည်။

"ခင်ဗျားတို့နှစ်ယောက်က တော်တော် ကံကောင်းဟာပဲ"

"ခုပဲ ကျွန်တော်ရယ်၊ ရန်နိုင်ရယ် လက်ဖက်ရည် ဆင်းသောက်ကြမလို့။ နောက်ထပ် တစ်မိနစ်လောက်ကြာမှ ရောက်လာမယ်ဆိုရင် ကျွန်တော်တို့ကို တွေ့ရတော့မှာ မဟုတ်ဘူး"

အောင်တိုးက ထုံးစံအတိုင်း ခုမှတွေ့ဖူးသည့် သူစိမ်းမိန်းကလေးနှစ်ယောက်ကို ငယ်ပေါင်းကြီးဖော်များသဖွယ် အော်ကျယ်အော်ကျယ်နှင့် ဝင်၍ ရောသည်။ သက်ထားဝေ၏ အဖော် မိန်းကလေးက သဘောမကျဟန်နှင့် မျက်မှောင်ကျုံ့လျက် အောင်တိုးကိုကြည့်။ အောင်တိုး ပါးစပ်ပိတ်သွားသည်။





"ဟုတ်လား–တော်သေးတာပေါ့"

သက်ထားဝေက အလိုက်အထိုက် ပြန်ပြောရင်း သူ့ဘက်သို့ လှည့်ကာ တစ်ဆက်တည်း–

"ကိုရန်နိုင် အားလားမသိဘူး၊ သက်ထားဝေတို့ ကိုရန်နိုင့်ကို အကူအညီတစ်ခုလောက် တောင်းချင်လို့"

အကူအညီဟူသော စကားကြောင့် အားပါတယ်ဟု ပြန်ဖြေလိုက်သည်။

"ဟိုလေ–သက်ထားတို့ (အိတ်ဂျိပ်)ဖောင်လာတင်တာ။ ဘယ်မှာ တင်ရမယ်မှန်းမသိတာနဲ့။ အဲဒါ––"

"ရပါတယ်၊ ဒီအောက်ထပ်တင်ပဲ။ ကျွန်တော် လိုက်တင်ပေးပါမယ်"

သူ့အဖြေစကားကြောင့် သက်ထားဝေ၏ မျက်လုံးများ အရောင်တစ်ချက် လက်သွားသည်ဟု ထင်လိုက်မိသည်။ ကျေးဇူးပဲဟု မပွင့်တပွင့် စကားကို သူမဆိုသည်။

အောင်တိုးဘက် လှည့်လိုက်စဉ်မှာပင် အောင်တိုးက––

"မင်းလိုက်တင်ပေးလိုက်လေ။ ငါရုံး ခဏပြန်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် သက်ထားဝေတို့ဘက်လှည့်ကာ သွားမယ်နော်ဟု ပြောရင်း အောင်တိုးခတ်လှေကားဆီသို့ အပြေး ဝင်သွားသည်။

"လှာ မသက်ထားဝေ၊ ဒီအောက်ထပ်တင် လှေကားက ဆင်းရအောင်"

သူက ဦးဆောင်လျက် ရိုးရိုးလှေကားမှ တစ်ထစ်ချင်း ဆင်းဖြစ်သည်။ သက်ထားဝေက မိတ်ဆက်ပေးရဦးမယ်ဟု အစချီရင်း သူမနှင့် ပါလာသော အဖော်မိန်းကလေးဖြင့် မိတ်ဆက်ပေးသည်။ သူမနှင့် တစ်တန်းတည်း တက်နေသော ထွေးထွေးဟု သိရသည်။

ဖောင်တင်သည့်နေရာရောက်တော့ လူတော်တော်များနေသဖြင့် သူကပင် ပေး ကျွန်တော် တင်ပေးမယ်ဟု ပြောရင်း ဖောင်များကို ယူ၍ ထပ်ပေးလိုက်သည်။ လက်ခံသူဝန်ထမ်းက ဖောင်များကို စစ်ပြီးသည်အထိ ခေတ္တစောင့်နေရသေးသည်။

"ကျေးဇူးပဲ၊ ကိုရန်နိုင်လိုက်ကူညီပေးလို့ အဆင်ပြေတာ နို့မို့ဆို သက်ထားတို့နှစ်ယောက်ထဲ ယောင်လည်လည်ဖြစ်နေအုံးမှာ ဖောင်လာဝယ်တုန်ကလည်း ကိုယ်တိုင်လာဝယ်တာ မဟုတ်တော့ ဘယ်မှာ တင်ရမယ်မှန်း မသိဘူးလေ"





ဖောင်တင်ပြီး ထွက်လာသောအချိန်တွင် သက်ထားဝေ ကျေးဇူးတင်စကားကို ဆိုသည်။

"ရပါတယ်ဗျာ"ဟု ပြန်ပြောဖြစ်သည်။

ထွေးထွေးက--

"နင်ကလဲ ကျေးဇူးတင်တယ် ပြောရုံနဲ့ ဘယ်ဖြစ်မလဲ။ အအေးလေးဘာလေး တိုက်အုံးမှပေါ့"

ဟု ပြုံးစစဖြင့် ဝင်ပြောသည်။ သက်ထားဝေက သဘာဝ ...န်ဖြင့် "ဟုတ်သားပဲ"ဟု ဆိုသည်။

"အအေးမသောက်လဲ လက်ဖက်ရည်ဖြစ်ဖြစ်တော့ သောက် ...။ ခုန ကိုရန်နိုင်သူငယ်ချင်းပြောတာ ကြားလိုက်ပါတယ်။ လက် ...က်ရည် ဆင်းသောက်ကြမလို့ဆို။ သက်ထား တိုက်ပါ့မယ်"

သူ့ဘက်သို့ စောင်းငဲ့ကြည့်လျက် သက်ထားဝေပြောသည်။ ...က်ဝန်းနက်ကို ထောင့်ကပ်လျက် ကြည့်လာသော ရွှန်းလဲ့သည့် ...ကြည့်တစ်ချက်ကြောင့် ငြင်းဆန်ရန် အားလျော့၏။

မသောက်ပါရစေနဲ့ဗျာ။ မသောက်ချင်လို့ဝါ။ အလုပ်လေးတွေ ...သေးလို့။ အချိန်မရဘူး"

ငြင်းမယ်ဆိုရင် ငြင်းဆန်ရန် စကားများစွာ ရှိပါလျက်--



www.burmeseclassic.com

www.burmeseclassic.com



အငြင်းဝါကျပဟူသမျှကို ဦးနှောက်က သတိလက်လွတ်စွာ မေ့လျော့နေလေသည်။ ဦးခေါင်းကို ခပ်ဖြည်းဖြည်းညိတ်ရင်း "ကျွန်တော်ပဲ တိုက်ပါရစေ"ဟု ပြောဖြစ်သည်။

"မဟုတ်တာဘဲ" လိုက်လဲကူညီရသေးတယ်။ လက်ဖက်ရည်လဲ တိုက်ရသေးတယ်ဆိုတော့ ပြောစရာ ဖြစ်နေပါ့မယ်"

ထွေးထွေးက ရယ်လျက် ဝင်ပြော၏။ သက်ထားဝေကပါ "ဟုတ်တယ်"ဟူသော ထောက်ခံစကား ဆိုသည်။

သူဘာမှ ပြန်မပြောတော့ဘဲ ငြိမ်နေလိုက်မိသည်။ ရုံးအောက် သက်သာဆိုင်ရောက်တော့ ဆိုင်ထဲကိုကစ်ချက် ဝေ့ကြည့်ရင်း "လူရှုပ်ကယ် အပြင်မှာပဲ ထိုင်ကြမလား"ဟု သူမေးလိုက်မိသည်။ ထွေးထွေးက ကောင်းတာပဲဟု ဝင်ဖြေသည်။

သက်သာဆိုင် ဘေးပေါက်အပြင် မြေကွက်လပ်လေးဆီသို့ ထွက်ရင်း စားပွဲနိမ့်တစ်ခုဆီသို့ ဦးတည်ဖြစ်သည်။ ထွေးထွေးက ကော်ဖီမှာသည်။ သက်ထားဝေက နက်စ်ကော်ဖီ။ သူကတော့ လက်ဖက်ရည်ချိုပေါ့သာ မှာဖြစ်သည်။ အိတ်ထဲမှ စီးကရက်တစ်လိပ် ကိုထုတ်ရင်း--

"ကျူရှင်ကော ယူပြီးကြပြီလား"





ဟု သူ စကားစဖြစ်သည်။ (အိတ်ဂျီပီ)အတွက်လားဟု သက်ထားဝေမေး၏။ သူ ခေါင်းညိတ်ပြလိုက်သည်။

"မယူရသေးဘူး။ ဟိုလေ--စာအုပ်ပဲ ဝယ်ကျက်မလားလို့"

သက်ထားဝေ၏ အဖြေစကားကြောင့် ထွေးထွေးက--

"ဟယ်-နင်ကျူရှင် မယူတော့ဘူးလား။ ဒါဆို ငါတစ်ယောက်တည်း တက်ရတော့မှာ"

"ငါ့အိမ်က ကျူရှင်တွေ၊ ဘာတွေယူတာ သိပ်ကြိုက်တာ မဟုတ်ဘူး။ သူတို့က ဖြစ်နိုင်ရင် အိမ်မှာ ဆရာခေါ်သင်စေချင်တာ"

နက်စ်ကော်ဖီကို မွှေရင်း ပြောလာသည့် သက်ထားဝေ၏ စကားကြောင့် သူမအိမ်မှ လူကြီးများ၏ သဘောထားကို တစ်စွန်းတစ်စ သိခွင့်ရလိုက်သည်။ ကော်ဖီခွက်ကို မယူလျက်က ငုံ့ရင်းမှ သက်ထားဝေက သူ့ဘက်သို့ကြည့်ရင်း--

"ဒီနေ့အထိ သက်ထားဝေ တစ်ခါမှ ကျူရှင် မတက်ဖူးဘူး။ (ဆ)တန်းတုန်းကလဲ အိမ်မှာပဲ ဆရာခေါ်ပြီး သင်ပေးတာလေ"

သက်ထားဝေ၏ စကားကို အသိအမှတ်ပြုဟန်ဖြင့် ခေါင်းညိတ်ပြရင်း အထက်တန်းလွှာအသိုင်းအဝိုင်းပဲ ဒီလောက်တော့ ရှိမှာ ... ရင်ထဲမှ တစ်ကိုယ်တည်း ရေရွတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျူရှင်မယူဘဲ ဖြေတော့ အောင်ပါ့မလား"

ထွေးထွေးက စူးစမ်းဟန်ဖြင့် မေးသည်။ သက်ထားဝေက သူ့ဘက်သို့ တစ်ချက်ကြည့်ရင်း ပြုံးစေ့စေ့ဖြင့်--

"အောင်ပါတယ်။ တချို့ဆို ဂုဏ်ထူးတောင် (၃)ဘာသာလောက် ပါသေးတယ်"

သက်ထားဝေ၏ စကားကြောင့် ရင်သည် လှပ်ခနဲတစ်ချက်ဖြစ်သည်။

သူ့အိတ်ဂျီပီစာမေးပွဲကို ဂုဏ်ထူး(၃)ဘာသာဖြင့် အောင်ခဲ့မှုကြောင်း သက်ထားဝေများ သိနေလေသလားဟု သံသယ ဖြစ်လိုက်မိသည်။ သူ့ဘာတွေးနေသည်ကို သက်ထားဝေက ရိပ်မိဟန်ဖြင့်--

"ကိုရန်နိုင်-(အိတ်ဂျီပီ) ဖြေဖူးတာ သက်ထားဝေ သိပါတယ်။ ကေသီ ပြောပြတာ"

ဟု ဝန်ခံစကားဆိုသည်။ ပြီးတော့ တစ်ဆက်တည်း ထွေးထွေးဘက် လှည့်လျက် ကိုရန်နိုင်က ဂုဏ်ထူး (၃)ဘာသာနဲ့ အောင်ထားတာဟု ပြော၏။

ထွေးထွေးက ဟယ်တော်လိုက်တာဟု အံ့သြဟန်ဖြင့် ရေရွတ်သည်။





"အဲဒီတုန်းက ကိုရန်နိုင် ဘယ်စာအုပ်နဲ့ ကျက်လဲဟင်"

သက်ထားဝေအမေးကြောင့် လက်ဖက်ရည်ခွက်ကို ကိုင်ထားရင်းမှ သူကျက်ခဲ့သော စာအုပ်အမည်ကို ပြောပြဖြစ်သည်။ သက်ထားဝေက သူပြောသော စာအုပ်အမည်ကို မှတ်ရင်း--

"သက်ထားလဲ အဲဒီစာအုပ်ပဲ ဝယ်ပြီးကျက်မယ်"

"ဒါပေမယ့် ခုတော်တော် ရှားသွားပြီ။ ဝယ်လို့ ရပါ့မလား မသိဘူး"

"ဟုတ်လား-ဒုက္ခပဲ"

စိုးရိမ်ဟန်ဖြင့် သက်ထားဝေ ရေရွတ်သည်။ ထွေးထွေးက-

"ကိုရန်နိုင် ကျက်တုန်းက စာအုပ်တွေကော"ဟု ရုတ်တရက် ဝင်မေးသည်။

"အဲဒါပြောမလို့ ကျွန်တော့်စာအုပ်တွေတော့ ရှိသေးတယ်၊ ကျွန်တော် ပေးမယ်လေ-အဲဒါနဲ့ ကျက်ကြပေါ့"

သက်ထားဝေက အားနာဟန်ဖြင့် ဖြတ်ခနဲ ကြည့်ရင်း တစ်စုံတစ်ခုပြောရန် ပြင်၏။ ထွေးထွေး "ဒါဆို အဆင်ပြေတာပေါ့"ဟု ဝင်ပြော၏။ ပြီးတော့ ပြုံးစစ မျက်နှာဖြင့် တစ်ဆက်တည်း--



www.burmeseclassic.com

www.burmeseclassic.com



"ပေးတာကတော့ ဟုတ်ပါပြီ။ ဘယ်သူ့ကို ပေးမှာလဲ၊ သက်ထားဝေကိုလား၊ ထွေးထွေးကိုလား"

"မထင်မှတ်သော မေးခွန်းကြောင့် ရုတ်တရက် ဘာဖြေရမည်မသိ။ ရဲခနဲဖြစ်သွားသည့် ပန်းနုရောင်မျက်နှာတစ်ခုဆီမှ အားတုံ့အားနာ မျက်ဝန်းတစ်စုံကို သတိပြုမိသည်။ ခေါင်းကိုငုံ့ရင်း နှစ်ယောက်စလုံးကိုပေါ့ဗျာဟု ထစ်ငေါ့စွာ ပြောဖြစ်သည်။

ထွေးထွေးက ရယ်သံ တိုးတိုးပြုရင်း--

"အလကား နောက်တာပါရှင်။ ထွေးထွေးက ကျူရှင်ယူပြီးဖြေမှာပါ။ ပေးချင်ပေး--သက်ထားဝေကိုပဲ ပေးလိုက်ပါ။ ဘာလို့ဆိုတော့--"

တစ်ပိုင်းတစ်ပြတ်တောက်သွားသည့် စကားသံက တမင်ရည်ရွယ်၍ ပြလိုက်မှန်းသိသာသည်။ ခေါင်းကိုအမော့-သက်ထားဝေ၏ လက်ချောင်းသွယ်သွယ်လေးများက ထွေးထွေး၏ ပေါင်ကို လှမ်းဆိတ်လိုက်ကြောင်း အမှတ်မဲ့ သတိပြုလိုက်မိသည်။

"ဘာလို့ဆိုတော့--သက်ထားက ကျူရှင်မတက်ပဲ ဖြေမှာမဟုတ်လား"

ထွေးထွေးက စကားကို လျှောချ၏။

* * *





"ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ"စာအုပ်ကို အစမှာပင် သွားခနဲ တွေ့သည်။ ဂုန်နီကြိုးဖြင့် စုစည်းထားသော စာအုပ်အထပ်လိုက်ကို ဆွဲထုတ်၍ ကြမ်းပေါ်သို့ ချ၏။ ဘေးနားမှာ ပြန့်ကျဲနေသော စာအုပ်များကို တစ်အုပ်ချင်းထပ်လျက် ပြန်၍ စီထည့်သည်။ ဆို့နောက် သေတ္တာကိုပိတ်လျက် ခုတင်အောက်သို့ ပြန်တွန်း လိုက်သည်။

စာအုပ်စည်းကိုမလျက် ဖုံများ ရှိလေမလားဟူသော အတွေးဖြင့် တစ်ချက်နှစ်ချက်ခါကာ စားပွဲပေါ်သို့ တင်လိုက်သည်။ အပေါ်ဆုံးရှိ စာအုပ်မှာ တရားမဥပဒေစာအုပ် ဖြစ်၏။ ဂုန်နီကြိုးကို ဖြေမည်ပြီးမှ မဖြေဘဲ အစည်းအတိုင်းပင် ပေးမည်ဟု ဆုံးဖြတ်ဖြစ်သည်။ ဆေးပေါလိပ်ကို မီးညှိလျက် စာအုပ်စည်းကို ငေးကြည့်နေရင်းမှ နှလယ်က လက်ဖက်ရည်ဆိုင်တွင် သူမနှင့်အတူ ထိုင်ခဲ့ရသည့်အဖြစ်အပ်မက်တစ်ခုပမာ တသရင်း ရင်ခုန်မိပြန်သည်။

"ဘယ်သူ့ကို ပေးမှာလဲ"ဟူသည့် ထွေးထွေး၏ အငြိအစွန်းထွတ်သော မေးခွန်းအဆုံး၊ ပန်းနုရောင်သန်းသွားသည့် သူမ၏မျက်နှာလေးက အာရုံတွင် စွဲထင် လူးလွန့်လျက် ရှိသည်။

သူမ ရှက်သွားခဲ့သည်ပဲ။

သူပေးမည့်စာအုပ်များသည် နှစ်ယောက်စလုံးအတွက် လိုအပ်သော စာအုပ်ဖြစ်သောကြောင့် မည်သူ့ကို ပေးမှာလဲဟု ခွဲခြား၍



www.burmeseclassic.com

www.burmeseclassic.com



မေးသော ထွေးထွေး၏ မေးခွန်းမှာ သာမန်မေးသည့် မေးခွန်းတစ်ခုဖြစ်ကောင်းဖြစ်မည်။ သို့သော် တိတ်တခိုး တွယ်ငြိစွဲလမ်းနေသော သူ့အတွက်မူ မျက်နှာပူစရာ။

"ဒါဆို–သူမအတွက်ကော"

သူမလဲ သူ့နည်းတူ ရှက်ရွံ့ခဲ့သည်။ ရဲခနဲဖြစ်သွားသော မျက်နှာက အထူးတလည် အတွေးချော်စရာမရှိ။ အမှန်တကယ်ပင် သူမ ရှက်သွားခဲ့သည်။

သူမလဲ သူ့လိုပဲလား။

သူ့လိုပင် တွယ်ငြိစွဲလမ်းနေမိခြင်းကြောင့် မလုံမလဲဖြင့် ရှက်ရွံ့ခဲ့ခြင်းပေလား–။

အတွေးတို့က သွေးခုန်နှုန်းတို့ မြန်စေ၏။ လက်ဖက်ရည်ဆိုင် အထ ပိုက်ဆံလှရှင်းမိကြသည့် အဖြစ်ကို သတိရမိသည်။

"ကျွန်တော့် ရှင်းမယ်နော်"

"ကျွန်တော်က အိမ်ရှင်ပဲ မသက်ထားဝေရယ်။ မသက်ထား တို့က ကျွန်တော့်ရုံး လာကြတဲ့ ဧည့်သည်တွေပဲ ဥစ္စာ"

သူ့စကားကြောင့် သက်ထားဝေ မျက်လုံး လှန်ကြည့်၏ ထို့နောက် မပွင့်တပွင့်ပြုံးရင်း–

"ဒီတစ်ခါတော့ သက်ထားတို့ပဲ ရှင်းပါရစေ။ နောက်တစ် လာမှ ကိုရန်နိုင်ရှင်းပေါ့ ဟုတ်လား"





သည်တုန်းက ရေငုံနှုတ်ပိတ်စွာ သူတိတ်ဆိတ်သွားခဲ့သည်။

"နောက်တစ်ခါလာမှ"ဟူသော စကားက နောက်တစ်ခါ လာဦးမယ်ဟု နိမိတ်ပြခြင်းလေလားဟူသော အတွေးဖြင့် ရင်ခုန် လှိုက်မောရပြန်သည်။

သူမ ပိုက်ဆံရှင်းပြီးနောက် ရုံးဝအထိ သူလိုက်ပို့ဖြစ်သည်။ ရုံးရှေ့လှေကားထစ်များပေါ်သို့ ဆင်းရင်း သက်ထားဝေက သူ့ဘက်သို့ ပြန်လှည့်ကာ––

"ကိုရန်နိုင် သက်ထားတို့ကို အကြွေးတင်သွားပြီနော်"

ဟု ခပ်ပြုံးပြုံးဆိုသည်။ သူယောင်ယမ်း၍ ခေါင်းညိတ်ပြမိသည်။

"သိပ်လဲ စိတ်မပူပါနဲ့၊ ကိုရန်နိုင် ပြန်တိုက်ရမယ့် လက်ဖက် ရည်ကို သက်ထားတို့ မကြာခင် လာသောက်မှာပါ"

နောက်ပြောင်ဟန်နှင့် ပြောလိုက်သည့် သာမန်အရွှန်းစကား တစ်ခုဟု ယူဆဟန်ရှိသော်လည်း စကား၏အဓိပ္ပာယ်က သူမ မကြာ ခင် ထပ်လာဦးမည်ဟု ရည်ညွှန်းလေခြင်းပေလား။ အကောင်းမြင် အတွေးမှန်သမျှက ရင်ခုန်စည်းချက်ကို ပျက်ယွင်းစေ၏။

သက်ပြင်းမွှေ့မွှေ့အချ––မောင်နိုင်က ထမင်းမစားသေးဘူး လားဟူသော ဒေါ်လေး၏ အသံကို ကြားရသည်။ ဟုတ်ကဲ့ စားမယ် ဒေါ်လေးဟု ပြန်ပြောရင်း အခန်းထဲမှ ထွက်လာဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"သက်ထားဝေကို ဟုတ်လား"

ကေသီက အံ့သြဟန်ဖြင့် မေး၏။ "အေး"ဟု ပြောရင်း ခေါင်းညိတ်ပြမိသည်။ ကေသီက သူ့လက်ထဲမှာ စာအုပ်စည်းကို ကြည့်၍ ရင်ဘတ်ကို လက်ဝါးဖြင့် ဖိရင်း--

"ဟောတော့-ဒီအခြေအနေတောင် ရောက်နေကြပါလား"

"ဘာလဲဟ"

"ရည်းစားစာကို စာအုပ်တွေနဲ့ ရေးပြီး ပေးတဲ့ အခြေအနေ လေ"

"ဟာ-ဒုက္ခပါပဲ။ (အိတ်ဂျီပီ)စာအုပ်တွေပါဟာ။ သူ့အထ တန်း ရှေ့နေ့စာမေးပွဲ ဖြေချင်တယ်ဆိုလို့ ပေးတာပါ"





"သူ့အိတ်ဂျီပီ ဖြေမယ်ဆိုတာကို ကိုနိုင် ဘယ်လိုလုပ်သိလဲ"

ကေသီက စူးစမ်းဟန်ဖြင့် မေးသည်။ စာအုပ်စည်းကို စားပွဲပေါ်သို့ တင်ရင်း၊-

"မနေ့က ရုံးမှာ ဖောင်လာတင်ရင်း တွေ့လို့"

"ဘယ်လိုလုပ်တွေ့တာလဲ။ ကိုနိုင်တို့ရုံးက အထပ်တွေ အများကြီးပဲဥစ္စာ"

ဖောင်တင်တဲ့ နေရာနဲ့ ကိုနိုင်ဌာနနဲ့ တခြားပါပဲ။

တုံ့ဆိုင်းစွာ ရှုတ်ဆိတ်သွားမိသည်။ ဘယ်လို ပြန်ဖြေရမလဲဟု စဉ်းစားမရ။ သက်ထားဝေက ကိုနိုင်ဆီလာတာပါဟု ဖြေရန် သင့်မသင့် ဒွိဟဖြစ်နေမိသည်။ ကေသီက သူ့ကိုကြည့်ရင်း ခပ်တိုးတိုး ရယ်သည်။

"ကိုနိုင်ရယ်-ဒါလေး ဖြေဖို့များ ဒီလောက် စဉ်းစားနေရ သလား။ ခါတ်လှေကားအဝမှာ မတော်တဆ ဆုံတာ မဟုတ်လား"

ကေသီမျက်နှာကို ဖြတ်ခနဲ လှမ်းကြည့်မိသည်။ တည်ငြိမ်နေသော မျက်နှာက နောက်ပြောင်ဟန် တစ်စက်မရှိ။

"သက်ထား မနေ့ညနေက ကေသီဆီဖုန်းဆက်ပြီး ပြောပါ တယ်၊ ကိုနိုင်နဲ့ သူ့ဓာတ်လှေကား အဝမှာ မတော်တဆ ဆုံတယ်တဲ့။

www.burmeseclassic.com



ကိုနိုင်က ဖောင်တောင် လိုက်တင်ပေးသေးတယ့်တဲ့။ ဟုတ်လား”

အထူးတလည် ကန့်ကွက်ငြင်းဆန်နေရလောက်အောင် မှား ယွင်းနေသော စကားမျိုး မဟုတ်သည့်အတွက် ခေါင်းညိတ်ဖြစ်၏။

သို့သော် “မတော်တဆ”ဟူသည့် ကြိယာဝိသေသနအတွက် တော့ ရင်ထဲ၌မရှင်း။ သက်ထားဝေနဲ့ သူ၏ တွေ့ဆုံခြင်းက သာမန်မတော်တဆ တွေ့ဆုံခြင်းလေလား။ ထိုသို့ဆိုလျှင် “ကိုရန်နိုင် ဆီလာတာပါ”ဟု ဘာဖြစ်လို့များ သူမ ပြောခဲ့ရပါသလဲ။ ပြီးတော့ လက်ဖက်ရည်ဆိုင် အတူဟူထိုင်ဖြစ်သည့် ကိစ္စကို ဘာဖြစ်လို့ ကေသီကို သူမပြောဘဲ ချန်လှပ်ထားခဲ့ရပါသလဲ။

အတွေးတို့က ရောထွေး၏။

“ကေသီရေ သွားကြမလား”

မီးဖိုချောင်ဘက်မှ ထွက်လာသော ဦးအောင်ကြီးက လှမ်းမေး ၏။

“သွားမယ်ဦးအောင်ကြီး” လွယ်အိတ်ကို လွယ်ရင်း ကေသီ ပြန်ဖြေသည်။

“စာအုပ်တွေပေးရင်းနဲ့ ဘာပြောပေးရဦးမလဲ”

စားပွဲပေါ်မှာ စာအုပ်စည်းကို လှမ်းယူရင်း ကေသီပေးသည်၊





နေပါစေဟာ ဘာမှ ပြောစရာ မရှိပါဘူးဟု ဖြေဖြစ်သည်။

“ရှည်းစားစာ ထည့်ပေးလိုက်တယ်လို့ ပြောလိုက်မယ်”

“ဟာ–ကေသီနော်၊ ပေါက်ကရတွေ မပြောနဲ့”ဟု ဖြာပြာသလဲ တားမြစ်သည်။

သူ့အဖြစ်ကိုကြည့်ရင်း ကေသီက သဘောကျစွာ ရယ်သည်။

“မပြောပါဘူး ကိုနိုင်ရယ်။ အလကားနောက်တာပါ” ကြောက်တတ်လိုက်တာ တကတည်း”

ပြောပြောဆိုဆိုနှင့် ကျောင်းသွားရန် ကေသီ ထွက်သွား၏။

ရင်ခုန်ထိတ်လန့်မှု အရှိန်က မပျက်သေး။

* * *

“ငါတော့မယုံဘူး”

လက်ဖက်ရည် ပန်းကန်တွေကို ကျင်းလျက် ရေနွေးကြမ်း ငှဲ့ထည့်ရင်း အောင်တိုးပြော၏။

“မယုံလဲ ကေသီ သွားမေးကြည့်ကွာ”

“မဟုတ်ဘူး– ငါပြောတာက ကေသီ သူငယ်ချင်းဆိုတာကို ယုံတာ မဟုတ်ဘူး။ (အိတ်ဂျိပ်) ဖောင်တင်တဲ့နေရာကို မအိလို့ ရင်းဆီလာ အကူအညီတောင်းတယ်ဆိုတဲ့ အချက်ကို မယုံတာ”



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကြမ်းခွက်ကို တဖူးဖူးမှုတ်၍ သောက်ရင်းမှ အောင်တိုး ပြောသည်။ စိတ်ညစ်ညူးစွာ ခေါင်းကို ခါယမ်းရင်း–

"မင်းရှေ့တင် ပြောသွားတဲ့ကိုစ္စပဲ အောင်တိုးရာ၊ ငါက တမင် လုပ်ကြံပြောနေတာလဲ မဟုတ်ဘူး၊ မင်းအသိပဲ"

သူ့စကားကြောင့် အောင်တိုးက ရယ်သည်။ ထို့နောက် အောင်တိုး၏ မူပိုင်နည်းတစ်ခု ဖြစ်သော ထူးထွေဆန်းကြယ်သည့် ဆဲနည်း တစ်ခုဖြင့် ကောင်းချီးပေး၏။

အောင်တိုး သုံးကြိမ်လောက် တရှစ်ရှစ်ဖြင့် ရေရွတ်ပြီးနောက် စကားစ၏။

"မင်းပြောသလို ငါ့ရှေ့တင် ပြောသွားတာကြောင့် မယုံတာ ရန်နိုင်"

အောင်တိုးကို နားမလည်စွာ မော့ကြည့်၏။

"ငါပြောမယ်၊ အဲဒီကောင်မလေး မင်းရုံးကို ဘယ်နှစ်ခါ လာဖူးသလဲ"

"မလာဖူးဘူး။ အဲဒီနေ့ကမှ ပထမဆုံး မေးစမ်းပြီး လာရတာ မင်းအသိပဲ"

သူ့စကားကြောင့် အောင်တိုးက ကျေနပ်ဟန်ဖြင့် ခေါင်းည





ညိတ်ညိတ် ပြုသည်။

"အဲဒါပေါ့–ငါပြောချင်တာ အဲဒါပဲ။ အဲလို မေးစမ်းပြီး လာရ တာကို ပြောတာ။ မင်းစဉ်းစားကြည့်လေ၊ မေးမြန်းစုံစမ်းရတာချင်း အတူတူ မင်းဌာနကိုမေးရတာထက် (အိတ်ဂျီပီ)ဖောင်တင်တာ ဘယ်အထပ်မှာလဲလို့ မေးရတာ ဘယ်ဟာ လွယ်မလဲ"

မစဉ်းစားမိခဲ့ဖူးသော သုံးသပ်ချက်တစ်ခုကြောင့် အံ့အားတသင့် ဖြင့် အောင်တိုးကို ငေးကြည့်နေမိသည်။

"ရှာရတာချင်း အတူတူ ဖောင်တင်တဲ့နေရာထက် မင်းဌာနက မှ ရှာရတာ ခက်သေးတယ်။ ရုံးရဲ့ ဟိုနောက်ခြမ်းမှာ"

နှုတ်ဆိတ်စွာ အောင်တိုးကို ငေးကြည့်မိသည်။ အောင်တိုးက ပြုံးလျက်–

"အဲဒါကိုကြည့်ခြင်းအားဖြင့်––"

"ဘာဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ မင်းဆီကို တမင်လာတာပေါ့"

သူခေါင်းညိတ်ဖြစ်၏။

"အေးလေ၊ သူကိုယ်တိုင်ကိုက ငါ့ဆီလာတာပါလို့ ပြောသွား ဖောင်တင်တဲ့ နေရာမေးဖို့လေ၊ မင်းလဲ––"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနှစ်ခုကို ရောမပစ်နဲ့ ရန်နိုင်။ ဖောင်တင်တာက တစ်ကဏ္ဍ၊ မင်းဆီလာချင်လို့ တမင်အကွက်ဆင်ပြီး လာတာက တစ်ကဏ္ဍ။ သတ်သတ်စီပဲ"

စိတ်လှုပ်ရှားစွာဖြင့် လက်ထဲမှ ဆေးပေါ့လိပ်ကို အားနာရပါးရ ဖွာရှိုက်လိုက်မိသည်။ သို့သော် ဆေးပေါ့လိပ်တွင် မီးမရှိတော့။ အောင်တိုးက ခတ်ခွေ့မီးခြစ်ဖြင့် ငှမ်း၍ ညှိပေး၏။ ဆေးလိပ်ကို ဖွာရင်း မီးညှိလိုက်မိသည်။ မီးညှိပြီးမှာပင် အောင်တိုးကို ပြန်ပြောရန် စကားတစ်ခွန်း သတိရမိသည်။

"မဖြစ်နိုင်ဘူး အောင်တိုး"

အောင်တိုးက ဘာမှမပြော ခေါင်းကို ခါးယမ်းလျက် အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေမိ၏။ တအောင့်ကြာတော့ အောင်တိုးသည် ချောင်းရှင်းသံပြု၏။ စကားစရန်ပြင်သည့် အောင်တိုးကို စိုက်ကြည့်နေမိသည်။ အောင်တိုးက သူ့ကို ခပ်ပြုံးပြုံး ပြန်ကြည့်ရင်း-

"ဒီမယ် ရန်နိုင်"

"ပြောလေ"

"မင်းအိတ်ထဲက ဆေးလိပ်တစ်လိပ်လောက် ကမ်းပေးလိုက်စမ်းပါ"





"ဒီမယ် ရန်နိုင်"

"ပြောလေ"

"မင်းအိတ်ထဲက ဆေးလိပ်တစ်လိပ်လောက် ကမ်းပေးလိုက်စမ်းပါ"

မဆီမဆိုင် စကားကြောင့် အောင့်သက်သက်ဖြင့် ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ပေးလိုက်ရ၏။

ထိုနေ့က လက်ဖက်ရည်ဆိုင်မှ ထပြန်ဖြစ်သည်အထိ အောင်တိုးစကားတစ်ခွန်း မဟတော့။ သူ့ရုံးပေါ်တက်ရန် လမ်းခွဲခါနီးမှပင်-

"မဖြစ်နိုင်ဘူးထင်ရင် စောင့်ကြည့်ပေါ့ကွာ

ဟု သူ့ပခုံးကိုပုတ်လျက် အောင်တိုးပြောသည်။ သူပြန်ပြောရန်ပြုစဉ်မှာပင် အောင်တိုး လှည့်ထွက်သွား၏။

သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ ချဖြစ်သည်။ သက်ပြင်းနှင့်အတူ ဇဝေဇဝါဖြစ်ခြင်း မှန်သမျှ လွင့်စဉ်ထွက်သွားလျှင် ကောင်းမည်ဟု တွေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

ရေမန်းခရားကိုယူလျက် ရေဖြည့်သည်။ ထို့နောက် ပုဆိုးတိုကို ပြင်ဝတ်ရင်း ရေမန်းခရားကို မကာ စပယ်ရုံများဘက်သို့ လျှောက်လာမိသည်။

ပိန်းပန်းအိုးများဘက်ရှိ ဖူးငုံစ စပယ်ပင်လေးများ ရေမန်းခရားဖြင့် စဖြန်း၏။

"မောင်နိုင် ထားလိုက်လေကွာ၊ ဦးလေး လောင်းမယ်"

ကားဆေးနေသော ဦးအောင်ကြီးက လှမ်းအော်သည်။ "ရပါတယ် ဦးအောင်ကြီးရာ။ ကျွန်တော် ရေချိုးခါနီးမို့ပါ၊ ပြီးတော့မယ်" ဟု ပြန်ပြောဖြစ်သည်။

ရေမန်းတစ်ခရားကုန်၍ နောက်တစ်ခရား ထပ်ဖြည့်ရန် ဘုံဘိုင်ဆီသို့ လှမ်းလိုက်သည်။



"မောင်နိုင်-မမကြီး ခေါ်နေတယ်"

ဦးအောင်ကြီးက အော်ပြော၏။ ခရားကိုချရင်း အိမ်ဘက်သို့ အပြေးလှမ်းမိ၏။

"ဘာခိုင်းမလို့လဲ ဒေါ်လေး"

"မဟုတ်ဘူး ဖုန်းလာလို့၊ ကိုရန်နိုင် ရှိလားတဲ့"

ဒေါ်လေးစကားကြောင့် သူငယ်ချင်းများထဲမှ ဖုန်းဆက်တတ်သူ ဇော်လွင်ကို ဖြတ်ခနဲ သတိရလိုက်မိ၏။ တစ်ခါတစ်ရံမှသာ ဆက်ခဲ့လေသော်လည်း သူ့ဆီကို တကူးတက ဖုန်းဆက်သူဟူ၍ ဇော်လွင် တစ်ယောက်သာရှိသည်။

"သွားကိုင်လိုက်ဦး မောင်နိုင်"

"ဟုတ်ကဲ့"

မီးဖိုချောင်ထဲမှ ဝင်လျက် အိမ်ရှေ့ဧည့်ခန်းဆီသို့ လှမ်းလာခဲ့သည်။ တယ်လီဖုန်း ခေါင်းလောင်းသံကြားသဖြင့် အိမ်ပေါ်ထပ်မှ ဆင်းလာဟန်တူသော ကေသီက ကိုနိုင့်ဖုန်းလားဟု လှမ်းမေး၏။

အေးဟုပြောရင်း ဧည့်ခန်းဆောင်ရှိ တယ်လီဖုန်းဆီသို့ လှမ်းခဲ့သည်။ ဘေးနားမှာ ချထားသော ဖုန်းခွက်ကို မယူခင်း ရှိပါဟု ထူးလိုက်သည်။

www.burmeseclassic.com



"ကိုရန်နိုင်လား"

တိုးညှင်းသော မိန်းကလေးအသံတစ်ခုကြောင့် အံ့ဩစွာ တုန့်ဆိုင်းသွားမိသည်။ ဘယ်သူပါလိမ့်ဟူသော သိချင်စိတ်က ခေါင်းထဲတွင် ဆူညံစွာ မြည်ဟိန်း၏။

"ကိုရန်နိုင်လားဟင်"

ဒုတိယအကြိမ် ထပ်မံမေးလာသည့် အသံကြောင့်--

"ဟုတ်ကဲ့ ရန်နိုင်ပါ။ ဘယ်သူပါလဲ"

ဟု ပြန်မေးလိုက်မိသည်။

"သက်ထားဝေပါ"

မမျှော်လင့်သော အမည်နာမတစ်ခုကြောင့် လက်ထဲမှ တယ်လီဖုန်း စကားပြောခွက်ပင် လွတ်ကျလုမတတ် အံ့ဩသွားမိသည်။

သက်ထားဝေတဲ့။ ဟောဒီ တယ်လီဖုန်းပြောခွက်က တစ်ဖက်မှာ သူနဲ့ စကားပြောနေရတဲ့ မိန်းကလေးက သူတိုက်တခိုး စွဲလန်းနေတဲ့ သက်ထားဝေတဲ့။

အံ့ဩခြင်းကြီးစွာ အတန်ကြာ နှုတ်ဆိတ်နေမိသည်။

"ကိုရန်နိုင် အိပ်ပျော်နေလားဟင်"

"ခင်ဗျား-ဩော်- မပျော်ပါဘူး"





အထစ်ထစ်အငေါ့ငေါ့ပြင့် ကမန်းကတန်း ဖြေလိုက်မိသော သူ့အဖြေစကားကြောင့် သက်ထားဝေက ခပ်တိုးတိုး ရယ်သည်။

"မနက်က ကိုရန်နိုင် ပေးခိုင်းလိုက်တဲ့ စာအုပ်တွေ ရတယ်၊ အဲဒါ--ကိုရန်နိုင့်ကို ကျေးဇူးတင်ကြောင်း ပြောချင်လို့"

"ဩော်-ရပါတယ် မသက်ထားဝေ။ ကိစ္စမရှိပါဘူး။ ဟို-ကျွန်တော်မှာလဲ ပိုနေတဲ့ဥစ္စာပဲ"

"ပိုနေလို့ ပေးတာပေါ့နော်"

"ဗျာ-ဟိုလေ-အဲလိုတော့ မဟုတ်ပါဘူး။ မသက်ထားဝေရယ်"

"အလကားစတာပါ ကိုရန်နိုင်။ စေတနာနဲ့ ပေးတယ်ဆိုတာ သိပါတယ်"

ရယ်ချင်သံဖြင့် သူမပြော၏။ သူဘာမှ ပြန်မပြောဖြစ်။ နားထောင်ခွက်ကို နားဖြင့် တင်းကျပ်ထိကပ်ရင်း သူမ၏ အသံချိုလွင်လေးကို အာရုံစူးစိုက် နားထောင်နေမိသည်။

"ကိုရန်နိုင်က ပေးမယ်ပြောပေမယ့် သက်ထား လိုက်ရှာကြည့်သေးတယ်၊ ကိုရန်နိုင်တို့ ရုံးက ပြန်သွားတဲ့နေ့ပဲလေ။ ...ပေးမယ့် ဆိုင်တွေသာ စုံသွားရော၊ အဲဒီစာအုပ်ကတော့ ရှာမရဘူး။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ရှားတာပဲ"

"ဒုက္ခရှာလို့ဗျာ၊ ကျွန်တော်ပေးပါမယ် ပြောထားသားပဲ"

"ရလိုရငြားပေါ့ ကိုရန်နိုင်ရယ်။ မရပေမယ့်လဲ အဲလိုရှာကြ
တော့ ကိုရန်နိုင်စာအုပ် ဘယ်လောက်အဖိုးတယ်ဆိုတာ သိခွင့်ရတ
ပေါ့"

သူဘာမှ ပြန်မပြောဖြစ်။ နှစ်ယောက်စလုံး အဟန့်ကြာ တိ
ဆိတ် သွားကြသည်။ တအောင့်ကြာမှ သက်ထားပေ စကားစသည်

"အိမ်ရောက်တော့ စာအုပ်စည်းကို ဖြေရင်းနဲ့ ကျေးဇူးတ
စကားပြောဖို့ သတိရပြီး ဖုန်းဆက်လိုက်တာ။ ပြီးတော့လဲ--"

တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွားသော သူမအသံကြေ
"ဟုတ်ကဲ့"ဟု စကားထောက်ပေး ဖြစ်သည်။ သူမ တော်တော်
စကားမဆက်။ အတန်ကြာမှ--

"ဟို--တရားမစာအုပ်ထဲက သိချင်တာလေးတစ်ခု မေးမ"

"ကျွန်တော်လဲ တရားမကို သိပ်မကျွမ်းဘူး မသက်ထား
ဒါပေမယ့် မေးကြည့်လေ၊ ရရင်တော့ ဖြေတာပေါ့"

"ကိုရန်နိုင် ဖြေနိုင်မှာပါ"

"ဘာများပါလိမ့်"





"စာအုပ်နောက်ကျောဖုံးက ကဗျာလေးကို ကိုရန်နိုင် ရေးတာလားဟင်"

"ဗျာ"

"တွေဝေလိပ်ပြာဆိုတဲ့ ကဗျာလေးလေ"

ဦးနှောက်သည် အချက်အလက်များစွာကို ဆက်စပ်လျှက် လျှင်မြန်စွာ စဉ်းစားဖြစ်သည်။ တအောင့်ကြာမှ ကဗျာလေးကို သူသတိရမိသည်။

စာမေးပွဲဖြေရန် စာကျက်ရင်း ရေးစပ်မိသော ကဗျာလေး ဖြစ်သည်။ စာအုပ်နောက်ကျောဖုံးများတွင် ဟိုစပ်စပ် ဒီစပ်စပ် ရေး တတ်သော ကျောင်းတုန်းကအကျင့်အတိုင်း တရားမစာအုပ် နောက် ကျောဖုံးတွင် သူရေးဖြစ်ခဲ့သည်။

"ကိုရန်နိုင် ရေးတာ မဟုတ်လား"

"ဟုတ်ကဲ့၊ ဟိုလေ-အဲဒီတုန်းက စာကျက်ရင်း ပျင်းပျင်း ရှိတာနဲ့ လျှောက်ရေးဖြစ်တာ။ မကောင်းပါဘူး"

"ကောင်းပါတယ်၊ သက်ထားတော့ သိပ်ကြိုက်တာပဲ။ ဒိုင်ယာရီထဲမှာတောင် ဒီနေ့ နေ့စွဲနဲ့ ကူးထားမလို့။ ကိုရန်နိုင် ခွင့်ပြု မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရမါတယ် မသက်ထားဝေရယ်။ ခွင့်တောင်းစရာတော

မလိုပါဘူး"

"ဒါဆို–သက်ထား သွားကူးလိုက်ဦးမယ်၊ ဒါပဲနော်"

"ဟုတ်ကဲ့"

"ဩော်–ဥပဒေစာအုပ်(၆)အုပ်နဲ့ ကဗျာတစ်ပုဒ်လက်ဆော

ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်"

ရပါတယ်ဟု ပြောရင်း ပြုံးစဉ်မှာပင် သက်ထားဝေ ဖုန်းချသွ

သည်။ နားထောင်ခွက်ထဲမှ တတူတူမြည်သံသည် ယခင်အကြိ

များစွာကထက် ချိုမြိန်နေသည်ဟု ထင်လိုက်မိ၏။

ဖုန်းခွက်နှင့်အတူ သက်ပြင်းတစ်ချက်ကိုပါ ချရင်း တယ်လ

ဖုန်း စားပွဲနားမှ လှည့်ထွက်လာမိ၏။ ဧည့်ခန်းမှ တစ်ဆင့် ထမ

စားခန်းသို့ ကူးရန် ပြုစဉ် တံခါးဝတွင် မှီ၍ရပ်နေသော ကေသီက

တွေ့ရသည်။ မချိုမချဉ်ဖြစ်နေသော ကေသီမျက်နှာက သူဖုန

ပြောနေစဉ် ခိုး၍ နားထောင်နေကြောင်း သိသာလှသည်။

"ဘယ်သူဆက်တာလဲ"

"ကေသီနားထောင်နေတာပဲ ကြားမှာပေါ့"

ကေသီရယ်ရဝ်း––





"အံ့မယ်–နားထောင်ချင်လွန်းလို့ မဟုတ်ပါဘူးနော်၊

ကက်ဆက် ဖွင့်မလို့လာတာပါ။ ဒီရောက်တော့ မသက်ထားဝေ။

သက်ထားဝေဆိုတဲ့ အသံကရိုနေတာပဲ။ အဲဒါနဲ့ ကေသီသူငယ်ချင်း

ား ဖြစ်နေမလားဆိုပြီး ရပ်လေ့လာနေတာ"

ကေသီစကားကြောင့် ရှက်ပြီး ပြုံးရင်း–

"ဟုတ်ပါတယ် ကေသီရယ်။ ခင်ဗျား သူငယ်ချင်း သက်ထား

ပေါ့ပဲ။ ဥပဒေစာအုပ်တွေ ပေးလို့ ကျေးဇူးတင်ကြောင်း ဖုန်းဆက်

ပြောတာပါ"

"ကျေးဇူးတင်ကြောင်း ပြောတာကလဲ ကြာလိုက်တာနော်"

သူဘာမှ ပြန်မပြောတော့ပဲ ကေသီကို ဖြတ်ကျော်လျက်

ည့်ခန်းထဲမှ ထွက်လာဖြစ်၏။ ကေသီက ကိုနိုင်ဟု လှမ်းခေါ်၏။

"ကေသီတစ်ယောက် နေကောင်းရဲ့လားလို့ကော သက်ထား

မေးဖော်ရရဲ့လား"

"မေးပါတယ်"

အလိမ်အညာစကားဖြင့် ဖြေလိုက်မိသည်။ ကေသီက ပြုံး

ပြင့်––



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်။ ခုပဲ သူ့ဆီ ကေသီ ဖုန်းဆက်ပြီး မေးမလို့"

သေချာပါတယ်ဟု ပြောရင်း နောက်တစ်ကြိမ် ထပ်ညာလိုက်မိသည်။

သူ့လှည့်ကွက် ကေသီက ခပ်တိုးတိုး ရယ်သည်။

* * *

"ဟော့ကောင်--အိပ်မနေနဲ့"

ဖတ်လက်စ ဝတ္ထုစာအုပ်ကိုချလျက် အခန်းဝသို့ လှမ်းကြည့်မိသည်။

အောင်တိုးနှင့် ဇော်လွင်တို့ကို တွေ့ရ၏။ ခုတင်ပေါ်မှာ ရပ်ရင်း ဘယ်ကလာကြလဲဟု မေးဖြစ်၏။ ဇော်လွင်က--

"မင်းဆီ တမင်ဝင်လာတာ။ ပျင်းလို့ ရုပ်ရှင် သွားကြည့်ရင်ကောင်းမလားလို့"

"ဦးလေးတို့ကော မရှိဘူးလား"

အောင်တိုးက ဝင်မေး၏။

"မရှိဘူး၊ ဦးက အလုပ်တိုက်သွားတယ်။ ဒေါ်လေးနဲ့ ကေသီက အသိတစ်ယောက်အိမ် သွားတယ်"





"တော်သေးတာပေါ့၊ မင်းကို ချောဆွဲမသွားလို့ ငါတို့က ဘာသာလာရတယ်၊ မင်း ရှိမှရှိပါ့မလားလို့"

ဇော်လွင်က ကုလားထိုင်တွင် ဝင်ထိုင်ရင်း--

"လုပ်ကွာ--အကျႌလဲ။ သွားရအောင်"

ခုတင်ပေါ်မှ ထရပ်ရင်း ကိုယ်ပေါ်မှ စွတ်ကျယ်ကို ချွတ်လိုက်သည်။

နံရံဆွဲ ချိတ်ထားသော ရှပ်အကျႌကို ကောက်ဝတ်ရင်း--

"ရုပ်ရှင်တော့ မသွားနဲ့ကွာ။ ညနေကျရင် ငါ့ဦးကို ညစာစားပွဲခဲ့ လိုက်ပို့ရဦးမှာ"

အောင်တိုးက

"ဖြစ်ပါတယ်၊ ဒါဆိုလဲ လက်ဖက်ရည်ဆိုင်လေး ဘာလေး ထိုင်တာပေါ့"

ဟုပြောရင်း သူ့စာကြည့်စားပွဲတွင် ဝင်ထိုင်၏။ အကျႌကြယ်သီးကို တပ်ရင်း တန်းပေါ်မှ လုံချည်တစ်ထည်ကလို လှမ်းဆွဲလိုက်သည်။

"ရှစ်--ခုထိ ကလေးတွန်းက အကျင့်တွေ မပျောက်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



အောင်တိုးအသံကြောင့် လှည့်အကြည့်၊ အပြာနုရောင် စာရွက်တစ်ရွက်ကို ကိုင်ဖတ်ရင်း ပြောနေသော အောင်တိုးကို တွေ့ရသည်။

ဇော်လွင်က--

"ဘာလဲ အောင်တိုး"

ဟု လှမ်းမေး၏။

"နားထောင် ငါဖတ်ပြမယ်"

ရင်ထဲဖြစ်လာ၊ ဝေဒနာကို

မြင်တာသိနိုး၊ မျှော်လင့်တိုးလျက်

လက်ချိုးတွက်ရေ၊ ပင့်သက်ရှည်ချ

လွမ်းနေညမှာ-များ-များ-များတဲ့။-တဲ့။ ဘယ်လောက်ကြောင်လိုက်သလဲ။ ကဗျာနာမည်တောင် ပေးပြီးပေါ့ ထားလိုက်သေးတယ်၊ တွေဝေလိပ်ပြာတဲ့-"

သူဘာမှ ပြန်မပြောဖြစ်။ အဝတ်အစားကိုသာ ပြီးအောင်လဲလိုက်မိသည်။ ဇော်လွင်က စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရင်း--

"မဂ္ဂဇင်းတိုက်ပို့ဖို့ ရေးထားတာလား"

"အေး"





ပြီးပြီးရော သဘောဖြင့် သူဖြေလိုက်မိသည်။ တကယ်တော-မနေ့က သက်ထားဝေနှင့် ဖုန်းပြောပြီး သတိရဖြင့် ပြန်ရေးသားထားခြင်း ဖြစ်သည်။

"စာရွက်အကုန်ခံပြီး အယ်ဒီတာ ဦးနှောက်စားအောင် ဒုက္ခပေးနေစမ်းပါနဲ့ကွာ။ မဂ္ဂဇင်းပို့မယ့်အစား ကောင်မလေးတစ်ယောက်ကို သွားပေးလိုက်တာကမှ သွယ်ဝိုက်သောနည်းနဲ့ ရည်းစားစကား ပြောရာ ရောက်ဦးမယ်"

အောင်တိုး၏ စကားကြောင့် လုံချည်အဟောင်းကို ခေါက်လျက် တန်းပေါ်သို့ ပြန်တင်သော လက်မှာ တုန်သွား၏။

"ဘယ်လို-သွယ်ဝိုက်သောနည်းနဲ့ ဟုတ်လား"

"အေးပေါ့-သူ့ကို တိတ်တခိုး ချစ်နေမိပါတယ်ဆိုတဲ့ အကြောင်း ကဗျာနဲ့ အသိပေးလိုက်တာပဲပေါ့"

ဟာ-ဟု တစ်ကိုယ်တည်း အာမေဍိတ်သံ ပြုလိုက်မိ၏။ ဇော်လွင်နှင့် အောင်တိုးက ဘာဖြစ်တာလဲ-ဟု ပြိုင်တူလိုလို မေးသည်။

"ဟိုဒင်း-ဟာ-ဘာမှ မဖြစ်ပါဘူး"

အောင်တိုးက ဇော်လွင့်မျက်နှာကို လှမ်းကြည့်ရင်း--



www.burmeseclassic.com

www.burmeseclassic.com

"တွေ့တယ်မဟုတ်လား။ ခုချိန်ထိ ကြောင်တွန်းပဲ"

ဟုပြောရင်းဟားသည်။ ဇော်လွင်ကပါ ရယ်ရင်း--

"ပြောလဲ ပြောစရာပဲ။ ကျောင်းတုန်းက အူတူတူ ကြောင်ဆောင်တောင် အကျင့်တွေက ခုထိမှ မပျောက်သေးပဲ" ဟု မှတ်ချက်ချ၏။

"ဒီကောင်က လူကသာ ကြောင်တာနော်၊ သူ့ရုံးကို လာလည်တဲ့ ကောင်မလေးတွေ ဘာတွေနဲ့ဗျာ"

"ဟာ တယ်စွံနေပါလား"

"အလကားပါ ငဇော်ရာ။ အောင်တိုးစကားများ မင်းမို့လို့ယုံနေတာယ်။ ကေသီသူငယ်ချင်းတွေပါ။ သူတို့ဖာသာ ဖောင်လာတင်ရင်း ငါနဲ့ဆုံတာပါ"

ခုတင်စွန်းတွင် ဝင်ထိုင်ရင်း သူရှင်းပြဖြစ်သည်။ အောင်တိုးက ရယ်ရင်း- အိုးလမလုံတော့ သူ့ဘာသာသူ အုံပွင့်လာတာပဲဟု ရေရွတ်မိ၏။

"အုံပွင့်တာမဟုတ်ပါဘူးကွာ။ နားလည်အောင် ရှင်းပြ တာပါ"





"ရှင်းပြရတယ်ဆိုကတည်းက အခြေအနေတွေက ရှုပ်နေလို့ ါ" အေးလေ ဘာပဲဖြစ်ဖြစ် ဖြစ်သူကလဲ မင်းလိုကောင်မျိုးကို ကျက်ချင်မှ ကြိုက်မှာပါ။ ကြိုက်ချင်းကြိုက် ငါ့ကြိုက်တယ်ဆို တ်တုတ်တုတ်"

အပြောင်အပျက်စကား ဖြစ်သော်လည်း သူ မရယ်နိုင်။ င်းလို ကောင်မျိုးကို ကြိုက်ချင်မှ ကြိုက်မှာပါ။ ဟူသော စကားက း သည်းပွတ်သို့တိုင် စိမ့်၍ဝင်သည်။ (ဟုတ်မှာပါပဲ။ သူ့အထင်ကြီး ာ ဂုဏ်ပုဒ်များစွာ မကြွယ်ဝတဲ့ သာမန်ရုံးစာရေးလေး တစ်ယောက် မက်လောက်စရာ အရည်အချင်း ဘာရှိမှာမို့လို့လဲ။ ရန်နိုင်ဆိုတဲ့ ာစ်ယောက်ရဲ့ ဘဝထဲကို ဝင်ရောက်လာရဲလောက်အောင် သတ္တိနဲ့ ာတရား သူမ သိမှာမဟုတ်ပါဘူးလေ)။

အပေါ်တို့က ရင်အစုံကို တင်းကျပ် မောကျလာစေသည်။

"ပြီးရင်လဲ သွားကြမယ်"

ဇော်လွင်က ပြောပြောဆိုဆိုနှင့် ထရပ်၏။ သူပါလိုက်၍ င်လိုက်မိသည်။

မျှော်လင့်ခြင်းမှန်သမျှ မှေးမှိန်ဖျော့တော့စွာ လေ့ရဲလွှန်း ်း ကိုယ့်ကိုယ်ကို သတိထားလိုက်မိ၏။

* * *

www.burmeseclassic.com



"ဦးရန်နိုင် ညည့်သည်"

အခန်းထဲသို့ ဝင်လာရင်း လှမ်းအော်လိုက်သော မအေးဝင်း ၏ အသံကြောင့် ဖြတ်ခနဲ မော့ကြည့်မိ၏။ မအေးဝင်းက ပြုံးစိစိဖြင့် အခန်းပြင်ကို လက်ညှိုး ညွှန်ပြရင်း--

"အပြင်မှာ ရှင့်(ဆ..ဂ်ရှင်)ထဲ မဝင်ရဲလို့တဲ့။ အပြင်မှာရပ် စောင့်နေတယ်"

"မနောက်နဲ့နော်- ဒီမှာ အလုပ်တွေ များနေတာ"

သူရယ်ရင်း ပြန်ပြောဖြစ်၏။ မအေးဝင်းက "အဟုတ်ပြော တာ။ ခုပဲ ကျွန်မ ဦးစီးခိုင်းလို့ အပြင်ထွက်ရင်း ကော်ရစ်တာမှာ ကျွန်မတို့ဌာနကို ရှာနေတာတွေ့လို့ ခေါ်လာတာ။ ဦးရန်နိုင်ကို တွေ့ချင်လို့တဲ့ "ကောင်မလေးနှစ်ယောက်ရယ်၊ လှကလှသနဲ့"

မအေးဝင်းမျက်နှာက နောက်ပြောင်ဟန်မရှိ။ သက်ထားဝေ တို့များလားဟူသော အတွေးဖြင့် ထိုင်ရာမှ ထဖြစ်၏။ ဘေးစား တွင် ထိုင်နေသော လူပျိုကြီးက--

"ကိုရန်နိုင် ကျုပ်ကော လိုက်လို့မရဘူးလား"

ဟု လှမ်းနောက်သည်။





ထွက်သာ ထွက်လာရသည့်တိုင် စိတ်ထဲမှ မယုံရဲရဲ။ မအေး ဝင်း မနောက်ဟု နားလည်သော်လည်း သက်ထားဝေတို့ ဖြစ်လိမ့်မည် ဟူ၍တော့ ထစ်ထစ်ချ မမျှော်လင့်မိ။

သို့သော် အခန်းဝမှ ခေါင်းငုံ့အကြည့်။ ကော်ရစ်ရှိပြူတင်း ပေါက်နားတွင် ရပ်လျက် ရုံးအောက်သို့ ငုံ့ကြည့်နေကြသော မိန်း ကလေးနှစ်ယောက် အနက်မှ--

တစ်ယောက်သော မိန်းကလေး၏ ဆံပင်ရှည်ကြီးများ ဖုံးလွှမ်း နေသော နောက်ကျောကို အတွေ့မှာပင် ရင်သည် လှပ်ခနဲဖြစ်၏။

ထိုသို့ ရင်ကို အထိတ်တလန့်ဖြစ်စေနိုင်သော မိန်းကလေးမှာ ကမ္ဘာပေါ်တွင် များများစားစား မရှိသေး။ သူခြေသံကြောင့် မိန်းက လေး နှစ်ယောက်စလုံး လှည့်ကြည့်သည်။ ထွေးထွေးဟု သူထင် ထားခဲ့သော မိန်းကလေးမှာ ကေသီ ဖြစ်နေသဖြင့် အံ့ဩသွားမိသည်။

"ကိုနိုင်က ကေသီ့ကို တစ်ခါ မသက်ထားဝေနဲ့ ပါလာတဲ့ မိန်းကလေးမှတ်လို့"

"ကိုယ့်ညီမကိုတောင် ကိုယ့်ညီမမှန်း မသိနိုင်လောက်အောင် ဖြစ်သွားလိမ့်မယ်လို့ ကေသီ မျှော်လင့်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်ရေးစကားဖြင့် စတင်လိုက်သော ကေသီစကား
ကြောင့် အိုးတိုးအန်းတန်းဖြစ်ကာ ရှက်ရွံ့သွားမိသည်။ သက်ထားဝေ
က ကေသီ့စကားကို ရိပ်မိဟန်ဖြင့် အညိုရောင် ကျိုင်းတုံမွှေး
လွယ်အိတ်ကြီးကို ရင်ဖယ်ပိုက်လျက် ခေါင်းငုံ့ကာ မပွင့်တပွင့်
ပြုံးသည်။

ခဏတာမျှ ကျိုင်းတုံလွယ်အိတ်လေး ဖြစ်ကျင်စိတ်က ရင်း
တိုးဝှေ့၏။

"ကေသီတို့ ကျောင်းမတက်ကြဘူးလား"

"မတက်ဘူး၊ ဒီနေ့ နေသာနေလို့"

"ဘာဆိုင်လို့လဲ"

"သိဘူးလေ၊ ဒီလိုပဲ အကြောင်းမရှိ အကြောင်းရှာပြီး ကျော
ပြေးရတာပေါ့"

သက်ထားဝေက လက်ကိုင်ပုဝါဖြင့် ပါးစပ်ကို အုပ်လျ
ရယ်သည်။

သူပြုံးရင်း–

"လက်ဖက်ရည်သောက်ကြမလား"





"ခုမှပဲ မေးဖော်ရတော့တယ်၊ ကေသီတို့ ကျောင်းပြေးရတဲ့
အချက်တွေထဲမှာ ကိုနိုင်တိုက်မယ့် လက်ဖက်ရည်ကိစ္စလဲ ပါတယ်"

ကေသီစကားအဆုံး သက်ထားဝေက ကေသီ့ကို ပုခုံးဖြင့်
မသိမသာ တိုက်လိုက်ကြောင်း တွေ့ရသည်။ ဆက်နေပါက ကေသီ
နောက်နေဦးမယ်စိုးသဖြင့်–

"ခဏနေဦးနော်၊ ကိုနိုင်ရုံးထဲဝင်ပြီး ပြောလိုက်ဦးမယ်"

မအေးဝင်းအား ညီမတွေလာသဖြင့် လက်ဖက်ရည် လိုက်
တိုက်ဦးမယ်ဟု ဝင်မှာရင်း ပြန်ထွက်လာဖြစ်၏။

"လာ–သွားကြမယ်"

ခပ်ဖြည်းဖြည်းလျှောက်ရင်း ဓာတ်လှေကားဆီသို့ ဦးတည်
လိုက်၏။

လူရှင်းသော အချိန်ဖြစ်သည့်အပြင် အဆင်းလဲဖြစ်သောကြောင့်
ဓာတ်လှေကားတွင် လူနည်း၏။ တံခါးပိတ်လျက် ဓာတ်လှေကား
စတင်နိမ့်ဆင်းချိန်တွင် သက်ထားဝေက ကြောက်လန့်ဟန်ဖြင့် ကေသီ
လက်မောင်းကို လှမ်းကိုင်သည်။ ကေသီနှင့် သက်ထားဝေမှာ ဓာတ်
လှေကားအတွင်းသို့ သူ့နောက်မှ ဝင်ကြသောကြောင့် တံခါးဘက်သို့
မျက်နှာမူလျက် ရပ်ကြသောအခါ သူ့ရှေ့တွင် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီက သူ့ညာဘက်စောင်းစောင်း နေရာတွင်ရှိပြီး သက်ထားဝေက သူ့ရှေ့တည့်တည့်တွင် ဖြစ်သည်။

လက်တစ်ကမ်းမျှပင် မရှိတတ်သော အကွာအဝေး၌ သူမ ရှိနေပါလားဟူသော အသိက မျက်လုံးအစုံကို မှိတ်ထားသည့်တိုင် သင်းပျံ့နေသော ရနံ့တစ်ခုကြောင့် ပျောက်ဖျက်ဖယ်ထုတ်၍မရ

အဆိုးဆုံးက သူမ၏ ကျောပေါ်တွင် ဝဲကျနေကြသည့် ဆံပင် ရှည်ကြီးများကို ကိုင်တွယ်ကြည့်ချင်သော ရူးမိုက်သည့် စိတ်ကူး တစ်ခုကို ချုပ်တည်းနေရခြင်းပင် ဖြစ်သည်။

သိမ့်ခနဲ တုန်ခါသွားမှုတစ်ခုကြောင့် အောက်ထပ်သို့ ရောက်ပြီ ဟူသော အသိဖြင့် ပေါ့ပါးသွားမိသည်။ ဓာတ်လှေကားအတွင်းမှ အထွက် သက်ထားဝေက သက်သာဆိုင်ရှိသော ဘယ်ဘက်သို့ ချိုးရန် ပြင်၍ ကေသီက ရုံးပြင်ထွက်ရာ ညာဘက်သို့ ချိုးရန်ပြင်သည်။ သက်ထားဝေက ကေသီအပြုအမူကြောင့် ခြေလှမ်းကို တုံ့ခနဲရပ် သည်။

"ကေသီဘယ်မှာ သောက်မလဲ"

သူ့အမေးကြောင့် ကေသီက လှည့်ကြည့်ရင်း-





"သိဘူးလေ၊ ကိုနိုင့်သဘောပဲ"ဟု ဖြေသည်။ "ဒါဆိုလာ"ဟု ပြောရင်း သက်သာဆိုင်ဘက်သို့ ခေါ်ဖြစ်သည်။ မရည်ရွယ်ဘဲနဲ့ ခြေလှမ်းတို့က ယခင်ကအစဉ်ခါ သက်ထားဝေတို့နှင့် ထိုင်ခဲ့ဖူးသော စားပွဲဆီသို့ ဦးတည်မိသည်။

"ဘာသောက်မလဲ"

"ကေသီက လက်ဖက်ရည်၊ သက်ထားဝေကရော"

"နက်စ်ကော်ဖီ"

ဆိုင်လုလင်ကို လှမ်းခေါ်ရင်း လက်ဖက်ရည်နှစ်ခွက်၊ နက်စ် ကော်ဖီတစ်ခွက်ဟု မှာဖြစ်၏။ မုန့်စားကြဦးမလားဟု အမေး ကေသီ က-

"စားမှာပေါ့၊ ကိုနိုင်ကလဲ အလိုက်မသိတတ်လိုက်တာ"

ဟု ဆိုသဖြင့် ပေါင်မုန့်ထောပတ်သုတ် (၃)ချပ်ပါ ထပ်မှာ ဖြစ်သည်။

"ဘယ်က ဘယ်လိုရောက်လာကြတာလဲ"

မည်သူ့ကိုဟု မရည်ရွယ်သော သူ့အမေးကို သက်ထားဝေက ဦးစွာ ဝင်ဖြေ၏။-

"ဗိုလ်ချုပ်ဈေးမှာ အင်္ကျီဝင်အပ်ရင်းနဲ့ ဒီဘက် ရောက်လာ ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ကေသီက သူ့ကို စပ်ဖြဲဖြဲနှင့် လှမ်းကြည့်သည်။ ကေသီ ဝင်နောက်နေမှည်စိုးသောကြောင့် သူ ခပ်တည်တည်ဖြင့်– ကေသီကို ပြန်ကြည့်လိုက်၏။ ကေသီက––

"သက်ထားပြောတဲ့အတိုင်းပါပဲ။ လမ်းကြုံတာနဲ့ ကိုနိုင်ဆီ ကမင်ဝင်လာတာ"

ဆိုင်လုလင် လက်ဖက်ရည်ခွက်များ လာချသောကြောင့် စကားစပြတ်သွား၏။ ကာအောင့်ကြာမှ သက်ထားဝေဘက် တစ်ချက် ကြည့်ရင်း–

"စာတော့ စကျက်ဖြစ်ပြီလား"

"ရှင်"

"ဟိုအိတ်ဂျီပီဖြေဖို့ စာတွေပြောတာ"

"သြော်–ကျက်တော့ ကျက်နေတာပဲ။ ဒါပေမယ့် နားမ လည်ဘူး၊ တစ်အုပ်ကိုင်လိုက် ခက်လို့ ချထားလိုက်။ နောက်တစ် အုပ်ပြောင်းကိုင်လိုက်နဲ့ လုံးလည်ချာလည် လိုက်နေတာပဲ"

သက်ထားဝေ၏ စကားကြောင့် သူ့တုန်းကလဲ ဒီလိုပဲဟု အတွေးဖြင့် ကိုယ်ချင်းစာလိုက်မိသည်။

"မြန်မာ့ခလေ့ထုံးတမ်း ဥပဒေက စကျက်ပါလား။ အဲဒါက လွယ်တယ်။ ပြီးတော့ စိတ်ဝင်စားစရာလဲ ကောင်းတယ်"





"ဟုတ်တဲ့"

ကေသီက ပေါင်မုန့်ထောပတ်သုတ်ကို စားရင်း–

"သက်ထားဝေက တောင် ပြောနေတယ်။ စာမေးပွဲနီးရင် ကိုနိုင့်ကို စာပြခိုင်းမလို့တဲ့"

သက်ထားဝေက ကော်ဖီကို မွှေရင်း အားနာဟန်ဖြင့်––

"ဟို––ကိုနိုင်အားမှပါ"

ကိုနိုင်ဟူသည့် ပြောင်းလဲလာသော အခေါ်အဝေါ်ကြောင့် ရင်သည် အေးခနဲ ဖြစ်သွား၏။ ရပါတယ်။ ကျွန်တော် တတ်နိုင် သလောက်တော့ ပြပေးပါမယ်ဟု ပြန်ပြောမိဖြစ်သည်။

"အားနာစရာပဲနော်။ စာအုပ်လဲ တောင်းသေး၊ စာလဲ ပြခိုင်းသေး"

"ငါ့အစ်ကိုက သဘောကောင်းပါတယ်ဟာ။ ဖြစ်နိုင်ရင် ငါ့အစ်ကိုက နင့်အစား စာမေးပွဲတောင် ဝင်ဖြေပေးချင် ဖြေပေးမှာ ဟုတ်တယ်မလား"

ကေသီစကားကြောင့် မျက်နှာမှာ နွေးခနဲ ဖြစ်သွားမိ၏။

သက်ထားဝေက မခို့တရိအပြုံးတစ်ခုကို ပြုံးလျက် ခေါင်းငုံ့ ထားသည်။ ကေသီက ပေါင်မုန့် ထောပတ်သုတ် ကျန်းကန်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးလျက် စားကြလေဟုဆိုသည်။ သက်ထားဝေက မုန့်ကို တစ်ငုံစာခန့် ဖဲ့လျက်စားရင်း--

"ကိုနိုင်ကော-စားလေ"

ဟုဆို၏။ သူခေါင်းညိတ်ရင်း မုန့်ပန်းကန်ဆီသို့ လက်လှမ်းစဉ်မှာပင် စားပွဲဆီသို့ လျှောက်လာသော အောင်တိုးနှင့် ဇော်လွင်ကို တွေ့ရသည်။

* * *

"လိုက်မပို့နဲ့တော့နော်-သက်ထားတို့ဘာသာ သွားပါ့မယ်"

ပြောပြောဆိုဆိုနှင့် သက်ထားတို့ ထိုင်ရာမှ ထ၏။ အောင်တိုးနှင့် ဇော်လွင်တို့ဘက် လှည့်ရင်း "သွားပါဦးမယ်"ဟု နှုတ်ဆက်စကားဆိုသည်။ ကေသီက--

"ကိုအောင်တိုး သွားမယ်၊ ကိုဇော်လွင်ရော သွားမယ်နော်"

ဟု နှုတ်ဆက်ရင်း တစ်ဆက်တည်း သူ့ဘက်ကိုလှည့်ကာ "ကောင်းကောင်းနေခဲ့နော် ကြားလား"ဟု နောက်ရင်း လှည့်ထွက်၏။ လိုက်ပို့ရန် မတ်တပ်ရပ်နေရာမှ ပြန်ထိုင်ဖြစ်သည်။ လွယ်အိတ်ကိုပိုက်လျက် ခေါင်းငုံ့ကာ လှမ်းသွားသော သက်ထားဝေ၏ နောက်ကျောကို ကြည့်ရင်း--





"ဟင်း"ဟု တမင် အသံကျယ်ကျယ်ပြုလျက် အောင်တိုးသက်ပြင်းချ၏။ ထို့နောက် သူ့ကို စပ်ဖြီးဖြီးဖြင့်ကြည့်လျက်-

"နောက်ကကြည့်တော့ မိုလှတယ်နော်"

ဟုပြောသည်။ အောင်တိုးကို အသံမဲ့စွာ ဆဲမိ၏။ ဇော်လွင်က ရေနွေးကြမ်းကို ငုံ့ရင်း--

"နာမည်က ဘယ်သူကွ"

"မင်းကလဲ ခုပဲ မိတ်ဆက်ပေးတယ်၊ ခုပဲ နာမည်မေ့တယ်။ မလွန်ဘူးလား"

"သက်-ဘယ်သူ"

"သက်ထားဝေ"

"အေး-သက်ထားဝေ၊ အဲဒီ လေဒီလေးကို ငါသိတယ်"

"အဟုတ်လား"

သူရော အောင်တိုးပါ ပြိုင်တူလိုလို မေးမိ၏။ ဇော်လွင်က ခေါင်းညိတ်ရင်း--

"ရောက်စထဲက မြင်ဖူးပါတယ်လို့ စဉ်းစားနေတာ။ မိတ်ဆက်ပေးတဲ့အချိန်အထိ စဉ်းစားလို့ မရဘူး။ ခုမှပဲ အဖြေပေါ်တယ်။ သူ့အဖွားကြီးနဲ့ ငါ့အဖွားကြီး ဆော်ဒါတွေပဲ၊ မန္တလေးကျောင်း ဆောက်ချိန်တုန်းကတောင် အတူတူသွားကြသေးတယ်။ ဟိုဒင်းကလေ"



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဝေ၏ အဖေနာမည်ကို သူဝင်ပြောဖြစ်၏။ ဖော်လွင်က သချာတာပေါ့ဟု ခေါင်းညိတ်ဆိုသည်။ အောင်တိုးက––

"ရှစ်–ပဲ–စောစောစီးစီးကတော့ သတိမရဘူး။ မသကာ စကားသောဖောရော့နဲ့ ဝင်ပြီး ဆွေမျိုးစပ်လို့ ရသေးတယ်"

"အေးကွာ–နာတာပဲ၊ ငါလဲ အဲလိုလုပ်ချင်ဇောနဲ့ ဖွတ်စဉ်းစား နေတာ။ ခေါင်းပုပြီး စဉ်းစားလေ မေ့လေဖြစ်သွားတယ်"

သုခိတာဆေးပေါ့လိပ်ကို ယူလျက် ပလပ်စတစ်ပတ်ချွတ်ကာ မီးညှိလိုက်မိ၏။

ဖော်လွင်က သူ့ကို ငေးကြည့်ရင်း–

"အစက ဒီလောက်လှမယ် မထင်ဘူးကွာ။ ဒီလိုမှန်းသိရင် ဟိုတစ်ခါ သူ့မွေးနေ့ကို အဖွားကြီး သွားတုန်းက ငါပါလိုက်သွား ပါတယ်။ တောက်"

ရင်၌ ပြောစရာစကား နည်းလွန်းသွားကြောင်း ကိုယ့်ကိုယ်ကို သိ၏။

ဖော်လွင်က မာပိုရိုတစ်လိပ်ကိုထုတ်လျက် မီးညှိစဉ်မှာပင် သူ့လက်ထဲမှ ဆေးပေါ့လိပ်မှာ မီးသေသွားကြောင်း သတိထားလိုက် မိသည်။





ခေါင်းကို အငှဲ့ ဘေးနားမှာ ထိုင်နေသော အောင်တိုးဆီမှ သက်ပြင်းချသံသဲ့သဲ့ ကြားလိုက်ရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"လာမှ လာပါ့မလားလို့"

တံခါးဝတွင် ခပ်နွဲ့နွဲ့ရပ်ရင်း သက်ထားဝေပြော၏။

သူမ ဝတ်နေကျ ရင်ဖုံးအင်္ကျီပင်ဖြစ်သော်လည်း အိမ်နေရင်း အဝတ်အစားမျိုး ဖြစ်သောကြောင့် ခါးနေရာက အနည်းငယ်ပွလျက် ခပ်နွမ်းနွမ်း ဖြစ်နေ၏။

"ကတိပေးထားတာပဲ လာမှာပေါ့"

ကပိုကရိုဖြင့် ရင်ခုန်တိမ်းမူးဖွယ်ကောင်းနေသော သူမ၏ အသွင်အပြင်ကို အာရုံမှ ထုတ်ပစ်ရင်း ဖြည်းညင်းစွာ ပြန်ပြောဖြ သည်။ ဂရုမပြု၊ အမှတ်မထားမိရန် ကြိမ်ဖန်များစွာ ကြိုးစားသော် လည်း ရှည်လျားသော ဆံပင်တို့ကို ကျစ်ဆံမြီး ကျစ်ထားခြင်းနှ





သနပ်ခါးရေးရေး လိမ်းထားခြင်းတို့က သူမ၏ ရိုးရင်းစွဲ အလှကိုပို၍ ဘတ်မက်ဖွယ် ဖြစ်နေစေကြောင်း သတိပြုမိသည်။

"လာလေ–ကိုနိုင်"

ဖိတ်ခေါ်စကားကိုဆိုရင်း သူမက ဦးဆောင်လျက် ဧည့်ခန်း ဆီသို့ လှမ်း၏။ လျှော်ဖန်များသပြင့် အရောင်ဖျော့ကာ ခပ်နွမ်းနွမ်းဖြစ် နေသော သူမ၏ အိမ်နေရင်း ပါတိတ်လုံချည်က သူ၏ သွေးခုန်နှုန်း ကို မြန်စေသည်။

အကြည့်တို့ကို နံရံပေါ်မှ ပန်းချီကားချပ်များဆီသို့ လွှဲရင်း–

စာပြပေးဖို့ လာခဲ့မိတာ၊ မှားပြီလားဟူသော အတွေးက ရင်သို့ တိုးဝှေ့၏။

"မေမေ– ဒါ ကေသီအစ်ကိုလေ၊ သမီးကို စာလာသင်ပေး မယ်ဆိုတဲ့ အစ်ကိုပေါ့။ ကိုရန်နိုင်တဲ့"

သက်ထားဝေ၏ အသံကြောင့် ဧည့်ခန်းတွင်းသို့ အကြည့် ရောက်ရှိသည်။ အချိုးဆက်စတီတွင်ထိုင်နေသော သက်ထားဝေ၏ အမေ ဒေါ်ခင်ထား ကို တွေ့ရသည်။

"သြော်– ကေသီအစ်ကိုလား။ ထိုင်ဦးလေကွယ်၊ ပြီးတော့ သင်တာပေါ့၊ မနက်က သမီးပြောလို့ စာကြည့်ခန်းထဲမှာ စားပွဲ နေရာ လုပ်ထားတယ်၊ သမီးဆရာကို ကော်ဖီဖျော်တိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"ဟု ပြောလျက် သက်ထားဝေ အိမ်တွင်းခန်းဆီသို့ ဝင်၏။ ဒေါ်ခင်ထားရီ၏ ရှေ့ခုံတွင် ခပ်ရိုရို ဝင်ထိုင်ဖြစ်သည်။

"မောင်-ဘယ်သူ"

"ရန်နိုင်ပါခင်ဗျာ"

"မောင်ရန်နိုင်က (လော)နဲ့ ပြီးတာလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်က ရိုးရိုးဝိဇ္ဇာဘွဲ့ပါ၊ အထက်တန်း ရှေ့နေ စာမေးပွဲ အောင်ထားတာပါ"

"ဪ"

ဒေါ်ခင်ထားရီ၏ မျက်နှာက အထင်ကြီးမှု အနည်းငယ် လျော့ကျသွားကြောင်း သိသာသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေ ဆည်၍ ပြုံးရင်း-

"ကောင်းတာပေါ့ကွယ်။ ပညာရပ်နစ်ခုစလုံး တတ်ထားပြီ သား ဖြစ်တာပေါ့။ သမီးကလည်း (အိတ်ဂျီပီ) ဖြေချင်တယ် ဖြေချင်တယ် နားပူလွန်းလို့ အန်တီ ခွင့်ပြုလိုက်ရတာ။ ဆရာခေါ် သင်မယ်ဆိုတုန်းကလဲ နာမည်ကြီးကျူရှင်တစ်ခုခုက ဆရာခေါ် သင်ပါလားလို့ အန်တီပြောသေးတယ်။ မရဘူးကွယ်။ ခုတော့ မောင်ရန်နိုင်ခများလဲ အလုပ်ပျက် အကိုင်ပျက်နဲ့"





"ရပါတယ် အန်တီ အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော်လဲ အားနေတာပဲ"

ခေါင်းငုံ့ထားရင်းမှ အလိုက်အထိုက် ပြန်ပြောဖြစ်၏။ သက်ထားဝေ အိမ်ခန်းတွင်းမှ ပြန်ထွက်လာပြီး သူ့ကို တစ်ချက်ပြုံး ပြလျက် ဒေါ်ခင်ထားရီဘေးတွင် ဝင်ထိုင်၏။

"ကဲ သမီး ကော်ဖီကော"

"ဒေါ်ညိုလာပို့လိမ့်မယ်"

ဒေါ်ခင်ထားရီက သူ့ဘက် တစ်ချက်လှည့်ရင်း- "မောင်ရန်နိုင့် မိဘများကော နေကောင်းကြရဲ့ မဟုတ်လား"ဟု မေး၏။ သူ့မိဘ များကို သိနေပါလားဟူသော အံ့ဩစိတ်ဖြင့်အတူ ခေါင်းညိတ်ပြ ဖြစ်သည်။

"အန်တီနဲ့တော့ တစ်ခါမှ မဆုံဖူးဘူး၊ အန်တီ့မိတ်ဆွေ မမခင် တို့နဲ့ မောင်ရန်နိုင့်မိဘတွေနဲ့ကတော့ သိကြတယ် ပြောတယ်။ သွင်း ကုန်ထုတ်ကုန်ကုမ္ပဏီ ထောင်ထားတယ်ဆို"

ဒေါ်ခင်ထားရီ၏ စကားကြောင့် သူနှင့်ကေသီကို မောင်နှမ အရင်း ထင်နေခြင်းပဲဟု နားလည်လိုက်မိသည်။ ခေါင်းကိုမော့လိုက်တော့ ပြင်းရန်ပြင်စဉ်မှာပင် သက်ထားဝေက ကေသီနဲ့ ကိုရန်နိုင်က မောင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်မတစ်ဝမ်းကွဲ မေမေဟု ဝင်ရှင်းသည်။ ဒေါ်ခင်ထားရီမျက်နှာ တစ်မျိုးဖြစ်သွားသည်ဟု ထင်လိုက်မိသည်။

"သြော်-အန်တီက မောင်နှစ်မအရင်းတွေ အောက်မေ့နေတာ ဒါနဲ့ မောင်ရန်နိုင့်မိဘတွေက ဘယ်မှာနေကြသလဲ"

"တောင်ငူမှာပါ အန်တီ၊ ဆေးလိပ်လုပ်ငန်း လုပ်ကြပါတယ်"

"သြော်-သြော်-ဆေးလိပ်ခုံ ထောင်ထားတယ်လား၊ သူဌေး တွေပဲကွယ်"

"ဆေးလိပ်ခုံမဟုတ်ပါဘူး အန်တီ၊ ကျွန်တော်တို့က အိမ်မှာ မိသားစုနဲ့ လိပ်ပြီး ဆေးလိပ်ခုံကို တစ်ဆင့် ပြန်သွင်းရတာပါ သိပ်အချောင်လည်ကြီးတော့ မဟုတ်ပါဘူး၊ သာမန် စားနိုင်သောက်နိုင် အလယ်အလတ်တန်းစားပါပဲ"

မရည်ရွယ်ဘဲနှင့် သူရှင်းပြလိုက်မိသည်။ သြော်-သြော်-ဟု ဒေါ်ခင်ထားရီ သဘောပေါက်ဟန်ပြု၏။ လွန်ခဲ့သည့် နှစ်နှစ်လောက်က ၏ အမေနေမကောင်းသောကြောင့် စီးပွားရေး ကျဆင်းလာကြောင်း တို့ကိုတော့ ဆက်မပြောဖြစ်တော့။

အိမ်တွင်းခန်းမှ အမျိုးသမီးကြီးတစ်ယောက် ကော်ဖီပန်းကန် လာချပေး၏။ "ကိုနိုင်သောက်ပါဦး"ဟု သက်ထားဝေ ပြော





ကိုနိုင်ဟု အခေါ်အဝေါ်ကြောင့် သက်ထားဝေဘက်သို့ ဒေါ်ခင်ထားရီ တစ်ချက် ငဲ့ကြည့်၏။

ရင်၌ မွန်းကျပ်လှောင်ပိတ်သော ခံစားမှုတစ်မျိုးက နေရာ ယူသည်။ ကော်ဖီခွက်ကိုအမ ဝင်လာကာစ အချိန်ကကဲ့သို့ မဟုတ် တော့သော ဒေါ်ခင်ထားရီ၏မျက်နှာကို သတိပြုမိသည်။

* * *

"ထင်သားပဲ၊ ကိုနိုင့်ကို အဲဒါတွေ လျှောက်မပြောနဲ့လို့ မမှာ လိုက်ရဘူး၊ အဲဒီအဖွားကြီးက သိပ်ဂုဏ်မက်တာ"

ကေသီက ကြက်သားဖတ်ကို ဖဲ့ရင်း ပြော၏။ သူဘာမှ ပြန်မပြောဖြစ်၊ ထမင်းကိုသာ ငုံ့စားနေမိသည်။

"ကေသီ ပထမဆုံးသွားလည်တုန်းကလဲ အဲလိုပဲ၊ ဟိုမေး မေးနဲ့။ နောက်မှ ကုမ္ပဏီပိုင်ရှင်ရဲ့ သမီး၊ အိမ်မှာ ကားနှစ်စီး ဘယ်ဆိုတာ သိသွားမှ ငြိမ်သွားတာ။ ကိုနိုင်ကလဲ ပြန်ပြောလိုက် သား၊ ကျွန်တော်က တူပေမယ့် မွေးစားသားလိုပါပဲလို့"

ဟင်းချိုတစ်ဇွန်းခပ်သောက်ရင်း- "ဘာလုပ်မှာလဲ ကေသီရာ ပါစေ"ဟု ပြန်ပြောဖြစ်သည်။ ကေသီက ထမင်း (၂)လုတ် လုတ်ခန့် တိတ်ဆိတ်စွာ စားနေရင်း "စာသင်ရတာကကော ဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ၊ သင်တယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဖတ်ပြ လိုက် အဓိပ္ပာယ် ပြောပြလိုက် လုပ်ရတာပါ"

"တွေးတွေးရောာ လာသင်မယ်လို့၊ လာသေးလား"

ထမင်းကို အပြီးသတ်ရင်း--

"အဲဒီနေ့ကတော့ မလာဘူး၊ နောက်နေ့တွေတော့ မပြောတတ် ဘူးလေ၊ လာရင်လာမှာပေါ့"

ဟုဖြေဖြစ်သည်။

ထိုင်ရာမှ ထလျက်၊ ပန်းကန်ဆေးရန် မီးဖိုထဲသို့ ဝင်၏။ ဘုံဘိုင်ခေါင်းကို ဖွင့်လျက် ပန်းကန်ဆေးရင်း ဒေါ်ခင်ထားရီ၏ မျက်နှာကို မြင်ယောင်မိသည်။ မှဟာဆန်သော နှစ်လိုဖွယ်ရာ ဖြစ်သော်လည်း ကေသီ၏ "ဂုဏ်သိပ်မက်တာ"ဟူသော သုံးသ ချက်ဖြင့် လိုက်ဖက်သော မျက်နှာထားဖြစ်သည်။

ပြင်ဆင်မှုဆိုင်ရာ ဥပဒေမှ အရေးကြီးသော ပုဒ်မများ တစ်ခုချင်း သက်ထားဝေအား ရှင်းပြနေစဉ် (၁၅)မိနစ်တစ်ခါ အခန်းဝမှ တစေ့တစောင်း လာလာကြည့်သော ဒေါ်ခင်ထားရီ၏ သဘောထားက သူနှင့် သက်ထားဝေအား စိတ်မချကြောင်း ထင်ရှား လှ၏။





ကော်ဖီသောက်ရန်ပြောစဉ် "ကိုနိုင်"ဟု တစ်ခါမျှသာ သက်ထားဝေ ခေါ်ခဲ့သော်လည်း ထိုတစ်ခါသည်ပင် ဒေါ်ခင်ထားရီ အတွက် သတိပြုစရာပင် ဖြစ်သွားခဲ့သည်ပဲဟု တွေးဖြစ်၏။

ဆေးပြီးသော ပန်းကန်ကို ကြောင်အိမ်ထဲသို့ထည့်ရင်း လက် သုတ်နေစဉ်မှာပင် ကေသီဝင်လာ၏။ စားပြီးသော ပန်းကန်ကို လက် ဆေးခွက်ထဲသို့ ထည့်ရင်း "ကေသီတော့ မြင်ယောင်သေးတယ်" ဟု မချိုမချဉ် ပြောသည်။

"ဘာမြင်ယောင်တာလဲ"

"စာသင်ရှင်းနဲ့ ဖူးစာဆုံကြမှာကို--"

"တော်ပါ ကေသီရယ်၊ အိပ်မက်ထဲမှာတောင် မဖြစ်နိုင်တဲ့ ကိစ္စကြီးပါ"

"အင်းလေ-ကြည့်သေးတာပေါ့"

မချိုမချဉ်ဖြင့် ကေသီပြုံးသည်။ သူပြုံးရန် ကြိုးစားကြည့်သော် ည်းမရ။ အသက်မပါသော ဟန်ဆောင်ပြုံးတစ်ခုကိုပင် မဖန်တီး ာတော့ပါလားဟု ရင်ထိတ်စွာ သတိပြုလိုက်မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒီနေ့တော့ ပြစ်မှုဆိုင်ရာ ဥပဒေနဲ့ အရင်စတာပေါ့"

"သက်ထားဝေနှင့် ထွေးထွေးဘက်သို့ တစ်ချက်ငေ့ရင်း၊ သူ ပြောလိုက်သည်။ သက်ထားဝေက ခေါင်းညိတ်လျက် ပြစ်မှုဆိုင်ရာ ဥပဒေစာအုပ်ကို ဖွင့်ရန်ပြင်သည်။

"မဖွင့်နဲ့ဦး မသက်ထားဝေ။ ကျွန်တော်တို့ အလွတ်သဘော အရင် ဆွေးနွေးကြမယ်။ လောလောဆယ် စာအုပ် မလိုသေးဘူး"

သူ့စကားကြောင့် သက်ထားဝေ စာအုပ်ကို ပြန်ပိတ်သည်။ ထွေးထွေးက နေကြာစေ့ကိုဝါးရင်း သူပြောမည့် စကားတို့ကို စိတ်ဝင်တစား စောင့်ဆိုင်းသည်။ အသံမထွက်ဘဲ ချောင်းဟန့်ရင်း ပြစ်မှုဆိုင်ရာမှ ဆွေးနွေးရန် ကောင်းမည့်အချက်တို့ကို စဉ်းစားလိုက်မိသည်။





ပုဒ်မတို့အား အမိပ္ပာယ်ဖွင့်ဆိုနည်းကို ရှင်းပြပါက စိတ်ဝင်စားကြလိမ့်မည်ဟူသော အတွေးနှင့်စကားစလိုက်မိသည်။

"ကျွန်တော်ပုဒ်မတွေအကြောင်း အရင်ပြောပြမယ်၊ ပြစ်မှုဆိုင်ရာဥပမဒေမှာ ပုဒ်မပေါင်း (၅၀၀)ကျော်ရှိတယ်။ (၅၀၀)ကျော်ဆိုလို့ အ,များကြီးမှါလားလို့ လန့်မသွားနဲ့။ တကယ်လေ့လာတဲ့အခါ အဲဒီ ပုဒ်မ (၅၀၀)ကျော်ကို နှစ်ပိုင်းပိုင်းပြီး လေ့လာလို့ရတယ်၊ တစ်ပိုင်းက အဓိပ္ပာယ်ဖွင့်ဆိုတဲ့ပုဒ်မ၊ နောက်တစ်ပိုင်းက ပြစ်ဒဏ်စီရင်တဲ့ပုဒ်မ၊ သက်ထားဝေတို့ တကယ်လေ့လာရမှာက အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ပုဒ်မ စာမေးပွဲမှာရော၊ တရားခွင်မှာပါ လက်တွေ့အသုံးပြုရမှာက အဲဒီပုဒ်မပဲ"

စကားကို ခေတ္တရပ်ရင်း သက်ထားဝေနှင့် ထွေးထွေးတို့ကို တစ်ချက်ကြည့်လိုက်သည်။ နှစ်ယောက်စလုံး သူ့စကားကို စိတ်ဝင်စားစွာ နားထောင်နေကြကြောင်း သတိပြုမိသည်။

"ပြစ်မှုတစ်ခု ဖြစ်ပြီဆိုရင် အဲဒီပြစ်မှုအတွက် ပုဒ်မက နှစ်မျိုးရှိတယ်၊ တစ်မျိုးက အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ပုဒ်မ၊ နောက်တစ်မျိုး က အပြစ်ဒဏ် စီရင်တဲ့ပုဒ်မ၊ ဥပမာ- (ခိုးမှု)ဆိုပါတော့။ ခိုးမှုမှာလည်း အစောက ပြောသလို ပုဒ်မ နှစ်မျိုးရှိတယ်။ (၃၇၈)အဓိပ္ပာယ်ဖွင့်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မရယ် (၃၇၉) ခိုးမှုကျူးလွန်ရင် (၃)နှစ်ထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်မျိုးလုံးဖြစ်စေ ချမှတ်ရမည်ဆိုတဲ့ ပြစ်ဒဏ်စီရင်တဲ့ ပုဒ်မရယ်”

“အဲဒီနှစ်မျိုးမှ ကျွန်တော်တို့ အဓိကလေ့လာရမှာက ပုဒ်မ (၃၇၈)ပဲ။ ပုဒ်မ (၃၇၈) အဓိပ္ပာယ်ဖွင့်ဆိုတဲ့ ပုဒ်မကို နားလည်မှ ခိုးမှုဆိုတာ ဘာလဲလို့ ကျွန်တော်တို့ သိနိုင်မယ်”

“ကိုရန်နိုင်”

“ပြော ထွေးထွေး”

ထွေးထွေးက တစ်ချက်ပြုံးရင်း--

“ဟိုလေ-ခိုးမှုဆိုတာ-ခိုးမှုပဲ မဟုတ်လား”

ထွေးထွေး၏ အမေးကြောင့် သူပြုံးလိုက်မိသည်။

သက္ကထားဝေက ထွေးထွေးကို မျက်စောင်းခဲရင်း-

“စာသင်နေတဲ့ဥစ္စာ။ ငြိမ်ငြိမ်နားထောင်စမ်းပါ”ဟု ဟန့်၏

“ဆောရီးဟာ- ဝင်နှောက်တာ အကျင့်ပါနေလို့”ဟု မျက်စ ပိုးသမ်ရင်း-ထွေးထွေးပြောသည်။

သူထွေးထွေးကို ပြုံး၍ကြည့်ရင်း--





“အကြမ်းဖျင်းအားဖြင့်တော့ မထွေးထွေးပြောသလို ခိုးမှုဟာ ခိုးမှုပါပဲ။ ဒါပေမယ့်- ဥပဒေကြောင်းအရတော့ ဒီလောက်နဲ့ မရတော့ဘူး၊ ဒီထက်ပိုပြီး အသေးစိတ်လာတယ်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ပိုပြီး တိကျလာတယ်။ ဘယ်လောက်ထိ အသေးစိပ်ပြီး ဘယ်လောက် တိကျသလဲဆိုရင် ကျွန်တော် ဖတ်ပြမယ်”

ပြောပြောဆိုဆို သက်ထားဝေ့ရှေ့မှ ပြစ်မှုဆိုင်ရာ ဥပဒေ စာအုပ်ကို လှမ်းယူပြီး ပုဒ်မ (၃၇၈)ကို ဖတ်ပြလိုက်သည်။

“တစ်ဦးတစ်ယောက်သောသူ၏ လက်ရှိမှ၊ ထိုသူ သဘော မတူဘဲ မည်သူမဆို၊ မရိုးမဖြောင့်သောသဘောဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို ယူရန် ကြံရွယ်၍၊ ထိုသို့ယူရန် ကိစ္စအလို့ငှာ၊ ထိုပစ္စည်းကို ရွှေ့စေလျှင်၊ ထိုသူသည် ခိုးမှု ကျူးလွန်သည် မည်၏- -တဲ့”

“ရှုပ်လိုက်တာနော်”

“ဥပဒေဆိုတာ အဲဒါပဲ၊ ဆိုလိုရင်းအဓိပ္ပာယ်ပေါ်အောင် စကားလုံးတွေနဲ့ ကျစ်ကျစ်လစ်လစ် ရေးထားရတော့ ရုတ်တရက်ဖတ်ရန် နားမလည်နိုင်ဘူး၊ တဲ--ကျွန်တော်တို့ ဒီပုဒ်မကို အဓိပ္ပာယ်ဖွင့် ကြည့်ရအောင်၊ ဒီပုဒ်မမှာ (တစ်ဦးတစ်ယောက်သောသူ၏ လက်ရှိ)



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာပါတယ်၊ ဒီတော့ အခိုးခံရမယ့်ပစ္စည်းအား တစ်စုံတစ်ယောက်ရဲ့ လက်ရှိပစ္စည်းဖြစ်ရမယ်၊ လက်ရှိပစ္စည်း မဟုတ်တာကို ခိုးမိရင် ခိုးမှု မဟုတ်တော့ဘူး"

"နောက်တစ်ခုက (သိုသူသဘောမတူဘဲ)ဆိုတဲ့စကား။ ဒီတော့ ပစ္စည်းကို လက်ရှိပိုင်ထားသူက သဘောတူလို့ပေးရင်လည်း ခိုးမှု မမြောက်ဘူး၊ ပြီးတော့ (မည်သူမဆို)ဆိုတဲ့ စကား။ ဒီစကားအရ ခိုးတဲ့သူဟာ ဘယ်သူမဆို ဖြစ်နိုင်တယ်၊ နောက်ဆုံး အဲဒီပစ္စည်းရဲ့ ပိုင်ရှင်တောင် ဖြစ်နိုင်တယ်"

"ဟော့တော့--"

ထွေးထွေးက တအံ့တဩ ရေရွတ်သည်။ သက်ထားဝေက "အံ့ဩစရာပဲနော်၊ ဘာဖြစ်လို့လဲ"ဟု မေးသည်။

"ဥပဒေထဲပါတဲ့အတိုင်း ပြောရတာလေ။ ဥပမာ-ဟောဒီဖြစ်မှု ဆိုင်ရာ စာအုပ်ဆိုပါတော့ ဒီစာအုပ်ဟာ ကျွန်တော်ပိုင်တဲ့ စာအုပ်ပဲ ဒါပေမယ့် မသက်ထားဝေကို ပေးထားလို့ မသက်ထားဝေရဲ့ လက်ထဲ ရောက်နေတယ်၊ ဒီတော့ မသက်ထားဝေရဲ့ လက်ရှိပစ္စည်း ဖြစ်နေ တယ်။ အဲဒီ မသက်ထားဝေရဲ့ လက်ရှိပစ္စည်း ဒီစာအုပ်ကို မသက် ထားဝေမသိအောင် ကျွန်တော်ပြန်တဲ့အခါ တိတ်တိတ်ကလေး ယူ





သွားမယ်ဆိုပါတော့၊ ဒါဆိုရင် ပုဒ်မ (၃၇၈)အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ကျွန်တော် ခိုးမှုကျူးလွန်ရာ ရောက်တယ်"

"ဟယ်"

ထွေးထွေးက အံ့အားတသင့် အာမေဍိတ်သံပြုသည်။

"ဒါတောင် အကုန်အဓိပ္ပာယ်ဖွင့်ဆိုရသေးတာ မဟုတ်ဘူး၊ အဲဒီပုဒ်မထဲမှာ မရိုးမဖြောင့်သောဆိုတဲ့ စကားရပ်၊ ရွေ့ပြောင်းနိုင်သော ပစ္စည်းဆိုတဲ့ စကားရယ်၊ ယူရန် ကြံရွယ်၍ဆိုတဲ့ စကားရယ်၊ ယူရန် အလို့ငှာ ထိုပစ္စည်းကို ရွေ့စေလျှင်ဆိုတဲ့ စကားရယ်၊ အဲဒါတွေပါ သေးတယ်"

"ဒါဖြင့် ဥပဒေဆိုတာ စကားလုံး တစ်လုံးချင်းကို လိုက်ပြီး အဓိပ္ပာယ် ဖွင့်ဆိုရတာပေါ့နော်"

သက်ထားဝေ မျက်လုံးလှန်ကြည့်ရင်း မေးသည်။

"ဟုတ်တယ်မသက်ထားဝေ၊ ဥပဒေမှာ စကားလုံးတစ်လုံး ဟာ သိပ်အရေးကြီးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စကားလုံးတိုင်းဟာ သူ့အဓိပ္ပာယ်နဲ့သူ ရှိနေတာကိုး။ ဒီတော့ စကားလုံးတစ်လုံးကြောင့် လူတစ်ယောက်ဟာ ပြစ်မှုမြောက်သွားနိုင်တယ်၊ ပြစ်မှုမြောက်မယ့်လို ဖြစ်ရာကနေ မမြောက်ဘဲလဲ ဖြစ်သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ။ လူသတ်မှုဆိုပါတော့–လူသတ်မှုမှာ (လူသေမှု မြောက်မယ့် ပတ်ဝန်းကျင် အကြောင်းခြင်းရာ မရှိခဲ့သော်)ဆိုတဲ့ စကားပါတယ်။ ဆိုလိုတာက လူသေမှု မြောက်မယ့် ပတ်ဝန်းကျင် အခြေအနေ မရှိရင် လူသတ်မှုပဲ၊ ဒီတော့ လူသေမှုမြောက်ပါတယ် ဆိုတာကို ပေါ်အောင် ပြနိုင်ရင်၊ ဒါလူသတ်မှု မဟုတ်တော့ဘူး လူသေမှု ဖြစ်သွားတယ်"

"လူသေမှုမြောက်ကြောင်း ဘယ်လိုပြလဲဟင် ကိုရန်နိုင်"

လူသေမှုမြောက်ကြောင်း ပြဖို့ ဘယ်လို အခြေအနေမျိုးမှာ လူသေမှုမြောက်သလဲဆိုတာတွေ သိဖို့လိုတာပေါ့ မွှေးတွေး"

"ဒါဖြင့် ရှေ့နေဆိုတာ အဲဒါတွေ အကုန်လုံး အလွတ်ရအောင် လုပ်ထားရမှာပေါ့နော်"

ထွေးထွေးအမေးကို သူပြုံးလျက် ခေါင်းညိတ်ပြလိုက်သည်။ ထွေးထွေးက မျက်နှာကို ရှုံ့မဲ့ရင်း––

"တော်ပြီ ဒီတစ်သက်ရှေ့နေ မလုပ်တော့ဘူး"

သက်ထားဝေက ရယ်ရင်း––

"ရှေ့နေစာမေးပွဲပဲ အရင်အောင်အောင် လုပ်ပါဦး ထွေးထွေး ရယ်"





ဟုပြောသည်။ သက်ထားဝေနှင့် ထွေးထွေးတို့၏ အပြန်အလှန် နောက်ပြောင်စကားတို့ကို နားထောင်ရင်း အိတ်ကပ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်သည်။

"ကိုနိုင်–သောက်ဦးလေ၊ အေးကုန်ပြီ"

သက်ထားဝေက သူ့ကို တစ်ချက် ငေ့ကြည့်ရင်း သူ့ရှေ့မှ ကော်ဖီပန်းကန်ကို လက်ညှိုးညွှန်ပြလျက် ပြောသည်။ သူခေါင်း ညိတ်ရင်း ကော်ဖီပန်းကန်ကို ဆွဲယူကာ တစ်ငုံငုံလိုက်သည်။ ပါးစပ်ထဲ ရောက်မှ ကော်ဖီမဟုတ်ဘဲ လက်ဖက်ရည်တွေ ဖြစ်နေကြောင်း သတိပြုမိသည်။

"ကောင်းရဲ့လား"

သက်ထားဝေက မျက်လုံးလှန်ကြည့်ရင်း မေးသည်။

"လက်ဖက်ရည်တွေပါလား"

"ကိုနိုင် ကော်ဖီမကြိုက်ဘူးဆိုလို့"

"ဟုတ်တယ် ကျွန်တော် လက်ဖက်ရည်ပဲ အသောက်များ တယ်"

ထွေးထွေးက သူ့ကိုပြုံးကြည့်ရင်း––

"ဘယ်လိုနေလဲ ကိုရန်နိုင်။ အဲဒီ လက်ဖက်ရည် ကောင်းရဲ့ လား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးသည်။ သူခေါင်းညိတ်ပြီးရင်း--

"ကောင်းတယ်၊ ဘယ်ဆိုင်ကလဲ"

သူ့စကားကြောင့် ထွေးထွေး ရယ်မောသည်။

သက်ထားဝေက တရားမစာအုပ်ကိုဖွင့်လျက် ခေါင်းငုံ့ဖတ်ရင်း ရှက်တက်တက်ဖြစ်နေကြောင်း သတိပြုမိ၏။

"အဲဒါ သက်ထားကိုယ်တိုင် ဖျော်ထားတာ၊ ထွေးထွေးက မြည်းကြည့်မလို့ဟာတောင်--

ရုတ်တရက် ထွေးထွေး စကားကိုရပ်ရင်း--

"အား" ခနဲအော်သည်။

"ကိုရန်နိုင်တွေ့လား--ထွေးထွေးကို လှမ်းဆိတ်ပြီး နှုတ်ပိတ်တာ"

လက်ဖက်ရည်ခွက်ကို ကိုင်ထားရင်းမှ အားတုံ့အားနာဖြင့် ဘာပြန်ပြောရမည် မသိ။ သက်ထားဝေက ရဲခနဲဖြစ်သွားသော မျက်နှာကိုငုံ့လျက်--

"အလကားပြောတာ ကိုနိုင်။ သူမဟုတ်တာတွေ လျှောက်ပြောနေလို့"





တုန်နေသော စကားသံကလေး၌ ရှက်ရွံ့ခြင်းတို့ သိသာစွာ လွှမ်းလျက်ရှိသော သတိပြုမိသည်။ မျက်နှာတစ်ခြမ်းကို ဆံပင်ရှည်များ ဖုံးလုမတတ်၊ ခေါင်းငုံ့ထားသော သက်ထားဝေဖော့ မည်သို့ရှိနေမည် မသိ။ သူ့ရင်တွင်း၌မူ တဒိန်းဒိန်းခုန်လျက် ရှိသည်။ စပ်ဖြဲဖြဲဖြစ်နေသော ထွေးထွေး၏ မျက်နှာကိုကြည့်ရင်း အခြားအကြောင်းအရာ တစ်ခုကို ပြောင်းပြောရန် စဉ်းစားလိုက်မိသည်။ အခန်းအပြင်ဘက်သို့ တစ်ချက် ငေ့ကြည့်လျက်--

"အန်တီတစ်ယောက်လဲ မတွေ့မိပါလား"

ဟု စကားစဖြစ်၏။ သက်ထားဝေက တည်ငြိမ်စပြုလာဟန်ဖြင့်--

"မေမေ အင်းယားမြိုင်ဘက် သွားတယ်၊ ဟို-- ကိုနိုင့်သူငယ်ချင်းအိမ်လေ"

အင်းယားမြိုင် ကိုနိုင့်သူငယ်ချင်းဟူသော စကားကြောင့် ဒေါ်လွင့်ကို ဖြတ်ခနဲ သတိရလိုက်မိသည်။

"ဒေါ်လွင့်ကို ပြောတာလား"

"ဟုတ်မယ်ထင်တယ်၊ ဟိုတစ်ခါ ကိုနိုင့်ရုံးမှာ တွေ့တဲ့တစ်ယောက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူ့နာမည် ဇော်လွင်ပဲ"

"မနေ့က သူ့အမေရယ်၊ သူရယ် မေမေ့ဆီ လာကြသေး
တယ်"

"သက်ထားဝေက ညှော်ခန်းထဲမှာ ကျောင်းက သူငယ်ချင်းတစ်
ယောက်နဲ့ ဖုန်းပြောနေတာ။ ညှော်သည်တွေလာတယ်ဆိုလို့ လှည့်
ကြည့်လိုက်တော့ အဲဒီအစ်ကိုကြီး ဖြစ်နေတယ်။ သက်ထားကိုတောင်
လှမ်းနှုတ်ဆက်သေးတယ်"

"ဪ-"ဟု ရေရွတ်ရုံမှအပ ပြန်လည်ပြောစရာ စကား
ရှားပါးလွန်းသည်။ လက်ဖက်ရည်ကို ငုံအသောက် ဒီနေ့ မေမေက
ထမင်းစား ဖိတ်ထားလို့ သွားတာလေ"ဟု သက်ထားဝေ ဆက်ပြော
သည်။ ထွေးထွေးက လွယ်အိတ်ထဲမှ ဗီးထုပ်ကိုထုတ်၍ ဖောက်
စားရင်းမှ "ထွေးထွေးနဲ့ သက်ထားကိုတောင် အန်တီက လိုက်ခဲ့
ခေါ်နေသေးတယ်။ စာသင်ဖို့ ချိန်းထားလို့ဆိုပြီး သက်ထားက ငြင်း
လိုက်တာ။ ဝါးတီးမှန်းမသိလို့ပေါ့၊ သိရင် လိုက်သွားပါတယ်"

ဟုပြောသည်။ သက်ထားဝေက ရယ်ရင်း--

"ဝက်ကြီးကျလိုက်တာ၊ နင့်အိမ်မှာ မစားရတာ ကျနေတာပဲ"





"ငါ့အိမ်မှာဆို အမေ့မျက်နှာ၊ အမေ့မျက်နှာ ကြည့်စားနေ
ရသေးတယ်။ သူများအိမ်မှာဆိုတော့ ဘယ်သူ့မျက်နှာမှ ကြည့်စရာ
မလိုဘူးလေ။ ခေါင်းငုံ့ပြီး တဝတီးရုံပဲ"

သက်ထားဝေက ပါးစပ်ပိတ်လျက် ရယ်မောသည်။

"မထင်ပါနဲ့ဟာ၊ အဲဒီအိမ်မှာ နင်ကြည့်ရမယ့် လူတစ်ယောက်
ရှိတယ်။ ကိုနိုင့် သူငယ်ချင်းလေ"

"ဟုတ်ကဲ့-ချောလားဟင်"

"ကိုနိုင့်ကို မေးကြည့်ပေါ့"

ထွေးထွေးက သူ့ဘက်သို့လှည့်ရင်း--

"ကိုရန်နိုင် အဲဒီတစ်ယောက်က ချောလား--"

ဟုမေး၏။ အခန်းထောင့်ရှိ စာအုပ်စင်ကို ငေးမောနေရာမှ
ထွေးထွေး စကားကြောင့် သူခေါင်းညိတ်ပြမိသည်။

"ကျွန်တော့်ထက်တော့ ချောတယ်"

ထိုစကားအဆုံးမှာပင် သက်ထားဝေ၏ ရီဝေသော အကြည့်
တစ်ချက်က သူ့ဆီသို့ ရွေ့လျားလာသည်။ ရွှန်းလဲ့သော မျက်ဝန်းညို
အစုံ၏ နားလည်ရခက်သောအကြည့် တစ်ချက်က မွန်းကျပ်နှမ်းလျ
ခြင်းတို့ကို ရင်၌ ဖြစ်တည်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်း ငွေ့ငွေ့ အချမှာပင်--

"သက်ထားတော့ မထင်ပါဘူး"

ဟူသည့် အသံက နားစည်ကို ရိုက်ခတ်၏။

*　*　*

"အမှန်ကို အမှန်အတိုင်း ဝန်ခံဖို့ကောင်းပြီ ရန်နိုင်"

အောင်တိုးက စားပွဲကို လက်ဖြင့်ခေါက်ရင်း ပြောသည်။ ဦးစီးထံတင်ရန် စာရွက်များကို ဖိုင်တွဲရင်း "ငါက ညာနေလို့လား" ဟု အောင်တိုးကို မကြည့်ဘဲ ပြန်ပြောဖြစ်၏။ အောင်တိုးက မရယ်ချင်ရယ်ချင် ရယ်သံပြုရင်း "ဒါက မင်းကိုယ်မင်း အသိဆုံးပဲလေ" ဟု ဆိုသည်။ စာရွက်ဖောက်သော ကိရိယာကို အံဆွဲထွင်းမှ ထုတ်ရင်း အစည်းအဝေးမှတ်တမ်းကို ဖိုင်တွဲရန် အပေါက်ဖောက်လိုက်သည်။ တစ်ဘက်စားပွဲရှိ လူပျိုကြီး၏ လက်နှိပ်စက်ရိုက်သံ တဖျောက်ဖျောက်က အောင်တိုး၏ စကားသံများနှင့် သူ့စိတ်ကို အနှောင့်အယှက် ဖြစ်စေ၏။ အောင်တိုးက သောက်လက်စ ဆေးပေါ့လိပ်တိုကို ယူလျက် မီးညှိရင်း---

"တစ်အချက် ကောင်မလေးက လှတယ်။ မျက်နှာရော ကိုယ်လုံးကိုယ်ပေါက်ရော၊ အသားအရည်ရော၊ ဆံပင်ရော ဘာမှ ပြောစရာမရှိအောင်ကို လှတာ"





"နှစ်အချက် မင်းကို အရေးပေးတယ်"

သူ့တစ်ခုခု ဓင်ပြောရန် ခေါင်းမော့စဉ်မှာပင် အောင်တိုးက လက်ကာ၍ တားရင်း--

"နေဦး၊ မပြင်းနဲ့ဦး၊ ငါပြောတာ ဆုံးအောင်နားထောင်"

စကားကို ခေတ္တရပ်လျက် ဆေးပေါ့လိပ်ကို ဖွာသည်။ ထို့နောက် စကားဆက်၏။

"သုံးအချက်--မင်းနဲ့ မကြာခဏ ဆုံတယ်၊ အခန်းတစ်ခန်းထဲက စားပွဲတစ်လုံးထဲမှာ အတူတူထိုင်ရင်း စာသင်ပေးရတယ်"

"တစ်ပတ်မှာ နှစ်ခါပါ အောင်တိုးရာ၊ ဒါကလဲ--"

"ခဏလေး--ကျန်သေးတယ်၊ ဒီအချက် နည်းနည်းလဲ အရေးကြီးတယ်။ လေးအချက်ပေါ့- ဘာလဲဆိုတော့ ကောင်မလေး ကိုယ်တိုင်ကလဲ မင်းကို စိတ်ဝင်စားနေတယ်"

"ဟာ--အဓိပ္ပာယ်မရှိ"

"မဟာနဲ့လေ၊ အဲဒါအမှန်ပဲ၊ အဲလိုအချက် (၄)ချက် သုံးသပ်ကြည့်လို့ရတဲ့ မိန်းကလေးတစ်ယောက်ကို မင်းက စိတ်မဝင်စားပါဘူးဆိုတာ အင်မတီအင်မတန်ကို မဖြစ်နိုင်တဲ့ကိစ္စ၊ စိန်နဲ့ သံပုရာ သာက်ပြီးပြောရင်တောင် သေခါနီး ကယောင်ကတမ်းပြောတာလို့ပဲ ထင်မယ်၊ ငါတော့ လုံးဝမယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



လေပူတစ်ချက် မှုတ်ထုတ်ရင်းမှ အောင်တိုးကို ငေးကြည့်မိသည်။ အောင်တိုးကတော့ ဆေးပေါ့လိပ်ကို တစ်ချက်ရှိုက်ရင်း–

"ကျောင်းတုန်းက လင်လိုမယားလို အတူတူ ဖက်အိပ်လာခဲ့ကြတဲ့ ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက် အပေါ်မှာတောင် မင်းဆက်ပြီး ညာနေချင်တယ်ဆိုရင်တော့ ငါလဲ မတတ်နိုင်တော့ဘူး၊ မင်းသဘောပဲ။ မင်းဝန်ခံချင်ခံ၊ ဝန်မခံလဲ နေတော့"

ခပ်ဆတ်ဆတ်ပြောလာသော အောင်တိုး၏ စကားကြောင့် ပင့်သက်တစ်ချက်ကို ရှိုက်ရင်း––

"ဖြစ်မှ မဖြစ်နိုင်ပဲ အောင်တိုးရာ"

ဟု ပြောဖြစ်သည်။

"မင်းကို ဖြစ်နိုင်မှာ မဖြစ်နိုင်တာ ဆွေးနွေးနေတာ မဟုတ်ဘူး၊ သက်ထားဝေအပေါ်မှာထားတဲ့မင်းရဲ့သဘောထားအမှန်ကို မေး နေတာ။ မင်း သူ့ကို တကယ်စိတ်မဝင်စားဘူးလား"

"ငါ––"

တစ်ပိုင်းတစ်စဖြင့် ဟန့်သွားသော သူ့အပြောကို အောင်တိုးက စိတ်မရှည်စွာကြည့်ရင်း––

"ငါမေးမယ်၊ မင်း သက်ထားဝေကို စိတ်မဝင်စားဘူးလား"





"ငါ–ဟိုဒင်း။ အေး စိတ်တော့ စိတ်ဝင်စားသလိုပဲ"

"ရှစ်"

အောင်တိုးက စုတ်သတ်ရင်း ခေါင်းကို ခါယမ်းသည်။ တ အောင်ကြာမှ––

"မင်း သူ့ကို ချစ်တယ်ပေါ့"

လေးကန်တုံ့ဆိုင်းစွာ သူခေါင်းညိတ်ဖြစ်၏။

"ဒီလိုမှပေါ့–အဲလို သတ္တိရှိရှိနဲ့ ရဲရဲဝံ့ဝံ့ ဝန်ခံစမ်းပါ"

အောင်တိုးကဲ့ ကျေနပ်ဟန်ဖြင့် ပြောသည်။ သူ့ဘာမှ ခွန်းတုံ့ မပြန်ဖြစ်။ တွေဝေစွာ ငေးငိုင်နေမိသည်။ အတန်ကြာမှ အောင်တိုး ဘက်သို့လှည့်ရင်း––

"ခုပြောတာတွေကို မင်း ရင်ထဲမှာပဲထားကွာ။ ဘယ်သူ့မှ လျှောက်မပြောနဲ့"

ဟု စကားပိတ်ဖြစ်၏။ အောင်တိုးက ရယ်ရင်း––

"ဘာဖြစ်လို့လဲ"

"ငါ––ဘယ်သူ့မှ မသိစေချင်ဘူးကွာ"

"ဇော်လွင့်ကိုရော––"



www.burmeseclassic.com

www.burmeseclassic.com



ဇော်လွင်ဟူသော အမည်ကြောင့် ဆပ်ခနဲ ခေါင်းမော့ကာ အောင်တိုးကို ကြည့်မိသည်။ အောင်တိုးက မျက်လုံး မှေးစင်းလျက် အကဲခတ်သလိုကြည့်သည်။ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ခြောက်ကပ်သော အသံဖြင့်--

"မပြောနဲ့"

အောင်တိုးက ခေါင်းတညိတ်ညိတ်ပြုရင်း နားလည်ရခက်သော အပြုံးတစ်ခုကို ပြုံး၏။ ထိုအပြုံးသည် သူ့စိတ်ကို အနှောက်အယှက်ဖြစ်စေသော အပြုံးမျိုးပင် ဖြစ်သည်။ တအောင့်ကြာမှ ထိုအပြုံးကို အောင်တိုးရပ်သည်။ ထိုနောက်--

"တစ်နေ့က ရှုံးဆင်းတော့ ငါဖိုလ်အောင်ကျော်လမ်းဘက်ကို ရောက်သေးတယ်။ ငါ့ဦးလေးတစ်ယောက်ဆီသွားတာ၊ (အက်စ်အိုးစ်ဒီ)နားရောက်တော့ ဇော်လွင်နဲ့ မ ြ ာယ်။ သူပြန်ထွက်ဖို့ကိစ္စ လာ စုံစမ်းတာတဲ့"

"ဟုတ်လား-ဘယ်လိုလဲ နီးပြီလား"

"အနည်းဆုံး သုံးလေးလတော့ ကြာဦးမယ်ပြောတာ ဒီကောင်နဲ့ ငါ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်သေးတယ်။ အဲဒီမှာ သက်ထားဝေအကြောင်း စကားစဖြစ်တယ်"





"သက်ထားဝေ"ဟူသော အမည်ကြောင့် ရင်သည် သိသာစွာ လှုပ်ခတ်၏။ သူ့ကွယ်ရာမှာ သူမြတ်နိုးနေတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို သူမဟုတ်တဲ့ အခြားယောကျ်ား နှစ်ယောက်က စကားစဖြစ်ကြသည်ဟူသော အသိက နှလုံးသားကို ဝမ်းနည်းသလိုဖြစ်သွားစေသည်။ ယင်းသည်ပင် နှမြောတွန့်တိုခြင်း တစ်မျိုးဟုဆိုရလေမည် မသိ။

"အဲဒီမှာ ဇော်လွင်က ပြောတယ်--"

တစ်ဝက်တစ်ပျက်ဖြင့် စကားကိုရပ်ရင်း အောင်တိုး ဆေးပေါ့လိပ်တိုကို မီးညှိသည်။ အောင်တိုးကို ငေးကြောင်စွာ ကြည့်နေမိသည်။ အောင်တိုးက ဆေးပေါ့လိပ်ကို မီးညှိအောင် နှစ်ဖွာသုံးဖွာခန့် ဖွာလိုက်၏။ ပြီးတော့မှ--

"သူသက်ထားဝေတို့အိမ် ရောက်သေးတယ်တဲ့။ နှစ်ခေါက်လောင်ဆိုပဲ၊ တစ်ခေါက်က သူ့အမေနဲ့ လိုက်သွားတာ၊ နောက်တစ်ခေါက်ကတော့ သူ့ဖာသာသူ အကြောင်းမရှိ အကြောင်းရှာပြီးခင်သွားတာတဲ့။ ဘာသွားလုပ်တာလဲလို့တော့ ငါမမေးလိုက်မိဘူး။ ခါသေမယ့် ဘုရားတည်ဖို့၊ ကျောင်းဆောက်ဖို့ကိစ္စ ဆွေးနွေးဖို့သွားတာရယ်တော့ ဟုတ်မယ်မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လပ္ပတစ်ချက်ကို အောင်တိုး မရိပ်မိအောင် ဖြည်းညင်းစွာ မှုတ်ထုတ်ဖြစ်သည်။ အောင်တိုးက သူ့ဘက်ကို လှည့်ကြည့်ရင်း–

"မင်းကော ဘယ်လိုထင်လဲ"

ဟု မေးသည်။

ရေနံ့နှုတ်ပိတ် ဆိတ်ဆိတ်နေရုံမှ လွဲ၍ သူ့အတွက် အခြား လုပ်စရာမရှိ။

* * *

"မောင်နိုင်ရေ ဖုန်းလေး ပြေးကိုင်လိုက်စမ်းပါကွာ"

နိုင်ငံခြားမဂ္ဂဇင်း စာအုပ်တစ်အုပ်ကို ကိုင်ဖတ်နေသော ဦးလေး က လှမ်းအော်သည်။

"ဟုတ်ကဲ့ဦး"

ဟုပြောရင်း ဧည့်ခန်းထောင့်မှ တယ်လီဖုန်းဆီသို့ လှမ်းမိ အစိမ်းနုရောင်ဖုန်းခွက်ကို မ,ယူရင်း–"ဟုတ်ကဲ့ အမိန့်ရှိပါ" ထူးလိုက်သည်။

"ကေသီရှိပါလားရှင်"

"ဩော်–ကေသီအပြင် ထွက်သွားပါတယ် ခင်ဗျာ၊ ဒေါ်လေး ဈေးလိုက်သွားတာပါ"





နားထောင်ခွက်ထဲမှ အသံတိတ်သွား၏။ ပြန်လာရင် ဘာပြော သေးရမလဲဟု မေးရန်ပြစဉ်မှာပင် ချိုလွင်သော အသံက ထွက်လာ သည်။

"ခုစကားပြောနေတာ ကိုနိုင်လားဟင်"

"ဟုတ်ကဲ့"

"ခုမှပဲ ကိုနိုင့်အသံကို ကြားရတော့တယ်"

ကိုနိုင်ဟူသော အခေါ်အဝေါ်နှင့် ချိုလွင်ရှတသော အသံတိုးတိုး ဆားကြောင့် သက်ထားဝေဟု သိလိုက်သည်။

"မသက်ထားဝေလား"

"ဟုတ်ကဲ့။ ကိုနိုင်က ဘယ်သူလို့ ထင်လို့လဲဟင်"

"ဟင်အင်း မထင်ပါဘူး"

"သက်ထားလို့ ချက်ချင်းသိတယ်ပေါ့"

စွဲလမ်းမြတ်နိုးနေမှုတို့ကို ထုတ်ဖော်ရာ ရောက်သော မေးခွန်း မျိုးပါလားဟူသော အသိဖြင့် ဖြေရန် တွန့်ဆုတ်နေမိသည်။

"ဖြေလေ––"

"ဟို–ကျွန်တော် မသက်ထားဝေ အသံကို မှတ်မိနေပါတယ်၊ ဟိုတစ်ခါ ဖုန်းပြောဖူးတယ် မဟုတ်လား"

ရယ်သံလွင်လွင် တစ်ခုကို ကြားရသည်။

"လွန်ခဲ့တဲ့နှစ်လလောက်က ကြားရတဲ့ ဖုန်းထဲက အသံကို အခုထိ မှတ်မိနေတယ်ဆိုတော့ သက်ထား အသံက ထူးထူးခြားခြား ကြီး ဆိုးဝါးနေလို့ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



မာန်ဆောင်ရယ်သံတစ်ခုကို သူပြုမိလိုက်သည်။ သက်ထားဝေက ဘာမှထပ်မပြောဘဲ ခေတ္တနှုတ်ဆိတ်နေသည်။ ပြီးမှ--

"သက်ထား ကေသီဆီကို ဖုန်းဆက်တိုင်း ကိုနိုင်တစ်ခါမှ လာမကိုင်ဖူးဘူးနော်"

"ဟုတ်တယ်၊ ကျွန်တော် ဖုန်းကိုင်ခဲ့တယ်လေ၊ ဧည့်ခန်းထဲ အရောက်နည်းတော့ သိပ်မကိုင်ဖြစ်ဘူး"

"ဟုတ်လား--ဒါဆို--ခုတောင် ကံကောင်းလို့ တွေ့ရတာပေါ့နော်"

ပြောရင်း သက်ထားဝေ ခပ်တိုးတိုး ရယ်သည်။ ထို့နောက် နှစ်ယောက်စလုံး အတန်ကြာ တိတ်ဆိတ်သွားကြသည်။ ဖုန်းထဲမှ ပြည်တွင်းဖြစ် ဂီတသံ တိုးတိုးကြားရသည်။

"ကိုနိုင့်ကို အသိပေးစရာ ရှိသေးတယ်၊ ကိုနိုင်စိတ်မဆိုးနဲ့နော်"

ခွင့်တောင်းသလိုလို၊ စကားကြောင့်--

"ဘာများပါလိမ့်"ဟု သူမေးဖြစ်၏။ သက်ထားဝေက--

"ကိုနိုင့်ကဗျာကိစ္စပါ"

ဟုဆို၏။ မေ့လျော့ထားခဲ့မိသော--ထိုကဗျာအကြောင်းက ခေါင်းထဲသို့ ရုတ်တရက် တိုးဝင်သည်။

"ဟုတ်လား--ဘာဖြစ်လို့လဲ"ဟု ထစ်ငေါ့စွာ မေးဖြစ်၏။ သက်ထားဝေက ဒီလိုပါ အစချီရင်း--



BURMESE CLASSIC .com



"ပြီးခဲ့တဲ့အပတ် ကိုနိုင်စာသင်ပြီး ပြန်သွားတော့ သက်ထား ရယ်၊ ထွေးထွေးရယ် စာကြည့်ခန်းထဲမှာ လက်ဖက်သုပ်စားရင်း စကားပြောပြစ်ကြတယ်။ အဲဒီမှာ ထွေးထွေးက တရားမစာအုပ်ကို ကြည့်ရင်း ကိုနိုင့်ကဗျာလေးကို တွေ့သွားတယ်၊ ပြီးတော့ ဖတ် ကြည့်ပြီး ကိုရန်နိုင် ရေးပေးတာလားတဲ့ မေးတယ်"

"ဩော်--"

ဟုရေရွတ်စကားကို ဆိုဖြစ်၏။

"သက်ထားလဲ ပထမတော့ ဟုတ်တယ်လို့ ပြောမလို့ဘဲ။ ါပေမယ့် အဲလိုပြောလိုက်ရင်၊ ဟိုလေ--ကို--ကိုနိုင်နဲ့ သက်ထားကို နေမှာစိုးလို့--"

အဖျားခတ်တုန့်ယင်လျက် သက်ထားဝေ အသံ ရပ်ဆိုင်း ည်။ တအောင့်ကြာမှ စကားစ၏။

"အဲဒါနဲ့ မဟုတ်ဘူးလို့ ပြောလိုက်တယ်"

နှစ်ယောက်စလုံး ပြောစရာစကား မရှိတော့သည်နှယ် တိတ် ဆိတ်သွား၏။

ရပါတယ်။ ဟုတ်တာပေါ့။ ဒီလိုပဲပြောရမှာပေါ့ စသဖြင့် စ်ခုခု ပြန်ပြောရန် သင့်သော်လည်း သူဘာမှ ပြန်မပြောဖြစ်။

www.burmeseclassic.com



"ကိုနိုင်စိတ်ဆိုးလားဟင်"

"ဗျာ–ဘာကိုလဲ မသက်ထားဝေ"

"ကိုနိုင်ရေးတဲ့ ကဗျာလေးကို ကိုနိုင်ရေးတာ မဟုတ်ဘူးလို့ ပြောလိုက်မိလို့လေ"

"ဪ–ဟင့်အင်း မဆိုးပါဘူး"

"သက်ထားလဲ ကြံရာမရဆိုတော့ ပြောမိပြောရာ ပြောခဲ့ လိုက်မိတာ"

"ရပါတယ်"

"ဒါတောင်–တွေးတွေးကစသေးတယ်"

တယ်လီဖုန်းကြိုးကို ဘယ်လက်ဖြင့် တို့ထိ ဆော့ကစားနေရင်းမှ––

"ဟုတ်လား။ ဘယ်လိုစလို့လဲ"ဟုမေးရန် ကြံလိုက်သည်။ ပြီးမှ– မမေးသင့်ပါဘူးလေဟူသော အတွေးဖြင့် နှုတ်ဆိတ်၏။

"ဘယ်လိုစလဲသိလား"

ဟု သက်ထားဝေ ရယ်မောရင်း မေးသည်။

ရိပ်မိသလိုရှိသော်လည်း "ဟင့်အင်း"ဟု ဖြေဖြစ်သည်။ သက်ထားဝေက ချက်ချင်းမဖြေသေးဘဲ အချိန်ဆွဲနေသည့်နှယ် အတန်ကြာသည်အထိ ရယ်သံလွင်လွင်တို့ကို ပြုနေသေးသည်။ အတော်ကြာမှ–

"ဟိုလေ"





ဟု အစချီ၍ တစ်ပိုင်းတစ်စဖြင့် စကားသံ တုံ့ဆိုင်း၏။ စိတ်လှုပ်ရှားစွာပင့်သက်မောကို ရှိုက်သွင်းမိသည်။

"တွေးတွေးကစတယ်၊ ကိုနိုင်ကတဲ့– သက်ထားကို ကဗျာလေးနဲ့ စောင်းပြီး သူ့ရင်ထဲက ခံစားချက်ကို ဖွင့်ပြတာထင်တယ်တဲ့၊ ဟင်း––ဟင်း–– ရယ်စရာကြီးနော်"

အသက်မပါသော ဟန်ဆောင်ရယ်မောသံတစ်ခု ပြုရင်း "ရယ်စရာကြီးနော်"ဟု သူမပြောလာသည့်တိုင် သူမရယ်နိုင်။

ကမ္ဘာ့ဆွဲအား ကင်းမဲ့သော အရပ်ဒေသတစ်ခုသို့ ရောက်နေသည့်နှယ်။ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးစွာ မျောလွင့်နေသလို ခံစားလိုက်ရသည်။

အံ့သြခြင်းနှင့်အတူ ခြေဖျားလက်ဖျားတို့ အေးစက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အဲဒီနောက်တော့ တော်တော် သက်သာသွားတယ်။ ဒါပေမယ့် မင်းအဖေအကြောင်းလဲ မင်းအသိပဲကွယ်။ နားနားနေနေ နေပါ ဆိုတာ ပြောမရဘူး။ ဟိုစပ်စပ် ဒီစပ်စပ် ဝင်ပါနေရမှ ကျေနပ်တဲ့ လူမျိုး မဟုတ်လား။

ဆေးရုံးစဉ်းတာကအစ နောက်ဆုံး အလိပ်ရေတဲ့အထိ နည်း နည်းတော့ ဝင်ပြီး လုပ်လိုက်ရမှ။ ဘယ်နေ့ အိပ်ရာထဲ ပြန်လဲဦးမယ် မဆိုနိုင်ဘူး။ မင်းလဲ စာရေးရင် မင်းအဖေကို နားနားနေနေ နေဖို့ ထည့်ရေးစမ်းပါဦး။

အမေ့စာကို ဖတ်နေရင်းမှ လက်ညှိုးတထိုးထိုးဖြင့် ဟိုဟာ ဝင်ပြောလိုက်၊ ဒီဟာ ဝင်လုပ်လိုက် လုပ်နေမည့် အဖေ့ပုံကို မြင် ယောင်မိသည်။ အစစအရာရာကို ကိုယ်တိုင်ပင်လုပ်ရမှ စိတ်တိုင်း ကျတတ်သည့် အဖေ့အကျင့်သည် မည်သူ့စကားကြောင့်မှ ပျောက် တော့မည် မဟုတ်ဟု တွေးဖြစ်၏။ ဘာပဲဖြစ်ဖြစ် စာလှမ်းရေး၍ တားရဦးမည်ဟု စဉ်းစားလိုက်မိသည်။





---မင်းခေါ်လေးနဲ့ရော အဆင်ပြေရဲ့လား။ မေးသာမေးရ တာပါ၊ မင်းနဲ့တော့ မတည့်စရာ မရှိပါဘူး။

မင်းအဖေကတော့ ပြောနေတယ်။ မင်းနယ်ပြောင်းချင်တယ် ဆိုတာ ဘာဖြစ်လို့လဲတဲ့။ သူ့သဘောကတော့ ရန်ကုန်ရုံးချုပ်မှာပဲ ဆက်လုပ်စေချင်တယ်တဲ့။ နောက်ဆုံး မိန်းမယူရင်တောင် ရန်ကုန် သူကိုပဲ ယူပြီး အဲဒီမှာ အခြေချစေချင်တယ်တဲ့။

စာကို ဖတ်နေရင်း သူပြုံးလိုက်မိသည်။

BURMESE CLASSIC .com

---မင်းတော့ ရန်ကုန်သူတွေ ဘာတွေ တွေ့နေပြီလား။ တွေ့ရင်လဲ အမေတို့ကို စာရေးအသိပေးဦးပေါ့။ အမေတို့ ဝမ်းသာ တာပေါ့ကွယ်။ အငယ်ကောင်ကတောင် ဟိုနေ့က ထမင်းစားရင်းနဲ့ -ကြီး ရန်ကုန်သူသူဌေးသမီးတွေ ဘာတွေနဲ့ ရရင်ကောင်းမယ်။ ...နင်တော်တို့လဲ ရန်ကုန်ပြောင်းနေရတာပေါ့လို့ ပြောနေလေရဲ့။

အမေ့သဘောကတော့-ကိုယ့်နဲ့ အဆင့်အတန်းချင်း သိပ်ကွာ ... မိန်းကလေးတွေ ဘာတွေကို မမှန်းစေချင်ဘူး။ ဝတ္ထုတွေထဲကလို ...ဘယ်လောက် တင့်တောင်းပါ။ အင်းယားလိတ်မှာ မင်္ဂလာဆောင် ...ပါဆိုတာမျိုးနဲ့ ကြုံရင် အခက်။ ဒီတော့-- အိမ်ထောင်ပြုမယ် ...ရင် ကိုယ်နဲ့ အဆင့်အတန်းချင်းတူတဲ့ မိန်းကလေးမျိုးပဲ ...စားစေချင်တယ်။ အမေတို့ကတော့--



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွားသည့် ဝါကျကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။ နောက်တစ်မျက်နှာသို့ ဆက်ဖတ်ရန် အင်အားကုန်ခန်းစွာဖြင့် စာကို ပြန်ခေါက်ရင်း စားပွဲပေါ်သို့ တင်လိုက်မိသည်။

ကိုယ်နဲ့ အဆင့်အတန်းချင်းတူတဲ့ မိန်းကလေးမျိုးကိုပဲ စဉ်းစားချင်တယ်–ဟူသည့် အမေ့စာကြောင်းများက စကားသံအဖြစ် နားထဲ ပဲ့တင်ရိုက်ခတ် မြည်ဟိန်း၏။

လေပူတစ်ချက်ကို မောပန်းစွာ မှုတ်ထုတ်ရင်း သက်ထားေ ကို ကွယ်ငြိစွဲလမ်းနေမိသည့် သူ့အဖြစ်ကိုသာ အမေသိလျှင် ဘယ် လောက်များ တုအံ့တသြ ဖြစ်လိုက်မလဲဟူသည့် အတွေးဖြင့် နှလုံးသားသည် ကျုံ့မြေ့၏။

"ကိုယ့်အိုးနဲ့ ကိုယ့်ဆန် တန်ရုံပေါ့ သားရယ်"ဟူသည့် စကား ဖြင့် မကြာခဏ ဆုံးမတတ်ခဲ့သော အမေသည် ဦးနောက်နှ နှလုံးသားအား အချစ်၌ ဆင်ခြင်ပိုင်းခြားနိုင်မှုချင်း အတူတူ သ မှတ်ခဲ့လေသည်လား––။

အသည်းနှလုံးတို့သည် မည်သည့်အချစ်၌ မိုက်ရူးရဲဆန်စွ အဆင်အခြင်မဲ့တတ်ကြောင်း အမေ မသိပါလားဟူသော အတွေးဖြ ရင်အစုံသည် မွမ်းကျပ်ပူလောင်စွာ ခံစားရ၏။

ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ပြတင်းအပြင်သို့ အကြည့်မှာပင် သရက်သီးခူးနေသော ကေသီနှင့် ဦးအောင်ကြီးကို တွေ့ရသည်။ ပြတင်းပေါက်ပေါင်ကို လက်ဖြင့်ထောက်ရင်း ငေးကြည့် နေမိသည်။





ခွေးခြေပုလေးအပေါ်တွင် တက်ရပ်ရင်း ကေသီလက်ညှိုး ညွှန်သော အသီးကို တံချူဖြင့် မမီတမီ ဦးအောင်ကြီး လှမ်းခူးသည်။

ခြေများကို ထောက်လျက် အကိုင်းဖျားမှ သရက်သီးကို လက် ဆန့်တန်းရင်း အခူးမှာပင် ဦးအောင်ကြီး ဟန်ချက်ပျက်ယွင်း၏။ ယိုင်စောင်းသွားသော ခွေးခြေနှင့်အတူ တံချူလွှတ်လျက် ဦးအောင် ကြီးလဲကျသည်။

ဟာ–ခနဲ အာမေဋိတ်သံ ရေရွတ်ရင်း သူ့တစ်စုံတစ်ခု လှမ်း ပြောရန် ပြင်စဉ်မှာပင်––

ပေကျံသွားသော ဖုံသဲတို့ကို ခါရင်း တဟဲဟဲရယ်လျက် ဦးအောင်ကြီး မတ်တပ်ပြန်ရပ်လေသည်။ ဦးအောင်ကြီးအဖြစ်ကို သဘောကျစွာပြုံးရင်း–

'ကဲ–မမှီတဲ့အရာကို တုံးခုလှမ်းတော့ လိပ်ကျရော မဟုတ် လား"

ဦးအောင်ကြီးကို ရည်ရွယ်လျက် ရယ်စရာပြောလိုက်သော ကေသီ၏ မှတ်ချက်စကားက နားစည်မှတစ်ဆင့် ရင်တွင်းသို့ စီးဝင် ၏။

* * *

www.burmeseclassic.com

## အခန်း (၄)

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ်"

ဥယျာဉ်လုပ်သားနှင့်အတူ ပိန်းပန်းအိုးများကို နေရာ
နေသော အန်တီမျိုးက လှမ်းမေး၏။ သူစိမ်းတစ်ယောက်နှယ် မေ
လိုက်သော အန်တီမျိုး၏ စကားကြောင့် သူကြောင်တော်တော
ဖြစ်သွားမိ၏။ ဘေးနားမှ အောင်တိုးက--

"ကျွန်တော်တို့ပါ အန်တီရ--ဇော်လွင်ရှိလား" ဟု မေးသည
အန်တီမျိုးကရယ်ရင်း--

"ရှိပါတယ်ကွယ်--မတွေ့တာကြာလို့ မင်းတို့နှစ်ယောက်
ရုတ်တရက် မမှတ်မိဖြစ်သွားတာ--"

သည်တော့မှ မလာတာကြာသော သူတို့နှစ်ယောက်ကို အ
တီမျိုး တမင်နောက်တာဟု သဘောပေါက်ရင်း ရယ်လိုက်မိသည





အောင်တိုးက--

"အန်တီမျိုးကလဲ--အဟုတ်မှတ်လို့-- ကျွန်တော်တို့ လန့်သွားတာပဲ"

ဟုပြောသည်။ "သွား--အိမ်ထဲဝင်ကြဦး။ ဇော်ဇော်ကတော့ ဗီဒီယိုထိုင်ကြည့်နေလား မသိဘူး" ဟု အန်တီမျိုးက ပြောသည်။
သူနှင့်အောင်တိုး ကွန်ကရစ်လမ်းလေးအတိုင်း အိမ်ကြီးဆီသို့ လျှောက်
သာဖြစ်သည်။ တာရာဇိုခင်းထားသော လှေကားထစ်များအတိုင်းတက်
င်း ခြင်လုံသံဇကာတံခါးကို ဆွဲဖွင့်လျက် အိမ်ထဲဝင်လိုက်သည်။
ည့်ခန်းနှင့်ကပ်လျက် ဗီဒီယိုကြည့်ခန်းသို့ အကူးမှာပင် တစ်
ယောက်တည်း ဗီဒီယိုထိုင်ကြည့်နေသော ဇော်လွင့်ကို တွေ့ရ၏။
ခြေသံကြားသဖြင့် ဇော်လွင် လှည့်ကြည့်သည်။

"ဟာ ဘယ်သူများလဲလို့၊ နှမပေးတွေ လန့်သွားတာပဲ"

"နိုင်ငံခြား လေ့ထိုးသားလုပ်နေပြီး--လန့်ရတယ်ရှိသေး"

"သဘောသားလုပ်စမ်းပါကွာ--လန့်တာပေါ့၊ ငါကြည့်နေ
တာက သရဲကားဟ--"

သူရော အောင်တိုးပါ ဇော်လွင့်ဘေးမှ ကြိမ်ကုလားထိုင်နှင့်
ခုံဆိုင်ထိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ဝင်လာကြလဲပဲ့ မေးသည်။"

"မင်းဆီ တမင်လာတာ"

"လုပ်ကွာ၊ ကော်ဖီလေးဘာလေး တိုက်စမ်းပါ၊ လမ်းလျှောက်ပြီးဝင်လာရတာ မောလိုက်တာ"

အင်းလျားမြိုင်မှာ မှတ်တိုင်မှ ဇော်လွင်တို့ခြံအထိ တမျှော်တခေါ်ကြီး လျှောက်ခဲ့ရခြင်းကို ရည်ညွှန်းလျက် အောင်တိုး ကော်ဖီ တောင်းဆိုသည်။

"ဟုတ်တယ် ဇော်၊ မုန့်လေးဘာလေးပါ ကျွေးရင် ပိုကောင်းမယ်၊ ဗိုက်ဆာနေတယ်"

ဟု သူ ဝင်ပြောဖြစ်သည်။ ဇော်လွင်က--အေးပါ ကျွေးပါ့မယ်"ဟု ပြောလျက် အိမ်ဖော် အမျိုးသမီးကိုခေါ်ကာ ကော်ဖီနှင့် မုန့် စီစဉ်ခိုင်း၏။

"လာကွာ-ငါ့အခန်းထဲသွားမယ်"

ထိုင်ရာမှ ထရင်း ဇော်လွင့်အခန်းဆီသို့ သွားဖြစ်၏။ ကားဂိုဒေါင်အပေါ်ထပ်တွင် သီးသန့်တိုးချဲ့ဆောက်လုပ်ထားသော ဇော်လွင့်အခန်းသို့အရောက်မှာပင်--။





"ရန်နိုင်-မင်း ဒီနေ့ စာသွားမသင်ဘူးလား"ဟု ဇော်လွင် မေးသည်။ (ဒန်လော့) ခုတင်တွင် ဝင်ထိုင်ရင်း ဇော်လွင့်ကို မော့ကြည့်လျက်--

"ဘာစာလဲ"

"(အီတ်ချ်ဂျီပီ)စာပြောတာ။ သက်ထားဝေတို့ကို သွားမသင်ဘူးလားလို့"

ဪ်ဟု ရေရွတ်ရင်း "ညနေမှ"ဟု ပြောဖြစ်သည်။ အောင်တိုးက ဆက်တီတွင် ဝင်ထိုင်ရင်း (ပိုင်အိုးနီးယား)ကက်ဆက်လုပ်ကိုနှိပ်လျက် ခပ်တိုးတိုး ဖွင့်၏။ သို့သော် အောင်ကိုး၏အာရုံက ဆောင်းဘောက်ထဲမှ ထွက်လာသော အသံတွင် မရှိ။ သူနှင့် ဇော်လွင်တို့၏ စကားသံများကို စူးစိုက်နားထောင်နေကြောင်း သိသာသည်။ ဇော်လွင်က အံဆွဲတွင်းမှ (မာလ်ပိုရို)ဗူးကိုထုတ်လျက်ဆောက်ရင်း--

"မနေ့ကတောင် ငါရောက်သေးတယ်"

ဟု ခပ်တိုးတိုးပြောသည်။ မည်သည့်နေရာကို ဟူသော နေရာဖြစ်မမပါသော်လည်း သက်ထားဝေ၏အိမ်ကိုဟု ဖြည့်စွက် နားလည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဝေနဲ့ တွေ့လား-- ဘာတွေ ပြောဖြစ်ကြသေး

ဟု မေးချင်သော်လည်း မမေးရဲ။ ခေါင်းညိတ်ကာ နားထောင်နေမိ

ဇော်လွင်က နှုတ်ခမ်းတွင် ကိုက်ထားသော စီးကရက်ကို (ဇစ်ပို)မီးခြ

ဖြင့် မီးညှိရင်း--

"သက်ထားဝေနဲ့တော့ မတွေ့ဘူး--အဘွားကြီးနဲ့ပဲ စကား

ပြောခဲ့ရတယ်"

အောင်တိုးက ကော်ဖီဆက်ခလုပ်ကို ချောက်ခနဲပိတ်ရင်း

"ကျောင်းက ပြန်မရောက်သေးလို့ နေမှာပေါ့"ဟု ထင်

ချက်ဝင်ပေး၏။ ဇော်လွင်က ပိရိသေသပ်သော နှုတ်ခမ်းကို တွန်

ပြုံးသည်။ ဘာမှတော့ဆက်မပြော။

"အောင်တိုးက ထိုင်ရာမှ ထရင်း--

"နေစမ်းပါဦး။ မင်းက သက်ထားဝေဆီကို ဘာသွား

လုပ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

အံ့ဩဟန်ဖြင့် ဇော်လွင်မေးသည်။

"မပြောတတ်ဘူးလေ။ မင်း ခဏခဏသွားနေတော့

ထားဝေကိုများ ကြိုက်နေသလားလို့"





အောင်တိုးစကားကြောင့် မရယ်ချင် ရယ်ချင်ဟန်ဖြင့် ဇော်

လွင် ရယ်သည်။

"ကြိုက်ရကောင်းမလားလို့-လေ့လာနေတာပါ"

ဇော်လွင့်စကားက ရင်ထဲကို ဆွစ်ခနဲ ဖြစ်သွားစေ

အောင်တိုးက--

"လာဖြန်ပြီတစ်ယောက်--"

ဇော်လွင်က အောင်တိုးကို ဖြတ်ခနဲ မော့ကြည့်၏။

"လာဖြန်ပြီ တစ်ယောက်--ဆိုတော့--ငါ့အပြင်

ယောက် ရှိနေသေးလို့လား"

အောင်တိုး ခေါင်းညိတ်ပြသည်။ "ဘယ်သူလဲ"ဟု ဇော်လွင်

၏။ အောင်တိုး၏အကြည့်က သူ့ဆီကို ဖြတ်ခနဲ ရောက်လာ

သည်။ သူ အောင်တိုးကို ခပ်တည်တည် စိုက်ကြည့်ရင်း မသိသော

ခေါင်းယမ်းပြမိသည်။

"ဘယ်သူလဲ အောင်တိုး"

"ငါလေ"

အောင်တိုး၏ စကားကြောင့် ဇော်လွင်မျက်နှာ

၏။ "တကယ်လား"--ဟု ဇော်လွင်မေးသည်။ အောင်တိုး



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်း--

"အလကားပါကွာ၊ တမင်နှောက်တာပါ"

ဖော်လွင်က စိတ်လက် ပေါ့ပါးသွားဟန်ဖြင့် ရယ်မော

ထိုအချိန်မှာပင် အိမ်ဖော် အမျိုးသမီး ကော်ဖီနှင့် မုန့် လာပို့သ

အောင်တိုးက လင်ဗန်းကို လှမ်းယူရင်း စားပွဲပေါ်သို့ တင်သ

ကိတ်မုန့်တစ်ချပ်ကို ဖော်လွင် နှိုက်စားရင်း--

"ရှိန်နိုင်--စားလေ--"ဟုပြော၏။

သီးစုံကိတ်မုန့်ကို လှမ်းယူလျက်စားရင်း "ဖော်လွင်"

ခေါ်လိုက်မိသည်။ ဖော်လွင်က သူ့ဘက်သို့လှည့်ကြည့်ရင်း ဘာ

ဟူသော သဘောဖြင့် မေးဆပ်ပြသည်။

ဖော်လွင့်ကို ငေးကြည့်ရင်းမှ မမေးတော့ဟု ရည်ရွ

မျိုသိပ်ထားသော မေးခွန်းတစ်ခုကို မေးဖြစ်လိုက်သည်။

"မင်း-သက်ထားဝေကို စိတ်ဝင်စားနေလား"

ဖော်လွင်က ချက်ချင်း မဖြေသေးဘဲ-ရယ်မောနေသ

တစ်အောင့်ကြာမှ--

"ဘာလဲ--မင်းက စာပေးပေးမလို့လား"

"မင်းစိတ်ဝင်စားနေတယ်ဆိုရင်တော့--"



"အလကားပါကွာ။ ငါလဲ ဒီလိုပဲ ဟိုပြောဒီပြော လျှောက်ပြော

နေတာပါ။ ဒီလောက်ကြီး မဟုတ်သေးပါဘူး"

ဖော်လွင်အဖြေစကားကြောင့် သက်ပြင်းတစ်ချက်ကို မသိမသာ

ချလိုက်မိသည်။ အောင်တိုးက ခေါင်းတညိတ်ညိတ် လုပ်ရင်း၊

ကိတ်မုန့်ကို ပလုပ်ပလောင်းစားသည်။

"ဒါပေမယ့်-တစ်ခုတော့ရှိတယ်"

ရုတ်တရက် ထွက်ပေါ်လာသော ဖော်လွင့်၏ စကားသံကြောင့်

သူရော အောင်တိုးပါ ဖော်လွင့်မျက်နှာဆီသို့ ဖြတ်ခနဲ အကြည့်ရောက်

သွားသည်။

အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် နှစ်လိုဖွယ်ရာ ဖော်လွင့်မျက်

နှာက ပကတိ တည်ငြိမ်လျက်ရှိသည်။ ဖော်လွင်က ဘယ်သူ့ကိုမှ

ကြည့်ဘဲ စကားဆက်သည်။

"နောက်ပိုင်းတော့ စိတ်ဝင်စားလာမလား မပြောတတ်ဘူး"

သောက်လက်စ ကော်ဖီသည် အရသာကင်းမဲ့သွားသည်ဟု

ထင်လိုက်မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ငဒေါ်လိုက်ပို့မယ် ပြောတုန်းက ခေါင်းညိတ်လိုက်ရင် ပြီး ရော"

ဆေးပေါ့လိပ်ကိုဖွာလျက် သူပြောဖြစ်၏။ "တမင်လိုက်မပို့ခိုင်းတာ မင်းနဲ့ စကားပြောချင်လို့"-ဟု အောင်တိုး အဖြေပေးသည်။ အင်းလျားမြိုင်လမ်းထိပ်ရှိ ရေစက်နှစ်ထပ်တိုက်ကလေးသားအရောက် ပုဆိုးပြင်ဝတ်ရင်း ခေတ္တရပ်ဖြစ်သည်။ အောင်တိုးက သူ့နည်းတူ လိုက်ရပ်လျက် ဆေးပေါ့လိပ်တိုကို မီးညှိသည်။

ထို့နောက် ကားမှတ်တိုင်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာ မိသည်။ "မင်းနဲ့ စကားပြောချင်လို့"ဟူသော အောင်တိုး၏ စကားပလင်က သက်ထားဝေအကြောင်းကို စတင်ရန် အစပြုခြင်းဟု နားလည်သည်။

"ဘာပြောမလဲ--ပြောလေ"ဟု သူမမေးမိ။ နှုတ်ဆိတ်ငြိမ် သက်စွာ လျှောက်နေမိသည်။

"မင်းပြတ်သားဖို့ ကောင်းပြီ ရန်နိုင်"

ဘာကို ပြတ်သားရမှာလဲ။ ဘယ်ကိစ္စကို ရည်ရွယ်တာလဲ ဘာအတွက်လဲဟု မသိဟန်ဆောင်ရင်း လျှောက်မမေးချင်တော့ ခေါင်းငုံ့လျက် ခြေလှမ်းမမှားအောင် လျှောက်နေမိ၏။





"အခုအချိန်ဟာ မင်းပြတ်ပြတ်သားသား ဆုံးဖြတ်ရမယ့် အချိန်ပဲ"

သက်ပြင်းခိုးတစ်ခု မသိမသာ ချဖြစ်သည်။

"ငါပြောတာကို နားလည်လား ရန်နိုင်။ မင်း သက်ထားဝေကို ဖွင့်ပြောဖို့ကောင်းပြီ"

"ငါမပြောချင်ဘူး"

"ဘာ---"

အောင်တိုး၏ အသံက အနည်းငယ် မာဆတ်ဆတ် ဖြစ်နေသည်။ တက္ကသိုလ်ရိပ်သာလမ်း တလျှောက်လှမ်းမျှော်ကြည့်ရင်း-

"ဟုတ်တယ်-အောင်တိုး-ငါ-ငါဖွင့်မပြောချင်ဘူး"

လမ်းလျှောက်ခြင်းကို အောင်တိုး တုံ့ခနဲရပ်၏။ အောင်တိုးနည်းတူ လိုက်ရပ်ရင်း ကိုရီးယားသံရုံးရှေ့ရှိ သင်ပုန်းပေါ်တွင် ကပ်ထားသော ဓာတ်ပုံများကို အကြောင်းမဲ့ ငေးကြည့်နေမိသည်။

"ဘာဖြစ်လို့လဲ ရန်နိုင်-အကြောင်းပြချက်က ဘာလဲ"

အောင်တိုး မျက်နှာဆီသို့ ဖြတ်ခနဲ အကြည့်ရွှေ့ရင်း "သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောချင်တာက–ဖွင့်မပြောရက်လို့။ ဖွင့်မပြောရဲလို့ အောင်တိုး”

“မင်းနားလည်မှလား မသိဘူး–ဒီလိုကွာ–ငါ–သူ့ကို ဖွင့်ပြောလိုက်ရင် သူအံ့ဩသွားလိမ့်မယ်။ မထင်မှတ်တဲ့ လူတစ်ယောက်က ချစ်တယ်ဆိုတဲ့ စကားကို ကြားလိုက်ရလို့ သူတုန့်လှုပ်သွားလိမ့်မယ်။ ပြီးတော့ စိတ်ဆိုးချင် ဆိုးမယ်၊ ဒေါသဖြစ်ချင်လဲ ဖြစ်မယ်၊ ခင်မင်မှုကို အလွဲသုံးစားလုပ်ရကောင်းလားလို့ ရန်တွေ့ချင်လဲ တွေ့မယ်”

“နောက်ဆုံး ကုန်ကုန်ပြောရရင်ကွာ၊ အဲ–ဒါတွေ တစ်ခု မဖြစ်ဘူးထားဦး။ အနည်းဆုံးတော့–သူ–ရှက်သွားလိမ့်မယ်”

အောင်တိုး အံ့ဩဟန်ဖြင့် သူ့ကို စိုက်ကြည့်သည်။

“ငါ့ကြောင့် သူ့စိတ်အနှောင့်အယှက် တစ်ခုခု ဖြစ်သွားမှာ စိတ်ဓာတ်အနာတရ တစ်စုံတစ်ရာ ဖြစ်သွားမှာ မလိုလားဘူး အောင်တိုး၊ ငါသူ့ကိုချစ်တာ–ချစ်တယ်ဆိုတာ ဖွင့်မပြောရဲလောက်အောင် ကိုချစ်တာ”

စကားအဆုံး အောင်တိုးက ငေးကြည့်မိ၏။ အောင်တိုး





အံ့ဩမှု မပြယ်သေးသော မျက်နှာဖြင့်–သူ့ကို အတန်ကြာ စိုက်ကြည့်နေသည်။ တအောင့်ကြာမှ ခေါင်းကို ခါယမ်းရင်း––

“တော်တော်ကြောင်တာပဲ”ဟု ရေရွတ်၏။

“ကောင်းပြီ––မင်းကို ငါတစ်ခုမေးမယ်၊ မင်းသူ့ကို ဖွင့်မပြော ရဲတာ–သူ့စိတ်အနှောင့်အယှက် ဖြစ်သွားမှာစိုးတာ တစ်ခုတည်းကြောင့် ပေါ့–ဟုတ်လား”

သူ မဖြေဖြစ်။ အောင်တိုးကို ငေးကြည့်နေမိသည်။

“တကယ်လို့–သူ့အတွက်–စိတ်အနှောင့်အယှက် ဖြစ်စရာ မဟုတ်ဘူးဆိုရင်ကော––”

မီးသေနေသော ဆေးပေါ့လိပ်ကို နှုတ်ခမ်းတွင် ကိုက်ရင်း အိတ်ကပ်ထဲမှ ဓာတ်ခွေ့မီးခြစ်ကို ထုတ်ကာ မီးညှိလိုက်သည်။ အောင်တိုးက သူ့ကို စိတ်မရှည်စွာ စိုက်ကြည့်ရင်း––

“ကောင်မလေးကလဲ မင်းလိုပဲ မင်းအပေါ်မှာ တစ်ဖက်သတ် ချစ်နေတယ်၊ မင်းဆီက ဖွင့်ပြောလာမယ့်စကားကို တိတ်တခိုး မျှော် လင့်နေတယ်ဆိုရင်ကော––မင်းဘယ်လို လုပ်မလဲ။ မင်းဖွင့် မပြောဘဲ နေတာဟာ မှန်ပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



တိတ်တခိုးဟူသော အသုံးအနှုန်းက ရင်ထဲကို လှပ်ခနဲဖြစ် သွားစေသည်။ ဆေးပေါလိပ်ကို ဖွာရင်း--

"သူ ငါ့ကို ချစ်တာ မဟုတ်ပါဘူး--အောင်တိုး၊ စိတ်ကစားနေတာပါ"

"မင်းဘာကြောင့် ပြောနိုင်သလဲ"

စိတ်မပါစွာ ရယ်မောလိုက်မိသည်။

"သူ့လို မိန်းကလေးတစ်ယောက် စိတ်ဝင်စားနိုင်၊ ချစ်နိုင်လောက်တဲ့ အရည်အချင်း ငါ့မှာ ဘာရှိသလဲ အောင်တိုး--မင်းစဉ်းစားကြည့်လေ--ငါ့လို--"

"အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့၊ ရန်နိုင်ရာ။ မင်းစကား အဓိပ္ပာယ်မရှိဘူးဆိုတာ မင်းသိမှာပါ။ ဘာလို့လဲဆိုတော့--မင်းက သူနဲ့ ပိုနီးစပ်နေတဲ့ကောင်ပဲ၊ ငါတို့လို ခဏလေးတွေ့ရတဲ့ လူမျိုးတောင်မှ သူမင်းကို စိတ်ဝင်စားနေတယ်ဆိုတာ ချက်ချင်းရိပ်မိသေးတာပဲ"





သူ့ငြင်းရန်ပြင်စဉ်မှာပင် အောင်တိုးက သူ့ကို စိုက်ကြည့်သည်။

"သက်ထားဝေ-မင်းကို ချစ်နေတယ် ရန်နိုင်၊ အဲဒါ သေချာတယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ခြံတံခါးကို လက်နှိုက်၍ဖွင့်ရင်း ဝင်လိုက်သည်။ အိမ်ထဲသို့ အရောက် တံခါးကိုပြန်စေ့လျက် သော့ချိတ်ခါ အိမ်သို့ လှမ်းလိုက်သည်။ စပါယ်ရုံနားအရောက် "ရှတ်--ရှတ်"ဟူသော အသံကြောင့် ခေါင်းငုံ့ကြည့်မိ၏။ ကံ့ကော်ပင်အောက် ဒန်းပေါ်မှ လက်ယပ်ခေါ်နေသော ကေသီကို တွေ့ရ၏။ နှင်းဆီအိုးများကြားမှ ဖြတ်လျက် ကေသီထိုင်နေရာသို့ လျှောက်လာမိသည်။

"ဘယ်လျှောက်သွားနေတာလဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ--ကိုနိုင့်တပည့်မက ကိုနိုင် ဒီနေ့ စာလာမသင်လို့တဲ့ စိတ်ပူပြီး ဖုန်းတဂွမ်ဂွမ်နဲ့ ဆက်ဆက်မေးနေတယ်-





စောစောကပဲ တစ်ခေါက်ဆက်သေးတယ်။ ကိုနိုင်ပြန် မလာသေးဘူးလားတဲ့။ နားကိုငြီးနေတာပဲ၊ ဘာဖြစ်လို့ သက်ထားတို့ဆီ စာသွားမသင်တာလဲ"

ကေသီ့အားတွင် ဝင်ထိုင်ရင်း--

"အေးဟာ–အောင်တိုးတို့နဲ့ စကားကောင်းနေတာနဲ့ မသင်ဖြစ်လိုက်ဘူး"

ဟုပြန်ဖြေဖြစ်သည်။

အောင်တိုးနှင့်သူ အင်းယားမြို့ထိပ်တွင် ရပ်စကားပြောရင်းမှ လှည်းတန်းထိပ်ထိ လမ်းလျှောက်ကာ စေတနာရှင်တွင် ထိုင်ဖြစ်ကြသည်။

ပြီးတော့--သက်ထားဝေကိစ္စနှင့် ပတ်သက်၍ ဆက်ဆွေးနွေးဖြစ်ကြသည်။ စာသွားသင်ရန် သတိရမိသော်လည်း သွားချင်စိတ်ကုန်ခန်းကာ အောင်တိုးနှင့်အတူ ဆက်ထိုင်နေဖြစ်သည်။

"ကိုနိုင်ကတော့စံပဲ–သွားမသင်ဖြစ်ဘူးဆိုလဲ ဖုန်းနဲ့ဖြစ်ဖြစ် ဆက်ပြီး ဒီနေ့စာလာမသင်တော့ဘူးလို့--ပြောလိုက်တာမှမဟုတ်ဘူး ဟိုက တစောင့်စောင့်နဲ့–သနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ညည်းညည်းညူညူပြောလာသော ကေသီစကားကြောင့် အတွေးစတို့ကို ဖြတ်တောက်ရင်း--

"အေးဟာ--ကိုနိုင်လဲ မေ့သွားတယ်"ဟု ပြောဖြစ်၏။

စာသင်ချိန်တွင် သူမရောက်လာပါက သက်ထားဝေ မျှော်နေလိမ့်မည်ဟု သိသော်လည်း ဒီလောက်အထိ ဖုန်းဆက်ပြီး အရေးတယူ မေးမြန်းလာလိမ့်မယ်ဟု မထင်မိခဲ့။ "သက်ထားဝေ--မင်းကို ချစ်နေတယ် ရန်နိုင်"

အောင်တိုး၏ စကားသံကို ဖြတ်ခနဲ ကြားယောင်လိုက်မိသည်။

"မနက်ဖြန်တော့--သွားသင်မှာလား"

"ဟင်--သြော်--သင်မှာပေါ့--တစ်ပတ်မှာ စနေ၊ တနင်္ဂနွေ နှစ်ရက်သင်ရတဲ့ ဥစ္စာ"

ကေသီက နေကြာစေ့ကို တဖျောက်ဖျောက်ဝါးရင်း "ထမင်း မစားရသေးဘူး မဟုတ်လား၊ "သွားစားလိုက်ဦး"ဟု ပြော သည်။ ထိုင်ရာမှ ထရပ်ရင်း အိမ်ဘက်သို့ လျှောက်လာမိသည်။ ခြေလှမ်း ၄-၅ လှမ်းခန့်အရောက် "သြော်--ကိုနိုင်၊ သက်ထားက ပြောတယ်-ကိုနိုင်ပြန်လာလာချင်း သူ့ဆီဖုန်းဆက်ခိုင်းပါတဲ့၊ ဆက်လိုက်ဦး။ တော်ကြာ--ခများမယ် မစားနိုင်၊ မအိပ်နိုင်နဲ့ စိတ်ပူနေဦးမယ်"





ကေသီ့အသံက ခြေလှမ်းတို့ကို အများမှားအယွင်းယွင်း ဖြစ်စေသည်။

* * *

"ပြောလေ--"

ချိုလွင်စူးရှသော အသံက သတ္တုခွက်ထဲမှတစ်ဆင့် နားတွင်းသို့ စီးဝင်သည်။ အစိမ်းနုရောင် တယ်လီဖုန်းကိုယ်ထည်ကို ငေးကြည့်နေရင်းမှ--

"အောင်တိုးတို့နဲ့ စကားကောင်းနေလို့ပါ"ဟု ဖြေလိုက်သည်။

"မယုံပါဘူး။ စာလာမသင်တော့ဘူးဆိုတဲ့ အကြောင်းကို ဖုန်းဆက်ပြီးအကြောင်းကြားဖို့ မေ့သွားတယ်ဆိုကတည်းက ကိုနိုင်နဲ့ စကားကောင်းနေတဲ့ လူဟာ ကိုအောင်တိုး မဖြစ်နိုင်ဘူး--"

"မသက်ထားဝေက ဘယ်သူလို့ ထင်လို့လဲ"

"ကိုနိုင့်အဆက်တွေ ဘာတွေ ဖြစ်မှာပေါ့"

သက်ထားဝေ၏ စကားကြောင့် ခပ်တိုးတိုး ရယ်မောလိုက်မိသည်။

"မိုးလို့တောင် ရှုစရာ မရှိပါဘူး"

"ဘုရားစူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ"

ခေတ္တမျှ သက်ထားဝေ အသံတိတ်ဆိတ်သွား၏။ ဖုန်းခွက်ကိုညာလက်မှ ဘယ်လက်သို့ ပြောင်းကိုင်လိုက်သည်။

"အဆက်မရှိပေမယ့် တစ်ဖက်သတ် ချစ်နေရတဲ့ မိန်းကလေးတွေ ဘာတွေတော့ ရှိမှာပါနော်"

ထင်မြင်ချက်ပေးဟန်ဖြင့် ပြောလာသည့် စကားကြောင့်ရင်တွင်း၌ အေးခနဲ ဖြစ်သည်။

"ရေလာရန်တူးပေးသော မြောင်းကို ရေးရေးမျှမြင်ရပြီ"ဟု နားလည်လိုက်မိသည်။"

"ရှိတယ် မဟုတ်လား"

စောစောကပြောသော အသံများထက်ပင် ပို၍တိုးသောအသံဖြင့် သူမ ထပ်မေးသည်။ ဖုန်းကြိုးကို စိတ်လှုပ်ရှားစွာ လက်ဖြင့် ဆော့ကစားရင်းမှာ--

'ရှိတာပေါ့ဟု/ပြောလိုက်ရလျှင် ကောင်းလေမလား'ဟု အပြင်အထန် စဉ်းစားနေမိသည်။ ရှိတယ်ဟူသော အဖြေစကား၏ အဆုံး'ဘယ်သူလဲ'ဟူသော မေးခွန်းမျိုး သူမ မေးလာပါက ဘာလုပ်ရမလဲဟု စိတ်စောစွာ တွေးမိသည်။





"မင်း ဖွင့်ပြောဖို့ ကောင်းပြီ ရန်နိုင်"

ညနေကပြောခဲ့သော အောင်တိုး၏ တိုက်တွန်းစကားက နားသို့ကပ်၍ ပြောနေသည့်နှယ်--ပီသကျယ်လောင်စွာ ပဲ့တင်ထပ်၏။ စကားစရန် လည်ချောင်း ရှင်းရင်း--

"မသက်--ထား--ဝေ--"

ဟုခေါ်လိုက်မိ၏။

"ရှင်--"

သူ့အသံထက်ပင် ပို၍ တိုးသော ပို၍ တုန်ယင်နေသောအသံ ဖြင့် သူမထူးသည်။ တယ်လီဖုန်း စကားပြောခွက်ကို နှုတ်ခမ်းသို့ ပိုမိုတိုးကပ်ရင်း လေကိုတဝ ရှူသွင်းလိုက်မိသည်။ သွေ့ခြောက်သော နှုတ်ခမ်းတို့ကို ဟလျက် စကားစရန် ကြံစည်စဉ်မှာပင်--

ဒေါ်ခင်ထားရီ၏ အသံ မသဲမကွဲကို ဖုန်းခွက်တွင်းမှ ကြားသည်။ သူရုံးစိုက် နားထောင်စဉ်မှာပင် သက်ထားဝေ ဖုန်းခွက်ကိုလက်ဖြင့် အုပ်လိုက်ဟန်တူသည်။ စကားသံတို့ တိတ်ဆိတ်သွားသည်။ အောင့်ကြာမှ "ကိုနိုင်"ဟူသော သက်ထားဝေ၏ အသံတိုးတိုးကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဘယ်သူနဲ့ ဖုန်းပြောနေတာလဲတဲ့၊ ဖုန်းပြောတာ ကြာလို့ဆူနေတယ်--နောက်နေ့မှ ဆက်ပြောရအောင်နော်"

"ဟုတ်ကဲ့"

"မနက်ဖြန် လာမယ်မဟုတ်လား"

"အင်း"

"ဆက်ဆက်လာနော်--သက်ထား မျှော်နေမယ်"

စကားပြန်မစောင့်ဘဲ သက်ထားဝေ ဖုန်းချသွားသည်။ လေ ကားထစ်များစွာကို အပြေးတက်ခဲ့ရသူ တစ်ယောက်နယ်--ဗိုလ်လှိုက် မောပန်းစွာဖြင့် ဖုန်းခွက်ကို ဖြည်းညင်းစွာ ချလိုက်မိ၏။

* * *

"လှ--လိုက်--တာ"

နှုတ်ခမ်းများမှတစ်ဆင့် ရှန်းကန်ပွင့်အန်ရန် အားယူနေသော ရေရွတ်စကားတို့ကို အလျင်အမြန် မျိုသိပ်လိုက်ရသည်။ ခေါင်းလျှော် ပြီးခါစ နက်မှောင်နေသော ဆံပင်ရှည်ရှည်ကြီးများဆီမှ မွှေးပျံ့သော ရနံ့တစ်ခုက စားပွဲဝိုင်းကိုဖြတ်လျက် သူ့ဆီသို့ ပြန့်လွင့်လာ၏။

အမျိုးအစားကို ခန့်မှန်းရန် ခက်သော မွှေးပျံ့ဝင်းဝါနေသော သနပ်ခါးတို့က သူမ၏အလှကို ပို၍ ရင်ခုန်ဖွယ် ဖြစ်လေ





ကျ်နုဝသာမက လည်တိုင်နှင့် လက်မောင်းတို့တွင်ပါ နုညက်သော သနပ်ခါးမှုန်မှုန်ကို တွေ့ရသည်။ ဝတ်နေကျ ရင်ဖုံးအင်္ကျီမျိုးပင် ဖြစ်သော်လည်း ဝတ်ခဲ့သော အနက်ရောင်ကြောင့် တမူထူးခြားစွာ လှပ၏။

မခို့တရို့အပြုံးတစ်ခု ပြုံးလျက် လက်ထဲမှ စာအုပ်တို့ကို စားပွဲပေါ်သို့ ချရင်း ကုလားထိုင်ကို ဆွဲယူဝင်ထိုင်သည်။

"ဆံပင်ကို (ဟဲဒရိုင်ယာ)နဲ့ မှုတ်နေတာနဲ့ နည်းနည်းနောက် ကျသွားတယ်"

သူ့ကို တစ်ချက်ကြည့်ရင်း သက်ထားဝေပြုံးရှင်းချက် ပေးသည်။

"ထွေးထွေးကော မလာဘူးလား"

"မလာဘူး--"ဟု သက်ထားဝေ ဖြေသည်။ ပြီးမှ စာအုပ် များဘက်သို့ အကြည့်လွှဲလိုက်ရင်း--

"ဒီနေ့ စာမသင်ဖြစ်ဘူး၊ မလာနဲ့လို့ တမင်ပြောခိုက်တာ၊ စကားရှုပ်နေမှာ"

သက်ထားဝေ၏ ရှုပ်နေမှာဟူသော အသုံးအနှုန်းက သူ့အား ရင်ခုန်မြန်စေသည်။

"သူက စာကောင်းကောင်းသင်မှာ မဟုတ်ဘူး၊ ဟိုလျှောက် နောက် ဒီလျှောက်နောက်နဲ့--"



www.burmeseclassic.com

www.burmeseclassic.com



မလုံမလဲဖြင့် သက်ထားဝေ ရှင်းပြသည်။

ထိုနောက် နှစ်ယောက်စလုံး တိတ်ဆိတ်ငြိမ်သက်သွားကြ သည်။ စာအုပ်စင်ဘက်သို့ ငေးကြည့်နေသော သက်ထားဝေ တစ်ချက် ခိုးကြည့်မိသည်။

ဝင်းဝါနုညက်သော ပါးပြင်မို့မို့လေးနှင့် နှင်းဆီဖူးငုံ နှုတ်ခမ်း အစုံကို ငေးမောရင်း ရင်တွင်း၌ အသက်ရှုကြပ်လာသည့်နှယ် တင်း နေ၏။

တံတွေးတစ်ချက်ကို မျိုချရင်း စကားစရန် ကြိုးစားကြ သည်။

သို့သော်-- မည်သည့်အကြောင်းအရာကို ဦးတည်ရမည်မသိ (၁၅ပေ၊ ပေ၂၀အခန်း အကျဉ်းလေးတစ်ခုအတွင်းရှိ ၅ပေခန့် ကျယ်သော စားပွဲဝိုင်းတစ်ခု၌ အတူတကွ ထိုင်နေကြသူနှ အကြားပြောစရာစကား ရှားပါးသွားရသည့် အဖြစ်မှာ အံ့သြ ကောင်းလှသည်)။ 'စာသင်ကြရအောင် မသက်ထားဝေ'ဟု စကား စရန် စဉ်းစားမိသော်လည်း သင်ရမည့် စာအုပ်များက ပြားပြားမော ရင်း အကြောင်းမဲ့ ကုတ်ခြစ်နေကြသည့် သူမ၏ ဆင်စွယ်ရော လက်ချောင်းသွယ်သွယ်လေးများအောက်၌ ရောက်နေသည်။





စာအုပ်အဖုံးကို တစ်ချက်အကြည့် ပြောင်းပြန်အနေထား ဖြစ် သော်လည်း တရားမစာအုပ်ဟု ဖွင့်မေးစရာမလိုဘဲ သိနေသည်။ ထိုစာအုပ်၏ နောက်ဖုံးအတွင်းဘက်မှ မှင်အနက်ဖြင့် ရေးထားသော ကဗျာတစ်ပုဒ်အကြောင်း စကားစရကောင်းမလားဟု ကတုန်ကယင် တွင် တွေးမိ၏။

"သက်ထား"

တံခါးဝမှ ရုတ်တရက် ထွက်ပေါ်လာသည့် အသံကြောင့် နှစ်ယောက်စလုံး ဆတ်ခနဲ တုန်သွားသည်။ သူရော၊ သက်ထားဝေပါ ပြိုင်တူလိုလို အကြည့်၊ လက်ဖက်ရည်ဇန်းကိုင်လျက် ဝင်လာသော အိမ်ဖော်အမျိုးသမီးကို တွေ့ရသည်။

"ဒီပေါ်တင်ခဲ့"

သက်ထားဝေ ချခိုင်းသောနေရာတွင် ဇန်းကိုချရင်း အမျိုးသမီး ကြီး ပြန်ထွက်သွား၏။

"ကိုနိုင်-လက်ဖက်ရည် သောက်ဦးလေ၊ စာသင်ရတာ မောနေ ပြီ"

လက်ဖက်ရည်ကို ငှဲ့ရင်း ပြောလာသည့် သက်ထားဝေ၏ အသံစကားက ရယ်စရာ ကောင်းသော်လည်း သူ့ခြောက်ကပ် ခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဝေ ကမ်းပေးသော လက်ဖက်ရည်ခွက်ကို ယူရင်း

"စာသင်ကြမလား"

သက်ထားဝေက မျက်လုံးလှန်ကြည့်ရင်း "သဘောလေ" ဟု ဖြေသည်။

ထို့နောက် သူ့ထံသို့ စာအုပ်လှမ်းပေး၏။ ငုံ့အကြည့် တရား ဥပဒေစာအုပ်ပင် ဖြစ်သည်။ သက်ထားဝေကို တစ်ချက်မော့ ကြည့်ရင်း--

"တရားမက ကုန်သလောက် ဖြစ်နေပြီ မဟုတ်လား၊ ဒါ ဟာ ပြောင်းရအောင်"

"တစ်ပုဒ်ကျန်သေးတယ်"

"ဆိုလွှာချေလွှာ ရေးနည်းလား၊ အဲဒါက မနေ့က မေးထား ပယ်လိုက်တာလေ"

"ဟင့်အင်း"

ခေါင်းခါယမ်းရင်း သက်ထားဝေ ပြုံး၏။ 'ဒါဆို ဘာလဲ' ဟု မေးရင်း စဉ်းစားမရဟန်ဖြင့် မျက်မှောင်ကုတ်လျက် သက်ထားဝေ ကြည့်မိသည်။ သက်ထားဝေက သူ့ကိုပြုံးကြည့်ရင်းမှ ခေါင်းငုံ့ ထို့နောက် မပွင့်တပွင့်အသံဖြင့်--





"ကဗျာလေ"

သူမ၏ စကားက ငြိမ်သက်နေသော ကန်ရေပြင်ကို လှိုင်းထ လှုပ်ယမ်းစေသည့်နှယ် ရင်အစုံကို သိမ့်သိမ့်တုန်စေ၏။

ယောင်ယမ်းလျက် စာအုပ်နောက်ဖုံးကို လှန်အကြည့် (အစိပ္ပာယ်ရှင်းပြပါ)ဟူသော ဝိုင်းစက် သေသစ်သည့် လက်ရေးဖြင့် ရေးထားသော စာကြောင်းကို ကဗျာအောက်ခြေ၌ တွေ့ရသည်။

ပင့်သက်တစ်ချက်ကို မောပန်းစွာ ရှိုက်သွင်းရင်း ခေါင်းအမော့၊ သူ့အား ပြုံးလျက် စိုက်ကြည့်နေသော သက်ထားဝေ၏ မျက်ဝန်း သို့အစုံကို ရင်ဆိုင်ရ၏။ စိတ်လှုပ်ရှားမှုတို့ကို ပျောက်စေခြင်းငှာ ဟန်ဆောင်ပြုံးတစ်ခုကို ကြိုးစား၍ ပြုံးလိုက်မိသည်။ သက်ထားဝေက ခေါင်းငုံ့ရင်း အဓိပ္ပာယ်မဲ့စွာ စားပွဲကို လက်သည်းချွန်ချွန်ဖြင့် ကုတ် ခြစ်နေသည်။ သူမလဲ သူ့လိုပင် လှုပ်ရှားနေမည်ဟု အတွေးဖြင့် သိ၏။

"ဒါ--က--ဟိုလေ"

ထစ်ငေါ့တုန်ယင်စွာ စကားသံ ရပ်ဆိုင်း၏။

ပင်ပန်းကြီးစွာ အားအင်စိုက်ထုတ်ရသည့် အလုပ်တစ်ခု မဟုတ်သော်လည်း ရင်တွင်း၌ အလိုလို ဖိလှိုက်မောပန်း၏။ အသက် ကို တစ်ဝရှူရင်း--



www.burmeseclassic.com

www.burmeseclassic.com



"မသက်ထားဝေ သိမှာပါ"

ဟုဖြေလိုက်သည်။ သက်ထားဝေက သူ့ကိုမော့မကြည့်ဘဲ

"သက်ထားက မြန်မာစာ အရမ်းညံ့တာ--"

တိုးလွန်းသောစကားသံက မသိမသာ တုန်နေသည်ဟု ထင်ရ၏။ လက်ထဲမှ စာအုပ်ကို စားပွဲပေါ်သို့ ဖြည်းညင်းစွာချရင်း စာအုပ်စင်ဘေးမှ အလှထိုးပန်းအိုးဆီသို့ အကြည့်ရောက်မိသည်။ နီရဲနေသော နှင်းဆီပန်းအိုးတို့ကို ငေးရင်း တိုးသက်သော အသံဖြင့် စကားဆိုမိသည်။

"ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ချစ်နေတယ်။ ဒါပေမယ့် ဖွင့်မပြောရဲဘူး၊ သူချစ်တာကိုလဲ အဲ့ဒီကောင်မလေး သိစေချင်တယ်၊ အဲလိုနဲ့ပဲ ရင်မောနေရတဲ့ တိတ်တခိုး ချစ်နေမိတဲ့ ကောင်လေးတစ်ယောက်ရဲ့ ခံစားချက်ကို ရေးထားတာပါ"

အပိုအလိုမရှိ သိပ်တိကျလွန်းသည်ဟု ယူဆရန် ရှိသော်လည်း အဓိပ္ပာယ်တို့က များစွာလျော့ရဲနေကြောင်း ကိုယ့်ကိုယ်ကိုသိ၏။ အကြည့်တို့က နှင်းဆီပွင့်များဆီသို့ စူးစိုက်မိနေသည့်တိုင်၊ သက်ထားဝေ ခေါင်းမော့လျက် သူ့ကို လှမ်းကြည့်ကြောင်း၊ မျက်လုံးထောင့်စွန်းမှတစ်ဆင့် သတိပြုမိသည်။





"သိစေချင်ရင် ဖွင့်ပြောရမှာပေါ့"

အိပ်ပျော်ရန် အတင်းကြိုးစားနေမိသော နှလုံးသားကို ပုတ်ခတ်လှုပ်နှိုးလိုက်သည့် စကားဟု နားလည်လိုက်မိသည်။

နှင်းဆီပွင့်တို့ဆီမှ တစ်ဆင့် သက်ထားဝေ၏ မျက်နှာနုနုဆီသို့ အကြည့်ရွေ့မိသည်။

မျက်လုံး ရွဲရွဲအစုံက ဖြတ်ခနဲ ရှောင်လွှဲလျက် ခေါင်းငုံ့၏။

"မ သက် ထား ဝေ"

"ရှင်"

"ကျွန်တော် မသက်ထားဝေကို ပြောစရာတစ်ခု ရှိတယ်"

သက်ထားဝေ မျက်လုံးလှန်လျက် ဖြတ်ခနဲတစ်ချက် ကြည့်၏။ ကြည့်သည်ဆိုရုံမျှသာ ဖြစ်သည်။ ချက်ချင်း ခေါင်းကိုပြန်ငုံ့လျက် အကြည့်လွှဲသည်။

ဆိတ်ဆိတ်ငြိမ်သက်ခြင်းက ရုတ်တရက် ကြီးစိုး၏။ ကိုယ့်ရင်ခုန်သံကိုပင် ကိုယ်ပြန်ကြားမတတ်။ တိတ်ဆိတ်သွားခြင်း ဖြစ်သည်။ အဓိပ္ပာယ်နားလည်ရန် ခက်သော အရောင်မျိုးစုံ ယှက်သန်းသွားသည့် သူမမျက်နှာကို ငေးမောရင်း ခြောက်ကပ်နေသည့် နှုတ်ခမ်းများဆီမှ



www.burmeseclassic.com

www.burmeseclassic.com



စကားသံ တစ်ခုခု ထွက်လာရန် အမြန်ကြိုးစားနေမိ၏။ 'မသက်ထား
ဝေ'ဟု သူမ၏ အမည်ကိုခေါ်လျက် စကားစရန် ကြိုးစားစဉ်မှာပင်
အခန်းဝဆီမှ ခြေသံကြမ်းကြမ်း တစ်ခုကို သတိထားလိုက်မိသည်။

သက်ထားဝေနည်းတူပင် ခေါင်းငုံ့၍အကြည့် ရွှေ့ကိုင်းမျက်မှန်
ဝင်းဝင်းဖြင့် ဒေါ်ခင်ထားရီကို တွေ့ရသည်၊

"သမီး––မောင်ဇော်လွင် ရောက်နေတယ်၊ လာတွေ့လိုက်ဦး"

ဒေါ်ခင်ထားရီ၏ အသံ အနည်းငယ်မာလျက် ရှိသည်ဟု
ထင်ရ၏။ မျက်မှန်နောက်မှ အေးစက်သော မျက်လုံးအစုံ
သူ့ဘက်သို့ ရွေ့သည်။

"မောင်ရန်နိုင်ကိုလဲ မေးနေတယ်၊ လာတွေ့လိုက်ပါဦးလား"

"ဟုတ်ကဲ့–အန်တီ"

ထိုင်ရာမှ ထရပ်ရင်း ဖြေဖြစ်သည်။

"ပြီးတော့ လာခဲ့မယ် မေမေ၊ ဒီမှာ စာရှင်းနေလို့ ခဏလေး"

မမျှော်လင့်ထားသော စကားကို သက်ထားဝေဆီမှ ကြားရ၏။
ဒေါ်ခင်ထားရီက မကျေမနပ်ဖြင့် "သိပ်မကြာစေနဲ့ ညှို့သည်
အားနာစရာ ကောင်းတယ်"

ပြောပြောဆိုဆိုနှင့် ဒေါ်ခင်ထားရီက လှည့်ထွက်သွားသည်





မတ်တပ်အနေအထားမှ ပြန်မထိုင်ဖြစ်သေးဘဲ သက်ထားဝေကို ကြည့်
မိသည်။ သက်ထားဝေက ခေါင်းကိုငုံ့ရင်း ငြိမ်သက်နေ၏။ တအောင့်
ကြာမှ တုန်ယင်တိုးလျသော အသံဖြင့်––

"ကို–ကိုနိုင် ပြောစရာရှိတယ်ဆို"

ပင့်သက်တစ်ချက် ဖြည်းညင်းစွာ ရှိုက်လိုက်မိသည်။ မျက်
တောင်တစ်ချက်အခတ် ဇော်လွင်၏ ပုံရိပ်က အာရုံသို့ တိုးဝင်၍
လာသည်။

"ကြိုက်ရကောင်းမလားလို့ လေ့လာနေတာပါ"ဟူသော
ဇော်လွင့် စကားသံကို ဖြတ်ခနဲ ကြားယောင်မိသည်။

"ပြောလေ––"

ချိုလွင်ရှတသော အသံတိုးတိုးလေးက အိပ်မက်မှန်သမျှကို
ပြိုပျက်လွင့်ပျယ်သွားစေသည်။

"ဟိုလေ––ကျ––ကျွန်တော် နောက်အပတ် ကိစ္စတစ်ခုရှိလို့
ဘလာသင်ဖြစ်မှာ မဟုတ်ဘူးလို့–အဲဒါ"

သက်ထားဝေထံမှ သက်ပြင်းချသံ သဲ့သဲ့တစ်ခု ကြားရ၏။
အခန်းတွင်း၌ ရှုစရာ လေကုန်ခန်းသွားသည့်နှယ် အသက်ရှူမွန်းကြပ်
၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဒီကောင်က ဘာအတွက် ရောက်လာရတာလဲ"

အောင်တိုးက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ရင်း မေးသည်။

"ငါရှိမယ်ထင်လို့လာတာတဲ့၊ ငါ့ကို တွေ့ချင်လို့တဲ့"

"အဓိပ္ပာယ်မရှိလိုက်တာ။ တွေ့ချင်ရင် မင်းအိမ်ဖြစ်ဖြစ် မင်းရုံးဖြစ်ဖြစ် လာလို့ရတာပဲ"

အောင်တိုးက မကျေမနပ်ဖြင့် ရေရွတ်၏။ "ဒါကတော့ကွာ-- အင်ယားမြိုင်နဲ့ ဝင်ဒါမီယာ ကပ်နေတဲ့ဥစ္စာ သူ့အနေနဲ့ ငါ့ကို လာတွေ့ရတာ ပိုအဆင်ပြေလို့ ဖြစ်မှာပေါ့"ဟု ဖြေသည်။ အောင်တိုးက သူ့စကားကို သဘောမကျဟန်ဖြင့် ခေါင်းကို ခါယမ်းလျက် တွေးတွေး ဆဆပြုံး၏။ တအောင့်ကြာမှ သူ့ဘက်သို့လှည့်ရင်း--





"နောက်ကော ဘာဆက်ဖြစ်သေးလဲ။ ဆက်ပါဦး"

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း--

"ဒါပါပဲ စာမှ ဆက်မသင်ဖြစ်တော့တာပဲ၊ ဇော်လွင်ရယ်၊ ငါရယ်--သက်ထားဝေရယ်၊ ဒေါ်ခင်ထားရီရယ်၊ ဟိုအကြောင်း၊ ဒီအကြောင်း နည်းနည်းပါးပါး စကားပြောဖြစ်ကြတယ်။ အထူးသဖြင့် ဒေါ်ခင်ထားရီနဲ့ ဇော်လွင်က ပြောတာပါ။ တအောင့်နေတော့ ဇော်လွင်က ပြန်ဖို့ပြင်တယ်။ ငါလဲ ဆက်မနေချင်တော့တာနဲ့ ဇော်လွင်နဲ့ အတူတူ ထပြန်လာဖြစ်တယ်"

အောင်တိုးက ဆဲနေကျနည်းဖြင့် ခပ်တိုးတိုး ဆဲသည်။

"ငါလဲပြောဖို့ စိတ်ကူးနဲ့ စကားသာ စဖြစ်တာပါ။ တကယ့် တကယ်ပြောဖြစ်မယ် မပြောဖြစ်ဘူး မသေချာပါဘူး၊ တကယ်လို့ ဇော်လွင် ရောက်မလာလဲ ပြောချင်မှ ပြောဖြစ်မှာပါ"

ခြောက်ကပ်ကပ် စကားသံ၏အဆုံး အောင်တိုးထံမှ လှောင်ရယ်ရယ်သံတစ်ခု ကြားရသည်။ လက်ဖက်ရည်ခွက်ကို မယူရင်း လှမ်းအကြည့် အောင်တိုး၏ မျက်နှာ၌ မခံချိမခံသာစရာကောင်းသော ငေါ်တော့တော့ အပြုံးတစ်ခုကို မြင်လိုက်ရ၏။

"ငါတော့ မယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



ယတိပျက် ကောက်ချက်ချသံဖြင့် အောင်တိုးပြောသည်။ မယုံလဲနေပေါ့ကွာဟု ပြောရန် မြင်ပြီးမှ မပြောဖြစ်။

အောင်တိုးနည်းတူ ကိုယ့်ကိုယ်လဲ အယုံအကြည်နည်းစွာ သံသယဖြစ်မိသည်။ ပြောတော့မည်ဟု ဆုံးဖြတ်လျက် စကားစ ဖြစ်ခဲ့သည် ထိုစဉ်က ကိုယ့်ပုံရိပ်ကို ကိုယ်ပြန်မြင်မိ၏။

"မသက်ထားဝေကို ကျွန်တော် မြတ်နိုးတယ်"

ပြောမည်ဟု ရည်ရွယ်စီကုံးခဲ့မိသည့် စကားတို့သည်ပင် ယခုတိုင် ရင်၌ ကြွင်းလျက်ရှိကြောင်း ကိုယ့်ကိုယ်ကို အသိ။

ထိုမျှအထိ ရည်ရွယ်ပြီး ဖြစ်ပါလျက် (လက်တစ်လော သုံးသပ်ချက်ပင် ဖြစ်သော်လည်း) ခိုင်မာသည်ဟု ကိုယ့်ကိုယ်ကို ယူဆခဲ့သော ဆုံးဖြတ်ချက်နှင့်အတူ စကားစပြီး ဖြစ်ခဲ့ပါလျက်--

"ဘာဖြစ်လို့များ မပြောဖြစ်ခဲ့ရပါလိမ့်"ဟူသော အတွေးက ရင်ကို ဆွတ်ကျင်စေသည်။

ဇော်လွင်ရောက်လာလို့များလား။

ဒါမှမဟုတ် ဒေါ်ခင်ထားရီ၏ လေသံမာမာကြောင့်များလား။

သို့တည်းမဟုတ်။ ဟိုနှစ်ခုစလုံးပင် ပေါင်းစပ်လျက် ခြိမ်းခြောက်လာခြင်းကြောင့်များလား။





အတွေးတို့က နှလုံးသားကို ထိရှနက်စေသည်ဟု သိ၏။

"ဟော့ကောင်--ကြားရဲ့လား"

ရုတ်တရက် နားသို့ စီးဝင်လာသည့် အောင်တိုး၏ အသံကား အတွေးစတို့ကို ဖြတ်တောက်သည်။

"ဟင်--ဘာပြောတာလဲ"

"ဩော်--မင်းနောက်တစ်ခါ ထပ်ပြောပေါ့လို့"

လေပူတစ်ချက် မှုတ်ထုတ်ရင်း အဝေးသို့ အကြည့် မျှော်မိ၏။ ရှုပ်ထွေးနေသော လမ်းတစ်လျှောက် အရှိန်ပြင်းစွာ ဖြတ်သန်းသွားကြသော ကားများကို ရီဝေစွာ ငေးကြည့်မိသည်။

ကားပြိုင်ပွဲအလား တစ်စီးကို တစ်စီး ကျော်တက်ရန် ကြိုးစားနေကြသော အမြန်ယာဉ်လိုင်းကားတို့က အမြင်အာရုံသို့ ရှုပ်ထွေးစွာ ဝင်သည်။ အချို့ကားများက အောင်မြင်စွာ ကျော်တက်သွားနိုင်သော်လည်း အချို့က ယခုတိုင် ကျော်တက်ရန် ကြိုးစားဆဲ ဖြစ်သည်။ မည်သူက မည်သူ့ကို ကျော်တက်နိုင်မည်ဟု မရေရာသော ခေါင်းချင်းယှဉ်လျက် မောင်းနေခြင်းမျိုး ဖြစ်၏။

ပြိုင်ပွဲမဟုတ်သော်လည်း စီးပွားရေးအတွက် ယှဉ်ပြိုင်နေကြသည်ပဲဟူသော အတွေးနှင့်အတူ အသားဖြူဖြူ နှာတံပေါ်ပေါ်နှင့် ဇော်လွင်မျက်နှာက ဖြတ်ခနဲ အာရုံသို့ တိုးဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်လွင်"

အတွေး၌ အဖန်တလဲလဲ ရေရွတ်လိုက်မိသော ထိုအမည်က နှုတ်ဖျားမှတစ်ဆင့် အသိမဲ့စွာ ပွင့်အန်၏။

"ဇော်လွင်--ဘာဖြစ်လို့လဲ"

အောင်တိုးက ပါးစပ်၌ ခဲထားသော ဆေးပေါ့လိပ်ကို ချွတ်ရင်း လှမ်းမေးသည်။ အောင်တိုးမျက်နှာဆီသို့ အကြည့်ရွေ့ရင်း "ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး"ဟု ဖြေဖြစ်သည်။

အောင်တိုးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း လိုအပ်သည်ထက်ပို၍ ကျယ်လောင်သော သက်ပြင်းချသံတစ်ခုကို ပြုလိုက်သည်။

* * *

"အားတယ်မဟုတ်လား"

သက်ထားဝေက မေးဆတ်ပြလျက် မေး၏။ သူ့ဖြေရန် ပြင်ဆင်မှာပင် ကောသီက ထိုင်ရာမှထရင်း--

"စကားပြောကြဦး၊ အီစကို ဟော်တယ်လစ်လိုက်ဦးမယ်"





တမင်ရှောင်ပေးခြင်းဟု ရိပ်မိ၏။ သက်ထားဝေက ကောသီကို ပြုံးကြည့်ရင်း "ဝအောင်စားခဲ့နော်"ဟု လှမ်းနောက်သည်။ ကောသီက "နင့်အတွက်ပိုစားခဲ့ပါ့မယ်"ဟုပြောရင်း အိမ်ခန်းတွင်းသို့ လှမ်းဝင်သည်။

"ကိုနိုင်-- ဖြေဦးလေ"

နံရံပေါ်မှ ပန်းချီကားကို ငေးကြည့်နေရာမှ သက်ထားဝေ၏ အသံကြောင့်--

"ရုံးချိန်ပြီးဆိုရင်တော့ ကျွန်တော်အားပါတယ်"

"ဟင်--ကိုနိုင်ကလဲ၊ တစ်ရက်တစ်လေ ခွင့်ယူလိုက်ပေါ့။ ကိုနိုင့်ကို လာစေချင်လို့ ကျောင်းကနေ အိမ်တောင် တန်းမပြန်ဘဲ အခုလို လာဖိတ်တဲ့ဥစ္စာ"

မကျေမနပ်အသံဟု သတိပြုမိ၏။

"မနက်ဖြန်(တိပိဋက)မှာ သက်ထားတို့အိမ်က ဆွမ်းအလှူ ရှိတယ်။ ကိုနိုင်လာရမှာနော်"ဟူသည့် စကားတစ်ခွန်းအတွက် အိမ်ကို တန်းမပြန်သေးဘဲ သူ့ဆီသို့ တကူးတက ဝင်လာ၍ ဖိတ်သော သက်ထားဝေကို အားနာသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လာရမှာ ကြောင်တောင်တောင်များ ဖြစ်နေမလားလို့"

"ဘာဖြစ်စရာရှိလဲ။ ဒီလိုပဲ ရင်းနှီးတဲ့ လူတွေကို ဖိတ်နေကျပဲ။ ကို--ကိုနိုင် သူငယ်ချင်းတောင် လာလိမ့်မယ်"

ဇော်လွင့်ကို ရည်ညွှန်းခြင်းဟု နားလည်လိုက်မိ၏။ ဇော်လွင်ပါလာမည်ဟူသော အတွေးက ရင်ထဲကို တစ်မျိုးဖြစ်သွားစေသည်ဟု ကိုယ့်ကိုယ်ကို သတိထားမိသည်။ သက်ထားဝေက သူ့ကို ရှုစမ်းဟန်ဖြင့် တစ်ချက်ကြည့်ရင်း

"မေမေ-ဖိတ်ထားတာပါ"ဟု ဆက်ပြော၏။

"ကိုနိုင်လာမယ်-မဟုတ်လား"

ခေါင်းမော့လျက် ငြင်းဆန်ရန် ပြုစဉ်မှာပင် စိတ်အားထက်သန်စွာဖြင့် စိုက်ကြည့်နေသော မျက်ဝန်းညိုညိုတစ်စုံကို တွေ့ရသည်။ "ငြင်းလိုက်ရင် သူမစိတ်မကောင်း ဖြစ်သွားလေမလား"ဟူသော အတွေးဖြင့် တွန့်ဆုတ်၏။

"ဟိုလေ--ခွင့်တင်လို့ရရင်တော့"

ထစ်ငေါ့သော စကားတို့က အလိုမကျဟန်ဖြင့် မှိုင်းဝေသွားသော မျက်လုံးရဲ့အစုံကြောင့် အပိုင်းအစဖြင့် ရပ်ဆိုင်းသည်။





သူ့မျက်လုံးများကို တည့်တည့်စိုက်ကြည့်နေသည့် မျက်တောင်ကော့ရှည်ကြီးများနောက်မှ သူမ၏ မျက်လုံးတို့ဆီမှ အကြည့်လွှဲရင်း သက်ပြင်းသဲ့သဲ့ တစ်ချက် ချဖြစ်သည်။

"ကျွန်တော်-လာနိုင်အောင် ကြိုးစားပါ့မယ်"

ခွန်းတုံ့ပြန်စကား တစ်စုံတစ်ရာကို သက်ထားဝေမပြော။ ငြိမ်သက်တိတ်ဆိတ်စွာ နေမြဲအတိုင်း နေ၏။

သူခေါင်းငုံ့အကြည့်၊ သက်ထားဝေ၏ မျက်လုံးက စောစောကနှယ် မမိုတ်မသုန် စိုက်ကြည့်နေကြောင်း တွေ့ရသည်။ ရင်၌ညိုနင့်စွာ စိတ်မကောင်း ဖြစ်သွားမိသည်။

"ကျွန်တော် လာခဲ့မယ် မသက်ထားဝေ"

စကားတို့က လည်ချောင်းတစ်လျှောက် တွန်းတိုး ရုန်းကန်ကာ ခုန်ထွက်သွားကြသည်။ နှုတ်ခမ်းထူထူအစုံဆီမှ ကျေနပ်ပြုံးရွှင်တပွင့်ကို တွေ့ရသည်။

ချစ်သူ ၏ အလိုကို ဖြည့်စွမ်းနိုင်ခြင်းသည် ပြီးပြည့်စုံသော ချမ်းသာခြင်းကို ဖြစ်စေသည်ဟု သတိပြုလိုက်မိသည်။

"တကယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဝေက ပြုံးလျက်မေးသည်။ ခေါင်းကို ဆပ်ခန် ညိတ်ပြလိုက်မိသည်။ သက်ထားဝေက ကျေနပ်ဟန်ဖြင့် သူ့ဆီမှ အကြည့်လွှဲသည်။ ထိုနောက် ခေါင်းကိုငုံ့လျက် ပေါင်ပေါ်မှ ကျိုင်း တုံ လွယ်အိတ်ကြီးများကို လက်သည်းချွန်ချွန်တို့ဖြင့် လိမ်ယှက်လျက် ဆော့ကစားနေတော့သည်။

သူမ၏ အပြုအမူတို့ကို မြတ်နိုးစွာငေးကြည့်နေမိသည် အတန်ကြာမှ သူမက ခေါင်းကိုမော့ရင်း

"ကိုနိုင့်ကို ပြောရဦးမယ်–သက်ထားကို--သက်ထားလို့ ခေါ်ပါလား၊ မသက်ထားဝေ၊ မသက်ထားဝေနဲ့ ကြားရတာ တစ်မျိုး ကြီးပဲ"

စကားကို ရပ်ရင်း သက်ထားဝေ သူ့ကိုကြည့်၏။ ထို့နောက် လေသံ ခပ်တိုးတိုးဖြင့်--

"သူစိမ်းဆန်တယ်"ဟု ပြောသည်။

"ဟုတ်ကဲ့-- မသက်ထားဝေ"

သူ့စကားအဆုံး 'တွေ့လား ခေါ်ပြန်ပြီ'ဟု သက်ထားဝေ ကနွဲ့ကလျဖြင့် ပြော၏။ 'အကျင့်ပါနေလို့'ဟု ပြောရင်း သူရယ်လိုက် မိသည်။





"ဒါပဲနော်--ဒီနေ့ကစပြီး ကိုနိုင်နဲ့ သက်ထား သူစိမ်းတွေ မဟုတ်တော့ဘူး"

ချိုလွင်ရှတသော စကားသံက ကြည်နူးမှုတို့ကို သယ်ဆောင် လျက် ရင်တွင်းသို့ စီးဝင်၏။

*  *  *

"ဟာ--ဘယ်လို ဖြစ်ပြန်တာလဲ"

အောင်တိုးက အံ့သြဟန်ဖြင့် ပြောသည်။ ပြတင်းမှတစ်ဆင့် ဆိပ်ကမ်းတွင်းရှိ တန်းစီရပ်ထားသော ပြည်ပမှ တင်သွင်းလာသည့် ဘစ်ပတ်ရစ်ကားသစ်များကို ငေးရင်း

"မသွားချင်တော့ဘူးကွာ၊ သွားရမှာ မရဲဘူး၊ ဥဒေါင်းတို့ ကြားထဲကို သွားရမယ့် ကျီးကန်းတစ်ကောင်လိုပဲ။ ကိုယ့်ကိုယ်ကို သိပ်ပြာမလုံဘူး"

"ရှစ်--ဘာဆိုင်လို့လဲ"

အောင်တိုးက မကျေမနပ်ဖြင့် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာကြမယ့်လူတွေက ဒေါ်ခင်ထားရီတို့ အသိုင်းအဝိုင်းက ရင်းနှီးတဲ့ လူတွေချည်းပဲ။ ဘယ်လိုလူမျိုးတွေ ဖြစ်မလဲဆိုတာ မင် စဉ်းစားကြည့်လေ။ အဲလိုလူမျိုးတွေကြားထဲကို ခပ်တည်တည် ငါဘယ်လိုလုပ်ပြီး သွားရဲပါ့မလဲ။ တစ်စားပွဲထဲမှာ အတူတူထိုင်ရင် တောင် အိမ်ရောက်ရင် သူတို့ ကိုယ့်ကို သရော်ကာင်ပွန်းနဲ့ ပွတ်တိုက် လျှော်ရမယ့်ပုံစံမျိုးနဲ့ ငါ့ကို ဝိုင်းကြည့်တာ ငါဘယ်လိုလုပ်ပြီး ရင်ဆိုင် ရဲမလဲ၊ အောင်တိုး"

အောင်တိုးက သဘောကျဟန်ဖြင့် ရယ်ရင်း။ "မင်းကျ တစ်ခေါက်မှဖြင့် မသွားဖူးပဲနဲ့ ကြဲဖန်ပြီး စိတ်ပူနေလိုက်တာ"

"ဘာပဲဖြစ်ဖြစ် အဲ့လိုပဲ ဆက်ဆံကြမှာပေါ့ကွာ။ ဝိဇ္ဇာဘွဲ့ လေးတစ်ခုပိုင်ရုံ၊ အလုပ်အကိုင်လေး ရှိတယ်ဆိုရုံနဲ့ တန်းတူညီ တူ နွေးနွေးထွေးထွေး ဆက်ဆံလာစရာ မမြင်ပါဘူး---ဒီပြင် မကြည့်နဲ့ ဒေါ်ခင်ထားရီပဲကြည့်--"

သူ့အပေါ် ဆက်ဆံသော ဒေါ်ခင်ထားရီ၏ ဆက်ဆံရေး အစအဆုံးသိသော အောင်တိုးက ခေါင်းတညိတ်ညိတ်လုပ်ရင်း-

"ဒါကတော့--ယောက္ခမလောင်းတိုင်းဟာ သူတို့ရဲ့ သားမ လောင်းတိုင်းကို ဒီလိုပဲ ဆက်ဆံတတ်ကြတာပဲဟာ။ အဆန်း လို့--"





ရယ်စရာဟု နားလည်သော်လည်း အလိုက်အထိုက်လိုက် မရယ်မောဖြစ်၊ ရယ်ချင်စိတ် မရှိသောမက ယောက္ခမလောင်း၊ သားမက်လောင်းဟူသော အသုံးအနှုန်းတို့က ရင်၌ အားငယ်စိတ် ကို ဖြစ်စေသည်။ ဆီပ်ကမ်းတစ်လျှောက် ဖြတ်သန်းတိုက်ခတ်လာ သော လေကို ဖြည်းညင်းစွာ ရှူထုတ်ရင်း--

"တစ်ချိန်ချိန်ကြရင် ဝေးရလိမ့်မယ်ဆိုတာ ကြိုသိနေတယ် ကွာ"ဟု ဆွတ်ကျင်စွာ ပြောမိ၏။

"နေစမ်းပါဦး--မင်းက အကြားအမြင် ရနေလို့လား"

အောင်တိုး၏ သရော်စကားတို့ကို ဥပေက္ခာပြုလျက် နှုတ် ဆိတ်နေမိသည်။

"ပြီးတော့ဝေးရလိမ့်မယ်လို့ ပြောရအောင်-ခုကော မင်းတို့က နီးနေလို့လာ-- မင်းနဲ့ သက်ထားဝေ ချစ်သူတွေ ဖြစ်ကြပြီလား၊ မင်းသူ့ကို ဖွင့်ပြောပြီးပြီလား၊ မကြောင်စမ်းပါနဲ့ကွာ"

နံရံကိုမှီလျက် ရပ်လိုက်ရင်းမှ--ရင်ထဲ၌ တစ်ကိုယ်တည်း တွေးမိသော အကြောင်းအရာတို့ကို အောင်တိုးအား ဖွင့်ပြောရန် စကားစမိသည်။

"ငါစဉ်းစားမိတယ် အောင်တိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုစမ်းပါဦး၊ နားထောင်ကြည့်ရအောင်"

"သူနဲ့ငါ နီးစပ်ဖို့ဆိုတာ မလွယ်ဘူး အောင်တိုး။ တစ်ချိန် မဟုတ် တစ်ချိန် သူ့အသိုင်းအဝိုင်းကြောင့် ဝေးရမှာပဲ။ အဲ့လို— ဝေးကြရမယ့် အတူတူ––"

"ခုကတည်းက ကြိုပြီး ဝေးမယ်ပေါ့"

အောင်တိုးက ငေါ့တော့တော့ အသံဖြင့် ဖြတ်ပြော၏။ အောင်တိုးကို စိုက်ကြည့်ရင်း ခေါင်းညိတ်ပြမိ၏။

"ကြောင်လိုက်တာ––"

"ငါသူ့ကို သိပ်ချစ်တယ် အောင်တိုး"

"ငါသိသားပဲ"

"ချစ်တာမှ ဖွင့်မပြောရဲလောက်အောင်ကို ချစ်တာ"

အောင်တိုး နှုတ်ဆိတ်ငြိမ်သက်စွာ သူ့ကိုကြည့်သည်။

"ဖွင့်ပြောလိုက်လို့––ဝေးရမှာကို ကြောက်တယ်"

"အေးပေါ့––မင်းဖွင့်ပြောလိုက်ရင် ဟိုက ပါးရိုက်မယ်၊ ရန် တွေ့မယ်၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး။ နောက်မလာနဲ့တော့လို့ ပြောမယ်"





အောင်တိုး၏ စကားတို့ကို လစ်လျူရှုလျက် အဝေးကို လှမ်း မျှော်ကြည့်နေမိသည်။

"ပြီးတော့––ဝေးရမှာ ကြောက်လို့ ဖွင့်မပြောရဲပြန်ဘူး။ ငါသူ့ကို ဝမ်းမနည်းစေချင်ဘူး အောင်တိုး––ငါ့ကြောင့် သူ့ဘဝမှာ စိတ်ဓာတ်အနှာင့်အယှက် တစ်စုံတစ်ရာ မဖြစ်စေချင်ဘူး။ ချစ်ပြီးမှ ဝေးကြရတာထက် မချစ်ပဲနဲ့ ဝေးကြရတာက သူ့အတွက် ပိုပြီး သက်တောင့်သက်သာ ဖြစ်မယ်၊ ပိုပြီး ဖြေသာစရာ ဖြစ်မယ်လို့ ထင်တယ်"

အဖျားခတ် တုန်ယင်လျက် စကားသံတို့ကို ရပ်ဆိုင်းမိသည်။

အောင်တိုး သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လျက် တွေဝေစွာ ငြိမ်သက်၏။ မြစ်ထဲဆီမှ သင်္ဘော ဥသြသံ သဲ့သဲ့ကြားရသည်။ ဥသြတို့မည်သည် ကမ်းမှခွာလျှင် ဆွဲတတ်သလို၊ ကမ်းသို့ကပ်လျှင် သည်း ဆွဲတတ်ကြောင်း အဆက်အစပ်မဲ့စွာ တွေးမိသည်။ ဥသြ၏ သင်္ကေတသည် ဝေးခြင်းနီးခြင်းနှင့်သာ ထာဝရ ဆိုင်လေသည်လား။

ဆောက်တည်ရာမဲ့ အတွေးတို့က ရင်ကို မွန်းကြပ်စေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

"ဘာလဲ"

"ဖွင့်ကြည့်ပေါ့"

အပြာရောင် ယိုးဒယားစာအိတ်လေးကို ပေးရင်း၊ ကေသီ

ပြန်ထွက်သွား၏။ အခန်းအပြင်အရောက် ခေါင်းငဲ့ရင်း

"ပြီးရင်လာခဲ့လေ–(အက်ရှင်း)ကား ဟားလာတယ်။ ဖွင့်မလို့

ဗီဒီယိုအခွေ လာကြည့်ရန် ပြောရင်း ကေသီထွက်သွားသည်။

လက်ထဲမှာ စာအိတ်ကို ငုံ့ကြည့်၊ စာအိတ်ပေါ်မှ ဝိုင်းစက်သေသ

သည့် လက်ရေးဖြင့် ရေးထားသည့် (ကိုနိုင့်အတွက်)ဟူသော စာ

ကြောင်းလေးကို တွေ့ရသည်။

စာအိတ်ထောင့်စွန်းကို ခပ်ဖြည်းဖြည်းဆုပ်ရင်း အတွင်း

စာရွက်ခေါက်ကို ထုတ်လိုက်သည်။ အပြာရောင်စာရွက်ပင် ဖြစ်

စာရွက်ခေါက်ကို ဖြန့်ရင်း ဖတ်လိုက်မိသည်။

"ကိုနိုင် ညာတယ်နော်။"

သက်ထား





တစ်ကြောင်းတည်းမျှသာ ရေးထားသော ဝိုင်းစက်ညီညာသည့် စာလုံးလေးများက ခံစားမှုစွာကို ရင်၌ ဖြစ်စေ၏။ နှလုံးသားသည် လှိုက်ခနဲ ဝမ်းနည်းကြေကွဲသွားမိသည်။

ကျစ်လစ်သိပ်သည်းသော ဝါကျတိုလေးပင် ဖြစ်သော်လည်း အကြောင်းအရာများစွာ အဓိပ္ပာယ်များစွာကို တစ်ပြိုင်နက် ရေးပြလေသည့်နှယ် ခံစားရသည်။

အတွေး၌ သက်ထား၏ မျက်နှာကို မြင်ယောင်လျက် စိတ်မကောင်းဖြစ်မိသည်။ သူမ မျှော်လင့်နေခဲ့တာပဲ။ လာခဲ့မယ်ဆိုသည့် သူ့စကားကို သူမ ယုံကြည်ခဲ့တာပါပဲ။

"ကိုနိုင်––ညာတယ်နော်"တဲ့

လာမယ်ပြောပြီးမှ မလာဘဲ နေနိုင်ရက်လေခြင်း၊ ညာရက်လေခြင်းလို့ သူမ ထင်နေတော့မှာပဲ။ ဝမ်းနည်းစိတ်မကောင်း ဖြစ်နေတော့မှာပဲ။

အတွေးများစွာက နှလုံးသားကို ဆွတ်ကျင်စေ၏။ စာရွက်လေးကို ပြန်ခေါက်ရင်း စားပွဲပေါ်သို့ တင်ထားလိုက်မိသည်။ အိမ်ဆိုင်အရောက် လာဖိတ်သည့်တိုင် မလာပါက သက်ထားဝေ စိတ်ဆိုးလိမ့်



www.burmeseclassic.com

မည်ဟု သူတွေးမိသော်လည်း သူမ၏ စိတ်ဆိုးခြင်းဒဏ်ကို ခံနိုင်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်ခဲ့မိသည်။

သို့သော် ယခုလို သူမ စိတ်မကောင်း ဖြစ်သွားလိမ့်မည်ဟု မတွေးမိခဲ့။

ကိုနိုင်ညာတယ်နော်--ဟူသည့် စာတိုလေး တစ်စောင်ရေးလျက် လာပေးလိမ့်မည်ဟု မခန့်မှန်းမိခဲ့။

စိတ်ဆိုးစိတ်ကောက်သောနည်း။ ရန်တွေ့ပြစ်တင်စကားဆိုသော နည်းထက် အဆပေါင်းများစွာ ထိရောက်သော လက်တုံ့ပြန်ခြင်းမျိုးဖြင့် ရင်ဆိုင်ရလိမ့်မည်ဟု စိုးရိမ်၍ မမျှော်လင့်ခဲ့။

ထိုင်ရာမှ ဖြည်းညင်းစွာထရင်း ဖုန်းဆက်တောင်းပန်လျှင်ကောင်းမည်ဟု စိတ်ကူးလိုက်မိသည်။ အခန်းထဲမှ ထွက်ရင်း ဧည့်ခန်းဆီသို့ လျှောက်လာမိသည်။ အလှပြင်ဗီရိုပေါ်ရှိ အစိမ်းနုရောင်ဖုန်းကို မယူရင်း သက်ထားဝေအိမ်သို့ ဖုန်းလှည့်လိုက်မိသည်။

ဘတ်စ်ကားမှတ်တိုင်ပေါင်း (၄၀)ကျော်အကွာ သက်ထားဝေတို့အိမ် ဧည့်ခန်းရှိ ဖုန်းမြည်သံကို နားထောင်ခွက်မှတစ်ဆင့် ကြားရ၏။ သုံးကြိမ်မြောက် ဖုန်းခေါ်သံအဆုံး တစ်ဖက်မှ ဖုန်းခွက်ကိုမယူလျက် 'အမိန့်ရှိပါ'ဟု ထူးသံကြားရ၏။





"မသက်ထားဝေ--ရှိပါသလား ခင်ဗျာ"

"ခုပြောနေတာ--ဘယ်သူလဲကွယ့်"

အသံနေအသံထားအရ ဒေါ်ခင်ထားရီဟု သတိပြုမိ၏။

"ကျွန်တော် မောင်ရန်နိုင်ပါ ခင်ဗျာ"

"ဪ မောင်ရန်နိုင်လား--သက်ထား မအားဘူးကွဲ့၊ အဝတ်အစားလဲနေတယ်"

အသံက ဖော်ရွေမှု နည်းလွန်းကြောင်း ခန့်မှန်းမိသည်။

"ဒါဆို ကျွန်တော်--နောက်မှပဲ ထပ်ဆက်--"

"မဆက်နဲ့ မောင်ရန်နိုင်--အန်တီတို့ အပြင်သွားစရာရှိလို့ သက်ထားကို ခေါ်သွားမလို့--အပြန်လဲ မိုးချုပ်လိမ့်မယ်"

တင်းပြတ်လွန်းသောစကားဟု နားလည်လိုက်မိသည်။ သူဘာမှ ပြန်မပြောနိုင်ခင် တစ်ဖက်မှ ဖုန်းချ၏။ ဖုန်းခွက်ကို လေးလံစွာဖြင့် ပြန်တင်လိုက်မိသည်။ ပင့်သက်တစ်ချက် အရှိုက်--'ကိုနိုင်အခွေလာကြည့်လေ'ဟူသော အပေါ်ထပ်မှ ကေသီအသံကို ကြားရ၏။

* * *

www.burmeseclassic.com



--ဆိုပြီး မင်းက ပြောတယ်။ ပေးရမယ့်အတူတူ ဖွင့်မပြောတော့ဘူးဆိုပါတော့--မင်းပြောသလို--တစ်ချိန်ချိန်မှာ ကြိမ်းသေပေးရမယ်လို့ မင်းဘယ်လိုလုပ်ပြီး ပြောနိုင်တာလဲ။ မင်းက တန်ခိုးရှင်လား။ တစ်ခုခု ဖြစ်လာမှာပဲဆိုပြီး တစ်ခုခုမလုပ်ဘဲ နေတာဟာ ဖြစ်သင့်တဲ့ကိစ္စလား--။

ခေါင်းအုံးကို နားပေါ်သို့ အအုပ်၊ အောင်တိုး၏ စကားသံတို့ကို ကြားယောင်လိုက်မိသည်။

---ချစ်ပြီးမှ ပေးရတာထက်၊ မချစ်ဘဲ ပေးရတာက သူ့အတွက် ပိုပြီး ဖြေသာမယ်၊ သက်တောင့်သက်သာ ဖြစ်မယ်လို့ မင်းကယူဆတယ်။ အဲ့လိုပဲ သူ့ဘက်ကကော ဘယ်လို ယူဆမလဲ၊ သူ့နေရာကနေ မင်းမစဉ်းစားတော့ဘူးလား။ (သေရတော့မယ်ဆိုတဲ့ သူတစ်ယောက်အတွက်၊ မတည့်တဲ့ အစားအစာဆိုတာ ရှိနိုင်သေးလို့လား။)

သေမယ့်ရက်ကို ကြိမ်းသေသိနေလျက်နဲ့ ရောဂါတိုးမှာစိုးလို့ ဆိုပြီး အစားရှောင်နေတာဟာ သဘာဝကျပါ့မလား၊ စားချင်စိတ်ကို အတင်းချုပ်တီးနေတော့ကော ရောဂါက သက်သာလာမလား မသေတော့ဘူးလား။





မင်းအဖြစ်က ဘာနဲ့တူသလဲဆိုတော့-- ဖင်ကပ်သာသာရှိတော့တဲ့ ရေအိုးကို ငေးကြည့်ပြီး ခုနေ ငါရေခပ်သောက်လိုက်ရင် ကျန်တဲ့ ရေတွေတော့ အနည်ထကုန်တော့မှာပဲလို့ တွေးပြီး သောက်ချင်လျက်နဲ့ မသောက်ရဲဘဲ ဖြစ်နေတဲ့ လူလိုပဲ--ရေကြည်ကြည်တစ်ခွက်သောက်ရဖို့ ဒီလောက်တော့ စွန့်စားရမှာပေါ့။ အချိန်တန်လို့ အနယ်ပြန်ငြိမ်ရင် ပြီးတာပဲ မဟုတ်လား။

ပင့်သက်မောတို့ကို မရည်ရွယ်နိုင်လောက်အောင် ချနေမိ၏။ ညာဘက်သို့ ကိုယ်ကို အစောင်းမှာပင် သက်ထားဝေ၏ မျက်ဝန်းအစုံကို မြင်ယောင်မိသည်။

"ကိုနိုင် ညာတယ်နော်"

"သူရော--မင်းဆီက စကားကို မျှော်လင့်မနေဘူးလို့ မင်းပြောနိုင်မလား"

"သိစေချင်ရင် ဖွင့်ပြောရမှာပေါ့"

"သက်ထားဝေ ဘက်ကိုလဲ ကိုယ်ချင်းစာကြည့်ဦးလေ"

"ကို--ကို--ကိုနိုင်-ပြောစရာရှိတယ်ဆို"

"နှစ်ယောက်စလုံး ရင်မောနေကြရရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားသံတို့က ကျယ်လောင်ဆူညံစွာ ပဲ့တင်ထပ်၏။ နားနှစ်ဖက်ကို လက်ဖြင့် အုပ်သော်လည်း အရာမထင်။ အာရုံ၌ နေ့စဉ်နှင့်အမျှ ဝင်ထွက်သွားလာနေခဲ့သော သက်ထားဝေ၏ ပုံရိပ်က မှိတ်ထားသော မျက်ခွံကို ထွင်းဖောက်လျက် ရင်သို့ ရောက်၏။

ပြောရင်ကောင်းမလား။

ဖွင့်ပြောလိုက်ရတော့မလား။

ဖွင့်ပြောသင့်ပြီလား။

အတွေးများစွာက အိပ်စက်ခြင်းကို ရိုက်ချိုးခြေဖဲ့၏ စိတ်ကူးဖြင့် အကြိမ်ပေါင်းများစွာ သက်ထားဝေကို ဖွင့်ပြောနေမိသည်။ ထိုညက အတော်ညဥ့်နက်သည်အထိ သူအိပ်မရ။ ခပ်ဝေးဝေး ဘုန်းကြီးကျောင်း တစ်ခုဆီမှ အုန်းမောင်းခေါက်သံသဲ့သဲ့ ကြားမှပင် သူမေးခနဲ အိပ်ပျော်သွား၏။

အိပ်မက်၌ ဒေါ်ခင်ထားရီနှင့် ဇော်လွင်တို့ကို တွေ့ရသည်။

* * *





ကျွိခနဲ ဘရိတ်အုပ်သံနှင့်အတူ ထိုးရပ်လာသည့် ကားတစ်စီး၏ အသံကြောင့် ခေါင်းငုံ့အကြည့် အဝါရောင်တံခါးလေးပေါက်ခင်ပြတ်ကားတစ်စီးကို တွေ့ရ၏။ ကားပိုင်ရှင်၏ ရာထူးအဆင့်အတန်းကို တန်းခနဲသိနိုင်သော ကားမျိုးဖြစ်၏။

ကားခန်းထဲသို့ လှမ်းအကြည့် ရင်းနှီးနေသော မျက်နှာတစ်ခုကို တွေ့ရသည်။ 'သက်ထားဝေတို့ အိမ်မှ ကားပဲ'ဟု အတွေးဖြင့်ရင်သည် လှပ်ခနဲ ဖြစ်၏။ နောက်ခန်းသို့ အကြည့်အရွေ့ မပွင့်တပွင့်ပြုံးလျက် သူ့ကို စိုက်ကြည့်နေသော သက်ထားဝေကို တွေ့ရသည်။ ဆမင်းဘူးကို ညာလက်သို့ပြောင်းရင်း ကားနားသို့ လျှောက်လာခဲ့သည်။

"ရုံးသွားတော့မလို့လား"

"ဟုတ်တယ်- ကေသီဆီ လာတာလား၊ မသက်ထားဝေ"

မသက်ထားဝေဟူသော နေရာသို့ အရောက် သူမ နှုတ်ခမ်းကိုမသည်။ သူ ခပ်တိုးတိုးရယ်ရင်း--

"ပါးစပ်က အကျင့်ပါနေလို့၊ ကေသီကျောင်းသွားပြီ သက်[illegible]သား"

"သိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို"

"ကိုနိုင့်ဆီလာတာ"

စကားသံအဆုံးမှာပင် နောက်ခန်းတံခါးဖွင့်လျက် "တက်လေ"ဟုဆိုရင်း၊ တစ်ဖက်သို့ သူမရွှေ့၏။ စက္ကန့်များစွာ ငေးကြောင်မင်သက်နေရလောက်အောင်ပင် ခက်ခဲနက်နဲသော ကိစ္စတစ်ခု မဟုတ်သည့်တိုင်။

သူမ၏ ဘေး၊ ကားနောက်ခန်းဆီသို့ ဝင်ထိုင်ရန် ဖိတ်ခေါ်ခြင်းက မဆိုင်းမတွ ခေါင်းညိတ်လျက် ပြုလုပ်နိုင်လောက်သည့် သာမန်ကိစ္စမျိုး တစ်ခုမဟုတ်။ အံ့အားသင့်စွာ ငေးကြောင်ရပ်နေမိသော သူ့ကို

"တက်လေ"

ဟု နောက်တစ်ကြိမ် ထပ်ခေါ်၏။ ခေါင်းကိုညိတ်ရင်း--အံ့သြမှုမပြယ်စွာဖြင့် ကားတွင်းသို့ ဝင်ထိုင်ဖြစ်သည်။ ကားတံခါးကိုဆွဲအပိတ်မှာပင် ယာဉ်မောင်းသူက စက်နှိုးလျက် ကားမောင်းထွက်သည်။

မှန်အလုံပိတ်ထားသော ကားအတွင်း သင်းပျံ့နေသော ရနံ့တစ်ခုက ရင်အစုံကို လှိုင်းထစေသည်။





"ဘယ်သွားမလို့လဲ သက်ထား"

"ကိုနိုင့်ကို ရုံးလိုက်ပို့မလို့"

ပြတင်းအပြင်ကို ငေးမောရင်း သူမ ဖြေသည်။

"မပို့ခင်--လမ်းမှာ တစ်ခုခု ဝင်စားရင်း စကားပြောရအောင်--ကိုနိုင်အချိန်ရတယ် မဟုတ်လား"

လက်မှ နာရီဆီသို့ မသိမသာ ငုံကြည့်မိသည်။ ရုံးချိန်နီးနေပြီဟု သတိပြုမိသည်။ စည်းကမ်းတင်းကျပ်စွာ အချိန်ကို လေးစားသွန်းသော အရာရှိ၏ မျက်နှာကို ရေးရေးမြင်ယောင်မိ၏။ 'ရုံးချိန်နီးနေပြီ အချိန်မရတော့ဘူး သက်ထား'ဟု ပြောရန်ပြင်ပြီးမှ 'ကိုနိုင်ရတယ်နော်'ဟူသော စာကြောင်းလေးကို သတိရမိသည်။

"ရပါတယ်--သက်ထား၊ စားလေ"

သူ့အဖြေစကား အဆုံးမှာပင် သက်ထားဝေက ယာဉ်မောင်းသူဘက်သို့လှည့်ရင်း '(ရှုးဒီးယောက်စ်)ကိုမောင်း ဦးလေး'ဟု လှမ်းပြော၏။ ထို့နောက် ကားအတွင်း တိတ်ဆိတ်ခြင်းက လွှမ်းမိုးသည်။ ခေါင်ပေါ်မှ လွယ်အိတ်ကြီးကို ဆော့ကစားလျက် ကားအပြင်သို့ငေးနေသော သူမကို မြတ်နိုးစွာ ခိုးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမွတ်သော မျက်နှာသွယ်သွယ်ပေါ်၌ နူးညံ့သော သနပ်ခါး မှုန် မှုန်မှုန်မှအပ အထူးတလည် ပြင်ဆင်ခြယ်သခြင်းကင်းကြောင်း သတိပြုမိ၏။

နီစွေးရဲတွတ်သော နှင်းဆီဖူးငုံ နှုတ်ခမ်းထူထူအစုံက ဆိုးဆေး တင်ထားခြင်း မရှိသော်လည်း ရင်ခုန်ချင်စရာ ကောင်းလောက်အောင် ပင် ရွှန်းစိုလျက် ရှိသည်။ ကားအကွေ့ကွင် သူမက သူ့အကြည့်ကို သတိပြုမိဟန်ဖြင့် မျက်လုံးစွေလျက် တစ်ချက်ကြည့်၏။ ခိုးကြောင် ခိုးဝှက်အကြည့်တို့အတွက် ရှက်ရွံ့စွာ မျက်နှာကို အမြန်လွှဲလိုက်ရ သည်။ ရယ်သံဟု ထင်မှတ်ရသော အသံတစ်ခု သူမဆီမှ ကြား သည်။

* * *

ဆိုင်အမှုထမ်း လာချပေးသည့် (နန်းကြီးသုပ်)ပန်းကန်ကို သူ့ရှေ့သို့တိုးပေးရင်း "စားလေ"ဟု သက်ထားဝေ ပြော၏။ ဆိုင်သို့ ရောက်ချိန်မှစ၍ ပထမဆုံးအကြိမ်ကြားရသော သူမ၏ စကား ဖြစ်သည်။ ပန်းကန်ကို ဆွဲယူ၍ တိတ်ဆိတ်စွာ စားဖြစ်သည်။





မနေ့ကကိစ္စကို စကားစလျက်၊ တောင်းပန်မည်ဟု ကားပေါ် ရောက်ကတည်းက စိတ်ကူးခဲ့သော်လည်း သူမပြောဖြစ်။ နှစ်ယောက်စ လုံး သိသာစွာ နှုတ်ဆိတ်နေရခြင်း အကြောင်းရင်းကို အတွေးဖြင့် လိုက်ရှာနေမိသည်။

"ကိုနိုင်ကို ပြောစရာရှိလို့"

နန်းကြီးသုပ်ကို နှုတ်ခမ်းစေ့လျက် စားရင်း သူမ ပြောသည်။ 'ပြောစရာရှိလို့'ဟူသော စကားက တွေဝေနေသော နှလုံးသားကို တတ်ခတ်လှုပ်နှိုး၏။

ဘာပဲဖြစ်ဖြစ် ဖွင့်ပြောရမှာပေါ့--။

အောင်တိုး၏ တိုက်တွန်းစကားကို သတိရလိုက်မိသည်။ ပါးစပ်ထဲသို့ ထည့်ရန်ပြင်လိုက်သော ဇွန်းကို ပြန်ချရင်း ခေါင်းမော့ လျက် သူမကို ကြည့်မိ၏။ သူ့နည်းတူ သူမကလဲ စူးစိုက်စွာ ပြန်ကြည့်သည်။ တစ်ယောက်ကိုတစ်ယောက် တစ်ခါမျှ မမြင်ဘူး ကြသည့်နှယ် မျက်လုံးချင်းဆိုင်လျက် အတန်ကြာ ကြည့်နေ မိကြ၏။ ရင်တွင်းမှ စကားတို့က နှုတ်ဖျားမှတစ်ဆင့် လွင့်စဉ်ထွက်ကျသည်။

"ကျွန်တော်လဲ သက်ထားကို ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



စောစောက ရဲ့ဝံ့စွာ စူးစိုက်ပြန်ကြည့်နေသော သူမသည် သူ့စကားကို အကြားမှာပင် မျက်လွှာကိုချလျက် ခေါင်းငုံ့သွားသည်

ရဲရင့်ခြင်းမှန်သမျှ လွင့်ပျောက်လျက်၊ ပန်းနုရောင်သန်းသွားသည့် မျက်နှာနှင့်အတူ ကမန်းကတန်း ခေါင်းငုံ့သွားသည့် သူမ၏ဟန်က စွမ်းအားများစွာပါသော စကားကို ကြားရလေသည့်နှယ်

"ပြော--လေ"

တစ်ဝက်ကျော်ကျော် ကျန်သေးသော နန်းကြီးသုပ်ပန်းကန်ဘေးသို့တွန်းရင်း သူမပြော၏။

"သက်ထားအရင်ပြောလေ"

"ဟင့်အင်း--ကိုနိုင်အရင်ပြော"

ခေါင်းကိုခါယမ်းရင်း သူမပြောသည်။ သူခပ်တိုးတိုး ရယ်

"သက်ထားက ကျွန်တော့်တပည့်ပဲ--ကျွန်တော့်စကားနားထောင်မှပေါ့"

"ဒါ စာသင်နေတာမှ မဟုတ်ဘဲ"

နက်စ်ကော်ဖီ ပန်းကန်ကို လှမ်းယူလျက် ခပ်ဖြေးဖြေးမွှေ သက်ထားဝေ ပြော၏။

"ဒါပေမယ့်--ဆရာဟာ ဆရာပဲပေါ့"





"အနိုင်ကျင့်တာပေါ့နော်"

"သက်ထားကို ဦးစားပေးတာပါ"

သက်ထားဝေ ခပ်တိုးတိုး ရယ်မောသည်။

အတန်ကြာမှ အရယ်ရပ်ရင်း--

"သက်ထားပြောမယ့်စကားက သိပ်အရေးမကြီးပါဘူး၊ ဒါပေမယ့် ကိုနိုင် သိသင့်တယ်ထင်လို့--"

တည်ငြိမ်သော အသံဖြင့် ဖြည်းညင်းစွာပြောရင်း ခေါင်းငုံ့လျက် လွယ်အိတ်တွင်းမှ တစ်စုံတစ်ခုကို ထုတ်ယူသည်။

"အင့်--"

သွယ်နုသော လက်ချောင်းများဖြင့် ကိုင်လျက် သူ့ဘက်သို့ကမ်းပေးလာသည့် သူမ၏ လက်ထဲမှ အရာကို ငုံ့ကြည့်မိသည်။

အပြာရောင်ယိုးဒယား စာအိတ်လေး တစ်အိတ်--။

ရင်သည် သိသာစွာ သိမ့်သိမ့်တုန်၏။

နှလုံးသည်းပွတ်တို့ ရုတ်ချည်း အေးစက်သည်။

စိတ်လှုပ်ရှားစွာဖြင့် သူမ၏ လက်ထဲမှ စာအိတ်ပြာကို လှမ်းယူရင်း------



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ--"ဟု မမေးမိအောင် ကိုယ့်နှုတ်ကို ကိုယ်ချုပ်တည်းနေမိသည်။

အကဲခတ်သော အကြည့်ဖြင့် သူမကို တစ်ချက်အကြည့်--"ဖတ်ကြည့်ပါ"ဟု သက်ထားဝေက တိုးတိုးပြောသည်။ ကော်ကပ်ထားသော်လည်း အနည်းငယ်ဟနေသော နေရာတစ်နေရာမှ ခပ်ဖြည်းဖြည်းခွာရင်း စာအိတ်ကို ဖွင့်သည်။ အတွင်းမှ အရှည်လိုက် ခေါက်ထားသော စာကို ထုတ်ယူလျက် ဖြန့်လိုက်မိသည်။

--ပထမဆုံး ပြောချင်တဲ့ စကားကတော့ မသက်ထားဝေကို ကျွန်တော် သိပ်ချစ်တယ် ဆိုတာပါပဲ။

ကလေးကလား စာပေးပြီး ရည်းစားစကား ပြောရကောင်းလားလို့ မသက်ထားဝေ အပြစ်ဆိုချင်လဲ ဆိုပါတော့--မျက်နှာချင်းဆိုင်ပြီး ဖွင့်ပြောဖို့အထိ ကျွန်တော် သတ္တိမရှိခဲ့လို့ပါ။

အံ့သြစွာဖြင့် စာကို ဆက်မဖတ်နိုင်တော့ဘဲ ရပ်လိုက်မိသည်။ သက်ထားဝေကို လှမ်းအကြည့် တည်ငြိမ်စွာ ဆိုင်အပြင်ဘက်သို့ ငေးမောနေသည်ကို တွေ့ရသည်။ စိတ်လှုပ်ရှားစွာဖြင့် စာဆီသို့ အကြည့်လွှဲရင်း စာရေးသူ၏ အမည်ကို အမောတကော လိုက်ရှာမိ၏။





ပထမစာမျက်နှာအဆုံးတွင် မတွေ့၊ နောက်စာရွက်သို့အကြည့် ...ွင့်မှု စာအောက်ခြေ၌ ထိုးထားသော ထိုးမြဲလက်မှတ်တစ် ခုကို ...တွေ့ရသည်။

အမည်နာမကို ခန့်မှန်း၍ မရလောက်အောင် ရှုပ်ရှက်ခတ်စွာ ...ိုးထားသည့် လက်မှတ်တစ်ခု ဖြစ်သော်လည်း ထိုဆိုင်းထိုးထားသူ... အမည်ကို စာလုံးပေါင်း၍ ဖတ်စရာ မလိုလောက်အောင်ပင် ...ရင်းတနှီး ရှိလှ၏။

"ဇော်လွင်"

ထိုသို့သော ပန်းချီဆရာဆန်ဆန် လက်မှတ်မျိုးကို ထိုးတတ်...ှာ ဇော်လွင်မှလွဲ၍ အခြားသူမဖြစ်နိုင်။

သူခေါင်းမော့လျက် သက်ထားဝေကို ကြည့်မိသည်။ "ဇော်...င် မဟုတ်လား သက်ထား"

သက်ထားဝေက ခေါင်းညိတ်၏။ သူစာရွက်ကို ဖြည်းညင်းစွာ ...ါက်လိုက်မိသည်။ သက်ထားဝေ သူ့ကို တစ်ချက်ကြည့်ရင်း ...ား စသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိပိုင္ကကတ်မှာ ဆွမ်းကျွေးတဲ့နေ့တုန်းက ပေးတာ၊ ပြန်ခါနီး သက်ထားထိုင်နေတဲ့ စားပွဲရှေ့မှာ လာချပေးသွားတာ၊ သက်ထားက ကိုနိုင် မလာနိုင်တဲ့ အကြောင်း စာရေးပြီး သူ့ကတစ်ဆင့် ပေးခိုင်းတာအောက်မေ့လို့ ယူထားလိုက်မိတာ"

သူမစကားကို ခေတ္တရပ်၏။ စိတ်လှုပ်ရှားစွာဖြင့် စီးကရက်တစ်လိပ်ကို ထုတ်လျှက် မီးညှိဖွာရှိုက်လိုက်မိသည်။

"အိမ်ရောက်တော့မှ ရည်းစားစာမှန်းသိတာ၊ သိသိချင်း ဆုတ်ဖြဲပြီး လွှင့်ပစ်မလို့၊ သူ့ကိုလဲ ဖုန်းဆက်ပြီး ရန်တွေ့လိုက်မယ်ပေ့"

"ဒါပေမယ့်--နောက်မှ ကိုနိုင့်ကို သတိရပြီး ဘာမှ မလုပ်ဘဲ နေလိုက်တာ--"

သူမစကားကို ရပ်လျက် သူ့ကို အကဲခတ်ဟန်ဖြင့် ကြည့်၏။ ထို့နောက် ခေါင်းကို ငုံ့ရင်း--

"ကိုနိုင်--သိသင့်တယ်ထင်လို့"

လက်ထဲမှ အငွေ့တလူလူ ထွက်နေသည့် စီးကရက်ကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။ အတန်ကြာမှ

"သက်ထား--ဘယ်လိုလုပ်ချင်လို့လဲ"





ဖြတ်ခနဲကြည့်လာသည့် စူးရှသော မျက်ဝန်းညိုအစုံကို သတိပြုမိ၏။

"သက်ထားလုပ်ချင်တာကို ပြောပြီးပြီပဲ။ သူ့ကို ဖုန်းဆက်ပြီး အိမ်ကိုခေါ်မယ်၊ ပြီးတော့ လက်ညှိုးငေါက်ငေါက် ထိုးပြီး ရန်တွေ့ပစ်လိုက်မယ်"

တားမြစ်ခြင်းမရှိသည့်တိုင် ထိုမျှအထိ မပြုစေချင်သော အကြည့်ဖြင့် သက်ထားဝေကို တစ်ချက်ကြည့်မိသည်။ သက်ထားဝေက ခပ်တိုးတိုး ရယ်ရင်း--

"ဒါပေမယ့် မလုပ်ပါဘူး--ကိုနိုင့်ကိုမှ မတိုင်ပင်ရသေးဘဲ ဥစ္စာ"

ပင့်သက်တစ်ခုကို ခိုး၍ ချဖြစ်သည်။

"ကိုနိုင်က ဘယ်လို ဖြစ်စေချင်လို့လဲ"

"ဘာမှ မလုပ်စေချင်ဘူး၊ ဒီအတိုင်းပဲ နေလိုက်ပါ"

"ရှင်--"

အံ့သြဟန်ဖြင့် သက်ထားဝေ စိုက်ကြည့်၏။ ပြီးမှ ပြုံးရင်း "ကောင်းပြီလေ--ကိုနိုင့်သဘောပဲ"ဟု ပြော၏။

"ဒါတွေ--ထားပါဦး၊ ဟို--ကိုနိုင် ပြောမယ်ဆိုတဲ့ စကားပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



မေ့လျော့ထားခဲ့မိသည့် အကြောင်းအရာကို စကားစလျက် သတိတရ ဖြစ်စေ၏။ ခန္ဓာကိုယ်သည် ဆတ်ခနဲ တုန်လှုပ်သွားသည်ဟု ကိုယ့်ကိုယ်ကို သိ၏။ လက်ထဲမှ စီးကရက်ကို ပြာခွက်တွင်းသို့ ထိုးခြေရင်း လေကို တစ်ဝရှူသွင်းမိသည်။ အကြည့်တစ်ချက် အရှေ့ စားပွဲပေါ်မှ ဇော်လွင်၏ စာအိတ်ပြာက အမြင်အာရုံတွင်းသို့ စူးရှစွာ တိုးဝင်သည်။

"ကျွန်တော်ပြောမယ့် စကားက သိပ်အရေးမကြီးပါဘူး သက်ထားရယ်--ဟိုလေ လာမယ့်ဗုဒ္ဓဟူးနေ့ ကျွန်တော်မွေးနေ့ကျတယ်၊ အဲဒါ အိမ်မှာ တစ်ခုခု ချက်စားကြမလို့"

ထစ်ငေါ့တုန်ယင်သော စကားသံဟု ကိုယ့်ကိုယ်ကိုသိ၏။ ခေါင်းကိုအမော့ စူးရှစွာ စိုက်ကြည့်နေသော သက်ထားဝေ၏ မျက်လုံးရွဲအစုံကို သတိပြုမိသည်။ ရင်မဆိုင်ရဲစွာဖြင့် သူမ၏အကြည့်ကို ရှောင်လွှဲရင်း--

"သက်ထား--လာမယ်မဟုတ်လား--ဟင်"

ပင့်သက်တစ်ခုကို သက်ထားဝေ ရှိုက်၏။ မှိုင်းဝေသွားသော အကြည့်တို့ဖြင့် အဝေးသို့ မျှော်ငေးရင်း--

"ကိုနိုင်--လာစေချင်ရင် သက်ထား လာပါ့မယ်"





အဖျားခတ် တုန်ယင်စွာ တိုးညှင်းလွန်းသော အသံဟု သတိထားလိုက်မိသည်။

* * *

အံ့သြစွာဖြင့် ခေါင်းမော့လျက် ကြည့်မိ၏။ ဇော်လွင်က ပြုံးရင်း-

"ကားနံပါတ်က အသိသာကြီးဥစ္စာ၊ မင်းတို့ဆိုင်ထဲကထွက်လာတော့ ငါ ဟွန်းတီးသေးတယ်၊ တစ်ချက်တစ်လေတောင် လှည့်ကြည့်ဖော်မရဘူး၊ သက်ထားဝေတော့ မိန်းခလေးမို့ မကြည့်ဘူးထားပါတော့--မင်းကတော့--လှည့်ကြည့်ဖို့ကောင်းတယ်"

"ငါမကြားလို့ပါ"

"အေးပေါ့၊ ကားနောက်ခန်းမှာ (၂)ယောက်တည်း ထိုင်စီးခွင့်ရတာဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့သွားမှာပေါ့"

ပြောရင်းဖြင့် ဇော်လွင်ရယ်သည်၊ ဟန်ဆောင်ရယ်မောခြင်းဟု သတိပြုမိသည်။ အောင်တိုးက 'ဘယ်လိုလဲ'ဟူသော သဘောဖြင့် သူ့ကို တစ်ချက်ကြည့်၏။ ဇော်လွင်က "မင်းကွာ--ဒီလောက် အဆင်ပြေနေတာကိုတောင် ငါ့ကို လျှို့ထားတယ်၊ တကယ့်ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပကတိအံ့ဩဝမ်းသာဟန်ဖြင့် ဇော်လွင်ပြောသည်။ 'ကိုနိုင်ယူသွား သက်ထားဆီမှာဆိုရင် ဒေါသဖြစ်ဖြစ်နဲ့ ဆုတ်ပစ်မိလိမ့်မယ်' ဟုပြောလျက် သက်ထားဝေ ပေးလိုက်သည့် သူ့လွယ်အိတ်အတွင်းမှ အပြာရောင်စာအိတ်ကလေး တစ်အိတ်ကိုသာ သတိမရမိပါက ဇော်လွင်၏ အမူအရာသည် ဟန်ဆောင်ထားခြင်းဟု ရိပ်မိနိုင်စရာ အကြောင်းမရှိ--

လက်ထဲမှ ဆေးပေါ့လိပ်ကို လွှင့်ပစ်ရင်းမှ--

"မင်းထင်သလို မဟုတ်ဘူး၊ ငဇော်"ဟု စကားစဖြစ်သည်။

"ဘယ့်နဲ့--ဆိုင်တစ်ဆိုင်ထဲမှာ နှစ်ယောက်အတူထိုင်၊ ကားနောက်ခန်းမှာ နှစ်ယောက်အတူစီး နေကြတာကိုတောင်မှ မဟုတ်ဘူးဆိုတော့--မင်းဟာက ဘယ်လို အခြေအနေမျိုးရောက်မှ ဟုတ်မှာလဲ။ ဘာလဲ--ကမ္ဘာ့ငွေကြေး ဖောင်းပွမှုပြဿနာ အဖြေရှာဆွေးနွေးဖို့အတွက် နှစ်ယောက်အတူ သွားအတူ လုပ်နေတာပါလို့ ပြောမလို့လား"

ရယ်သံစွက်သောအသံဖြင့် ဇော်လွင်ပြော၏။ ဇော်လွင့်ကိုရိုဝေစွာ ကြည့်နေမိ၏။ မပြောနဲ့ဟု ကိုယ့်ကိုယ်ကို တားနေသည့်ကြားမှ စကားသံတို့က ဖြည်းညင်းစွာ ထွက်လာသည်။





"ဟုတ်တယ်--ငဇော်၊ အခြားကိစ္စတစ်ခု ဆွေးနွေးဖို့အတွက် နှစ်ယောက် ဆုံဖြစ်ကြတာပါ"

"ဘာကိစ္စလဲ"

"မင်းပေးတဲ့စာကိစ္စ"

အဝေးကိုအကြည့်လွှဲရင်း ဖြေလိုက်သည်။ သူ့စကားအဆုံးအောင်တိုးရော၊ ဇော်လွင်ပါ အံ့ဩစွာဖြင့် မှင်သက်၏။ တအောင့်ကြာမှ ဟာ 'ဘယ်လိုကြွေတုန်း'ဟူသော အောင်တိုး၏ ရေရွတ်သံကို ကြားရ၏။ ပျက်ချင်ချင်ဖြစ်နေသော မျက်နှာကို ဇော်လွင် ကျွေးသည်ရင်း၊ ခပ်တိုးတိုး ရယ်သည်။ ထို့နောက် သူ့ကိုကြည့်ရင်း--

"မင်း--သိသွားပြီကိုး"ဟု ရေရွတ်၏။

"သိသွားတဲ့အတူတူတော့ မထူးတော့ပါဘူး၊ ဝန်ခံရုံပေါ့"

စကားကို ခေတ္တရပ်ရင်း ဇော်လွင်ပြုံးသည်။ ထို့နောက်

"ဟုတ်တယ် ရန်နိုင်၊ ငါသူ့ကို စာပေးလိုက်မိတယ်၊ ဆိုစမ်းပါဦး၊ မင်းကို သူက ဘယ်လို ခေါ်ပြောတာလဲ။ စိတ်ဆိုးနေလား။ ပြီးတော့--ငါ့အကြောင်း ဘာပြောလိုက်သေးလဲ"

စိတ်အားထက်သန်စွာ ဇော်လွင်မေး၏။ 'စိတ်ဆိုးတာပေါ့--ငါးစာကို ဖြမလို့တောင်လုပ်တာ။ ခု--ငါ့လွယ်အိတ်ထဲမှာပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်’ဟု ပြန်ဖြေရန် အားနာနေမိသည်။ ရန်နိုင်တို့ကို အသိမပေးဖို့ တောင်းပန်ပါတယ်ဟူသော ဇော်လွင့်စာထဲမှ စာသားတို့ကို ဖြတ်ခနဲ သတိရမိသည်။

အမှန်ကိုအမှန်အတိုင်း ပြောလိုက်လျှင်--ဇော်လွင် ရှက်သွားမလား၊ အားငယ်သွားလေမလား။ စာပေးခြင်းကိုပင် ဘယ်သူမှ မပြောရန် ဇော်လွင် တောင်းပန်ခဲ့သည်ပဲ၊ ငြင်းဆန်ခြင်းစကားကိုသာ အခြားသူ တစ်ဦးဦးဆီမှ တစ်ဆင့်ကြားရပါက ဇော်လွင့်အတွက် ရှက်စရာပဲဟု အတွေးဖြင့် ကိုယ်ချင်းစာမိသည်။

“ငါအခြေအနေကောင်းရဲ့လား”

အတန်ကြာ နှုတ်ဆိတ်နေသော သူ့ကို ဇော်လွင် မေး၏။

“မပြောတတ်ဘူးလေ။ ငါကိုတော့ မင်းစာပေးတဲ့အကြောင်း ခေါ်အသိပေးတဲ့ သဘောနဲ့ ပြောတာပါ”

“ခေါ်အသိပေးတဲ့သဘော--ဟုတ်လား”

ဇော်လွင် အံ့သြဟန်ဖြင့် ရေရွတ်သည်။ ဇော်လွင့်မျက်လုံး၌ အရောင်တစ်မျိုး လက်သွားကြောင်း သတိထားလိုက်မိသည်။ ယောကျ်ားတစ်ယောက်က ကိုယ့်ကိုစာပေးတဲ့အကြောင်း အခြား ‘ယောကျ်ားတစ်ယောက်ကို ခေါ်အသိပေးတာဟာ ဘာသဘောလဲ’ ဟု





ဇော်လွင် ဆက်စပ်လျက် စဉ်းစားနေတော့မည် ဖြစ်ကြောင်း သူတွေးလိုက်မိသည်။

“မင်းအကြောင်းလဲ နည်းနည်းပါးပါး စုံစမ်းချင်လို့ ဖြစ်မှာပေါ့ကွာ”

မတင်မကျဖြင့် ဖြေသိမ့်စကားကို သူပြောလိုက်မိသည်။ ယခုအချိန်အထိ နှုတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေသော အောင်တိုးက သူ့ကို မကျေမနပ်ဖြင့် တစ်ချက် လှမ်းကြည့်၏။ ဇော်လွင်က ရှက်တရက် ရယ်မောရင်း--

“ဟုတ်တာပေါ့၊ ကြည့်စမ်း၊ ငါလုံးဝ မစဉ်းစားမိဘူး။ မင်းမင်းကို ဘာတွေ မေးသေးလဲ၊ မင်းငါ့အကြောင်း အကောင်းတွေမှ ပြောလိုက်ရဲ့လား--”

သူ့ပေါင်ကို လှမ်းပုတ်ရင်း ဇော်လွင်မေးသည်။ ပြောပြလိုက်ပါတယ်ဟု မရေမရာ ဖြေဖြစ်သည်။

“လုပ်ပါကွာ--အားကိုးပါရစေ ဆရာသမားရယ်၊ ငါ့အရက်သောက်၊ ဖဲမရိုက်၊ မိန်းမ မလိုက်တဲ့အကြောင်း ပိုပိုသာသာလေး ပြောပြပေးစမ်းပါ--”



www.burmeseclassic.com

www.burmeseclassic.com



အားကိုးတကြီး လေသံတစ်ခုဟု--သတ္တိပြုမိသည်။ သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာရှိုက်ရင်း--

"အေးဝါ--"ဟူ ခြောက်သွေ့အက်ကွဲသော အသံဖြင့် ပြောလိုက်မိ၏။ အောင်တိုးက အိတ်ထဲမှ ဆေးပေါ့လိပ်ကိုထုတ်လျက် ဆေးလိပ်ဖင်စီခံကို စားပွဲပေါ်သို့ တဒိုင်းဒိုင်းဆောင့်ရင်း--

"ငါတော့ နားကို မလည်တော့ဘူး"

လိုအပ်သည်ထက်ပို၍ ကျယ်လောင်လွန်းသော မကျေမနပ်အသံဟု သတိပြုလိုက်မိသည်။ ဇော်လွင်က ရယ်မောရင်း--

"ရှင်းရှင်းလေးပဲ-- ငါ့အကြောင်းတွေ စုံစမ်းတယ်ဆိုတော့ အခြေအနေကောင်းလို့ ဖြစ်မှာပေါ့"

ဟု ဝင်ပြော၏။ အောင်တိုး တစ်စုံတစ်ရာ ခွန်းတုံ့မပြန်။ သူ့ကို တစ်ချက်ကြည့်လျက် အဝေးသို့ မျှော်ငေးသည်။ ရင်သည် ရှပ်ထွေးစွာ လေးလံလျက်ရှိကြောင်း ကိုယ့်ကိုယ်ကို သတိပြုလိုက်မိသည်။

* * *





"ဟာ--မွေးနေ့ရှင်ကိုယ်တိုင် ကြက်သွန်တွေဘာတွေ ဝင်နွှာနေပါလား"

ကြားဖူးနေသော အသံကြောင့် မော့အကြည့် မီးဖိုချောင်ဝတွင် ရပ်လျက် သူ့ကိုကြည့်ကာ တအံ့တဩ ပြောနေသော ထွေးထွေးကို တွေ့ရ၏။ ထွေးထွေး၏ နောက်မှ သက်ထားဝေနှင့် ကေသီဆီသို့ အကြည့်ရောက်ရင်း--

"စောလှချည်လား"ဟု ပြောလိုက်သည်။ ထွေးထွေးက

"စားခါနီးမှ ကပ်လာရင် ပြောစရာပြစ်နေမှာ စိုးလို့ စောစော ထွက်လာတာ"

သူနှင့် ဦးအောင်ကြီး ကြက်သွန်နွှာနေရာ စားပွဲဆီသို့ လျှောက်လာကြရင်း--

"ဘာလုပ်ပေးရမလဲ"

ဟု သက်ထားဝေမေး၏။ 'ရပါတယ်--နေပါစေ'ဟု ပြန်ပြောရန် ပြင်စဉ်မှာပင် ကေသီက ဝင်၍

"သက်ထားက ကိုနိုင်နဲ့ အတူတူ ကြက်သွန်နွှာပေးလိုက်။ ထွေးထွေးက ငရုပ်သီးထောင်း"

"နင်ကရော"



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးက ကေသီကို လှည့်မေး၏။

"ငါက ပါးစပ်နဲ့ စိမ်ခန့်ခွဲတဲ့ တာဝန်ယူမယ်"

"ဩော်--တော်တော် တရားပါလား"

ထွေးထွေးက မကျေမနပ်ဖြင့် ပြောသည်။ ကေသီက ရယ်ရင်း--

"အလကားပါဟာ၊ ငါက အုန်းထမင်းချက်ဖို့ ဆန်ဆေးမယ်"

သက်ထားဝေက သူ့အေးနားခုံတွင် ဝင်ထိုင်ရင်း

"ကြက်သားဟင်းချက်ဖို့ကော"

ဟု ကေသီကို မေးသည်။ 'ဒေါ်လုံး ကြက်ကိုင်နေတယ် သူချက်လိမ့်မယ်-'ဟု ပြောရင်း ဆန်ဆေးရန် ပြင်သည်။ ထွေးထွေးက

"ငရုပ်သီးထောင်းဖို့ ငရုပ်ဆုံတို့ ဘာတို့ကော ဘယ်မှာလဲ"

ဟု မေး၏။ 'ရှိတယ်၊ ပန်းကန်စင်နားမှာ၊ ဦးအောင်ကြီး ယူပေးလိုက် ပါ'ဟု ကေသီပြောသည်။

ဦးအောင်ကြီး ကြက်သွန်နွှာနေရာမှ ထကာ ငရုပ်ဆုံ ယူပေးရန် အတွက် ထွက်သွား၏။ ဦးအောင်ကြီး ချထားခဲ့သောဓားကို သက် ထားဝေ လှမ်းယူရင်း ကြက်သွန်နွှာရန် ပြင်သည်။





"နေပါစေသက်ထား--ပြီးတော့မှာပဲ ကျွန်တော် တစ်ယောက် တည်း ဆက်နွှာလိုက်မယ်"

အားနာစကားမဆုံးခင်မှာပင် သက်ထားဝေ မျက်စောင်းတစ် ချက် ထိုးသည်။

"ခုထိ--သူစိမ်းလို သဘောထားတုန်းပဲ"

မကျေမနပ်အသံဟု သတိပြုမိသည်။ လက်ထဲမှ နွှာပြီးသား ကြက်သွန်ကို ဇကာကုံးထဲသို့ ထည့်ရင်း--

"သက်ထား--ပင်ပန်းမှာစိုးလို့ပါ"

မရည်ရွယ်ဘဲနှင့် မေတ္တာ၏ အငွေ့အသက်တို့လွှမ်းသော စကားကို လွှတ်ခနဲ ပြောလိုက်မိသည်။

"မယုံပါဘူး"

ချိုနွဲ့လွန်းသော အသံတိုးတိုးဖြင့် သူကြားရရုံမျှ သက်ထားဝေ ပြန်ပြော၏။ ကြည်နူးခြင်းကို ဖြစ်စေသောအသံဟု တွေးမိသည်။ ဆန်ဆေးနေသော ကေသီက သူနှင့် သက်ထားဝေဘက် တစ်ချက် လှည့်ကြည့်ရင်း--

"သက်ထား ကြက်သွန်နွှာနေတာပဲ ဦးအောင်ကြီး၊ ဒေါ်လုံး ဆီသွား ကူလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ငရုပ်ဆုံမလာသော ဦးအောင်ကြီးက "အေး"ဟု ပြောရင်း ထွေးထွေးလက်ထဲသို့ ငရုပ်ဆုံကို လှမ်းထည့်၏။ "ငါက ဘယ်မှာ ထိုင်ထောင်းရမှာလဲ" ထွေးထွေးက သူတို့ဘက် တစ်ချက်ငဲ့ကြည့်ရင်း ကေသီကို မေး၏။

"လာ--ငါ့နားမှာ လာထောင်း"ဟု ကေသီပြန်ပြောသည်။

"အေးပါ--နင့်နားမှာပဲ ထောင်းပါတယ်။ ဒါမှ သူများတွေ အနှောက်အယှက် မဖြစ်မှာ"

ကေသီ့အကြံကို ရိပ်မိဟန်တူသော ထွေးထွေးက ရယ်ရင်း ပြောသည်။ ကေသီက ထွေးထွေးစကားကို နှင်းလျက် ဆက်နှောက် ရန် နှုတ်ခမ်းပြင်၏။ ပြီးမှ ခပ်တင်းတင်း လှမ်းကြည့်လိုက်သည့် သူ့အကြည့်ကို သတိပြုဟန်ဖြင့် ဘာမှ ဆက်မပြောတော့ဘဲ နေသည်။ ထွေးထွေး "ပြပ်သီးထောင်းတဲ့ အသံက တဒုံးဒုံးနဲ့ဆိုတော့ နားငြီးမှာ စိုးလို့ပါ"

ဟု စကားကိုလျော့ရင်း ကေသီနားသို့ သွားထိုင်သည်။ မျက် ကွယ်အရပ် မဟုတ်သည့်တိုင် တီးတိုးစကားတို့ကို မကြားနိုင်သော နေရာသို့ တမင်ရှောင်ပေးခြင်းဟု နားလည်လိုက်မိသည်။

"အန်တီကော--မတွေ့ပါလား"





အမေနေကျဦးကြပ်ခြင်းကို ပြေပျောက်ရန် ရည်ရွယ်လျက် သက်ထားဝေ စကားစ၏။

"အသိတစ်ယောက်အိမ် သွားလည်ကြတယ်။ နေ့လည် လောက်မှ ပြန်ရောက်မယ်ထင်တယ်"

"အုန်းထမင်း ပြန်မစားကြဘူးလား"

"စားမယ်မထင်ဘူး၊ မနက်စာကို ဟိုမှာပဲ စားမယ်လို့ ပြောသံ ကြားတာပဲ"

သက်ထားဝေက နွှာလက်စ ကြက်သွန်ကိုချရင်း မျက်လုံးကို လက်ခုံဖြင့် ပွတ်၏။ ကြက်သွန်မွှန်သွားတာ ဖြစ်မည်ဟု တွေးမိသည်။

"ကျွန်တော်ပြောသားပဲ ခန္ဓာဝါနဲ့လို့"

"ရပါတယ်"

"မျက်ရည်တောင်ဝဲနေပြီ"

သူ့စကားကြောင့် သက်ထားဝေ ယဲ့ယဲ့ပြုံး၏။

"ခံစားချက်မပါဘဲ--မျက်ရည်ကျရတာလောက်တော့ ခံနိုင် ရည်ရှိပါတယ်"

မျက်ရည်များ ရစ်ဝဲနေကြသည့် မျက်လုံးအစုံဖြင့် သူ့ကိုကြည့် ရင်း သက်ထားဝေ ပြောသည်။ အဓိပ္ပာယ်များစွာ နက်နဲလှသည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကို အသိမှတ်ပြုမိသည်။ ပေါ့ပါးသော ရယ်သံမျိုးဖြစ်အောင် တမင်လုပ်၍ ရယ်ရင်း

"မျက်ရည်ကျရတယ်ဆိုကတည်းက ဘယ်က ကောင်းပါ့မလဲ သက်ထားရယ်--"

ဟု နောက်ပြောင်ဟန်ဖြင့် သူပြောမိ၏။ သက်ထားဝေက ပြုံးရင်း--

"ရပါတယ်၊ ကိုနိုင်ကြောင့်ကျရတာပဲ"

တိုးလွန်းသော အသံပင်ဖြစ်သော်လည်း နှလုံးသားအစုံကို သိမ့်သိမ့်တုန်စေ၏။ ရှိန်းမြမ်းပျော်ရွှန်းဖြင့် ချေပစကားတို့ကိုပင် ပြန်လည်၍ မပြောနိုင်တော့လောက်အောင် နှုတ်ဆိတ်လျက် လက်ထဲမှ နွှာလက်စ ကြက်သွန်ကို အဓိပ္ပါယ်မဲ့စွာ ငေးကြည့်နေမိသည်။ သက်ထားဝေက ရယ်သံတိုးတိုးကိုပြုရင်း---

"အလကားစတာပါ--ကိုနိုင့်ကြောင့် မဟုတ်ပါဘူး၊ သက်ထား ဘာသာ ကြက်သွန်နွှာလို့ ကျရတာပဲ"

ဟုစကားကိုဖြေသည်။ သူနှုတ်ဆိတ်စွာ သက်ထားဝေကို ငေးကြည့်နေမိသည်။ သက်ထားဝေက မျက်လုံးလှန်လျက် တစ်ချက် ကြည့်ရင်း--





"ဟိုနေ့က ကိုနိုင့်သူငယ်ချင်းတောင် အိမ်လာသေးတယ်"

စကားလွှဲခြင်းဟု နားလည်မိသည်။ သို့သော် ထိုသို့ လွှဲလိုက်သည့် စကားတို့သည် စောစောက စကားတို့ထက်ပင် နှလုံးသားကို ပို၍ ဆွတ်ကျင်စေကြောင်း သူမ သတိပြုမိဟန်မတူ။

"သက်ထား ဆင်းမတွေ့ပါဘူး၊ မေမေကတောင် ဆင်းတွေ့လိုက်ပါဦးဆိုပြီး--နှစ်ခါတောင် လာခေါ်တယ်၊ ခေါင်းကိုက်နေလို့လို့ ပြောပြီး အိပ်ချင်ယောင် ဆောင်နေလိုက်တယ်"

သူမအား တိတ်တခိုး ချစ်နေမိသော သူ့အတွက် ဝမ်းသာသင့်သောစကားဟု ဆိုသော်လည်း ဝမ်းသာကြည့်၍မရ။ "ဩော်"ဟု ရေရွတ်ရင်း ကြက်သွန်ကိုသာ ခေါင်းငုံ့၍ နွှာနေမိသည်။

"နောက်နေ့လဲ--ထပ်လာသေးတယ်"

နွှာပြီးသော ကြက်သွန်ကို ဇကာထဲ ပစ်ထည့်ရင်း သက်ထား ဆ ဆက်ပြောသည်။

"အဲဒီနေ့က မေမေတို့လဲ မရှိဘူး။ သက်ထား ညှော်ခန်းမှာ ဆွာ့ထင်ဖတ်နေတုန်း ရောက်လာတာ"

စကားကိုရပ်လျက် စူးစမ်းဟန်ဖြင့် သက်ထားဝေ ကြည့်၏။ ခေါင်းကိုမော့လျက် သူမကို ပြန်ကြည့်လိုက်မိသည်။ သက်ထားဝေ ပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆက်ဖြစ်လဲသိလား"

အဖြေကို မျှော်လင့်သော မေးခွန်းမဟုတ်။ နှလုံးသားကို လှုပ်ခတ်စေရန် တမင်ရည်ရွယ်လျက်မေးခဲ့သော မေးခွန်းထုတ် သော်လည်း စိတ်လှုပ်ရှားစွာဖြင့်—

"ဘယ်သိပါ့မလဲ"

တိုးလျလုနီယင်စွာ သက်ထားဝေ နှုတ်ခမ်းတွန့်ကွေးအပြုံး တစ်ခုကို ပြုံး၏။ သူမ၏အပြုံးက သူ့ရင်ကို ထွင်းဖောက်သိမြင်လေ သည့်နှယ်။

"သူ့ကို ခဏထိုင်ဦးနော်ဟု ပြောပြီး—အိမ်ပေါ်တက်နေလိုက် တာပေါ့။ ဧည့်ခန်းထဲမှာ သူတစ်ယောက်တည်း ကြောင်တောင် တောင်နဲ့ ကျန်ခဲ့တယ်။ နာရီဝက်လောက်နေတော့ ဒေါ်ညိုကိုခေါ် ပြီး ပြန်သွားပြီလားလို့မေးတော့ မပြန်သေးဘူးတဲ့၊ အဲဒါနဲ့ ကော် တစ်ခွက်လောက် ဖျော်ပြီး သွားချပေးလိုက်ပါ။ သက်ထားကို မေးရင်လဲ တအောင့်ကြာရင် ဆင်းလာလိမ့်မယ်လို့ ပြောလိုက်ပါလို့ ဒေါ်ညိုကို မှာလိုက်တယ်--သိပ်ရယ်ရတာပဲ"

ပြောရင်းမှ သဘော‌ကျဟန်ဖြင့် သက်ထားဝေ ရယ်၏။

"ဘယ်လောက်ကြာအောင် ထိုင်စောင့်နေတယ်မှတ်လဲ—





စရောက်တဲ့ အချိန်က ပြန်သွားတဲ့အချိန်အထိ စုစုပေါင်း တစ်နာရီ ခွဲလောက် ကြာတယ်။ ဒါတောင် ဒေါ်ညိုကိုခေါ်ပြီး စောင့်ပါဦးလို့ နောက်တစ်ခါ သွားမပြောခိုင်းလို့၊ ပြောမျှားပြောခိုင်းရင် ထပ်စောင့်ဦး မလား မသိဘူး--"

သက်ထားဝေ၏ ချိုးလွင်သော ရယ်သံတိုးတိုးတို့ကို နား ထောင်ရင်းမှ အတွေး၌ သူမတို့အိမ် ဧည့်ခန်းတွင် တစ်ယောက်တည်း ငေါင်တောင်တောင်ဖြင့် ထိုင်စောင့်နေခဲ့ရမည့် ဖော်လွင့်ပုံရိပ်ကို မြင်ယောင်ရင်း ကိုယ်ချင်းစာလိုက်မိသည်။ လာနီးလာနီးနှင့် စိတ် အာစွာ စောင့်မျှော်နေရမည့် သူတစ်ဦး၏ ဒုက္ခကိုစာနာရင်း ဖော်လွင့် အတွက် စိတ်မကောင်း ဖြစ်မိ၏။

ပန်းတိုင်တစ်ခုထဲဆီသို့ အခြားသူတစ်ဦးနှင့်အတူ ယှဉ်ပြိုင် ပြေးနေရသူတစ်ယောက်အနေဖြင့် ကိုယ့်ပြိုင်ဘက်သည် ကိုယ်နှင့် ခြေလှမ်းပေါင်း များစွာ ဝေးကွာလွန်းသောအရပ်၌ အပြတ်အသတ် ကျန်ရစ်ခဲ့ခြင်းသည် ဝမ်းသာစရာကောင်းသော ကိစ္စတစ်ခု ဖြစ်ပါ လျက် သူဝမ်းမသာမိ။

အားကိုးပါရစေကွာ--ဟု မျက်နှာငယ်ငယ်ဖြင့် ပြောသော သည့် ဖော်လွင့်မျက်နှာကိုသာ မြင်ယောင်နေမိသည်။ သက်ထားဝေက



www.burmeseclassic.com

www.burmeseclassic.com



အရယ်မပျက်သေးသော အသံဖြင့်--"မှတ်လောက်သားလောက်တော့ ဖြစ်သွားမှာပဲ၊ ဒါမှ နောက်တစ်ခါအကြောင်းမရှိ အကြောင်းရှာပြီး မလာရဲတော့မှာ"

သက်ဖြင်းတစ်ချက်ကို တိတ်တခိုးချရင်း သက်ထားဝေကို ငေးကြည့်နေမိသည်။

"ဒါပေမယ့်--ပြောလို့ကော့ မရဘူး၊ ထပ်လာချင်နေဦးမှာ၊ ဒီတစ်ခါလာလို့ကတော့ ဒီ့ထက်ကြာကြာလေး ပညာပေးရမယ်"

နှာလက်စကြက်သွန်ကိုချရင်း သက်ထားဝေ သူ့ကိုကြည့်၏။ သူခေါင်းကို ငုံ့ရင်း--

"မကောင်းပါဘူး သက်ထားရယ်--မလုပ်ပါနဲ့"

ဟု တိုးတိုးပြောဖြစ်သည်။ သက်ထားဝေက အံ့ဩဟန်ဖြင့် "ရှင်"ဟု ရေရွတ်လျက် စိုက်ကြည့်သည်။

"သူက ကိုယ့်အိမ်လာလည်တဲ့ ဧည့်သည်မဟုတ်လား-ဘာပဲဖြစ်ဖြစ် လူမှုရေးအရတော့--"

"ဆင်းပြီး ဧည့်ခံရမယ်ပေါ့--ဟုတ်လား"

သူ့စကားမဆုံးခင်မှာပင်--ငေါ့တော့တော့လေသံဖြင့် သက်ထားဝေ ပြတ်ပြော၏။ ခေါင်းမော့လျက် သူမ၏မျက်နှာကို ငေးကြည့်မိသည်။ မှိုင်းဝေသော မျက်ဝန်းညိုအစုံမှာ အလိုမကျဟန် တစ်စွန်း





တစ်စကို မသိကျိုးကျွန်ပြုရင်း ခေါင်းကို ဖြည်းညင်းစွာ ညိတ်ပြလိုက်မိသည်။ သက်ထားဝေက သူ့ဆီမှ အကြည့်တို့ကို ဖြတ်ခနဲရှောင်လွှဲရင်း၊ နားလည်ရန်ခက်သော အပြုံးတစ်ခုကို ယှဲ့ယှဲ့ပြုံးသည်။

"ရပါတယ်-ကိုနိုင်က ဆင်းဧည့်ခံလိုက်ပါဆိုတော့လဲ သက်ထားက ဧည့်ခံရုံပေါ့--ဧည့်ဝတ်အကျေပွန်ဆုံးဖြစ်အောင် ဧည့်ခံလိုက်ပါမယ်"

စကားကို ရပ်လျက် သူ့ဘက်သို့လှည့်ခါ--ခပ်စူးစူးကြည့်၏။

"တကယ်လို့--အဲလို ဧည့်ခံနေရင်းနဲ့ သူက အဖြေတောင်းလာရင်တော့-- ဘယ်လို ပြန်ဖြေရမလဲ။ ချစ်ပါတယ်လို့ ဖြေလိုက်ရမလား"

နှလုံးသားဆီ စူးနစ်စွဲဝင်စေသော သရော်စကားဟု နားလည်သိုက်မိသည်။

* * *

"ခေတ်သစ် ဝေသန္တရာမင်းကြီး--ဆိုပါတော့ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို စွေလျက်ကြည့်ရင်း မခိုးမခန့်လေသံဖြင့် အောင်တိုး ပြော၏။ သူတိတ်ဆိတ်စွာ ထိုင်နေမိသည်။ အောင်တိုးက မေးစေ့ကိုပွတ်ရင်း

"တကယ်ဆို--သူ့ဘာသာသူ ဆင်းပြီး ညှော်မခံရုံမကလို့ အိမ်ပေါ်ကပဲ နှင်ချနှင်ချ မင်းနဲ့ အနေသာကြီး--မင်းဘာမှ ဝင်ပြောစရာမလိုဘူး၊ နောက်ဆုံးပါးပဲရိုက်ရိုက်၊ ဒါသူ့အခွင့်အရေးပဲ၊ သူ့နှလုံးသားကိစ္စ သူ့ဘာသာသူ ဆုံးဖြတ်လိမ့်မှာပေါ့--မင်းက ဘာဖြစ်လို့ ဇော်လွင်ဘက်က ဝင်ပြီး ရှေ့နေလိုက်ပေးစရာလိုလဲ"

"မဟုတ်ဘူး--အောင်တိုး"

သူ့စကားကြောင့် အောင်တိုးက 'ဆိုစမ်းပါဦး ဘယ်လိုမဟုတ်တာလဲ'ဟု ငေါ့တော့တော့ မေး၏။ အဝေးသို့ မျှော်ငေးနေရာမှ အောင်တိုးဘက်သို့ လှည့်ရင်း

"အရင်က ဆိုရင်တော့ ငါလဲ မင်းပြောသလို နေမိမှာပဲ ဇော်လွင်စာပေးတဲ့ကိစ္စ ငါမသိခဲ့ရင်ပေါ့။ ဒါဆို ငါနဲ့ အနေသာကြီး ဒါပေမယ့်--ခုတော့ ဇော်လွင် စာပေးတယ်ဆိုတာ ငါသိရုံတင် မဟုတ်ဘူး--ဇော်လွင်ကလဲ ကူညီပါလို့ ငါ့ကိုပြောခဲ့တယ်"





"အဲဒါနဲ့ပဲ ကိုယ်ယူရမယ့်သူကို မယူဘဲ၊ ကိုယ့်ပြိုင်ဘက်ကို ပေးလိုက်ပါလို့ ဒိုင်လူကြီးကို ပြောရော ဆိုပါတော့--"

ပြောရင်းမှ အောင်တိုး ခပ်ကျယ်ကျယ် ရယ်မော၏။ အောင်တိုး၏ အရွဲ့တိုက်သည့်စကားတို့ကို လစ်လျူရှုရင်း စကားဆက်လိုက်သည်။

"ပြီးတော့ သက်ထားဝေက ဇော်လွင့်ကို ဘယ်လိုဆက်ဆံမယ်၊ ဘယ်လို တုံ့ပြန်မယ်ဆိုတာ ငါ့ကိုလာပြီး အသိမပေးရင်လဲ တစ်မျိုးပေါ့--ခုတော့ သက်ထားဝေက ဇော်လွင့်ကို ဘယ်လို တုံ့ပြန်မယ်ဆိုဘာ သိလျက်နဲ့ ငါက ဇော်လွင့်ဘက်က ဖေးဖေးမမ ဝင်မပြောရင် ငါဘာဖြစ်သွားမလဲ။ ဇော်လွင်က ငါ့ကို ဘယ်လိုထင်သွားမလဲ--ကူညီပါလို့ ခခယယ တောင်းပန်ထားလျက်နဲ့ မကူညီဘူးလို့ ထင်သွားမှာပေါ့--သက်ထားဝေဆီ သွားလည်တဲ့အခါ သက်ထားဝေသူ့ကို ဆင်းမတွေ့တာလဲ ငါ တစ်ခုခုဂုံးကျောထားလို့ ထင်မှာပေါ့"

အောင်တိုး သူ့ကို မျက်နှာကြုံ့လျက် ကြည့်၏။

"သူ့စာပေးတဲ့ကိစ္စ ငါသိပြီးမှ သက်ထားဝေ သူ့အပေါ် ဆက်ဆံရေး ပြောင်းလွဲလာရင်--ဘာပဲဖြစ်ဖြစ် ငါ့ကြောင့်လို့ သူထင်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာဆိုင်လဲ--သူ့ဘာသာသူ မရိုးမသားနဲ့ စားသွားပေးလို့ သူ့အပေါ် မကြည်မလင် ဖြစ်လာတဲ့ကိစ္စပဲ--”

ခေါင်းယမ်းလျက် အောင်တိုးပြော၏။ ကုလားထိုင်ကို ကျောမှီ ချရင်း အိမ်ရှေ့အကြည့်ရောက်သည်။ ဈေးမှ ပြန်လာဟန်တူသော အောင်တိုးအစ်မက သူ့ကိုအတွေ့တွင်--‘မောင်ရန်နိုင် ရောက်နေတာ ကြာပြီလား’ဟု နှုတ်ဆက်စကားဆိုသည်။

“စောစောကပဲ အစ်မ”

“မင်းကလဲ ပျောက်ချက်သား ကောင်းနေလိုက်တာ၊ ညစာ စားသွားမယ် မဟုတ်လား”

“မစားတော့ဘူး အစ်မ၊ ကျွန်တော် တော်ကြာ ပြန်မှာ”

သူ့စကားအဆုံး--‘ဟာ မဟုတ်တာ စားပြီးမှပြန်’ ဟု ပြော လျက် အိမ်ခန်းတွင်းသို့ဝင်သည်။ ဆက်ငြင်းရန် အားနာစွာဖြင့် နှုတ်ဆိတ်နေလိုက်၏။ ဧည့်ခန်းအတွင်း အောင်တိုးရော သူပါ အတွေး ကိုယ်စီဖြင့် တိတ်ဆိတ်နေမိသည်။ တအောင့်ကြာမှ အောင်တိုး ကြည့်ရင်း--

“ငါ့အနေအထားက ဘေးကြပ်နံကြပ်အနေအထားမျိုး အောင် တိုး”ဟု စကားစဖြစ်သည်။





“အဲဒီအနေအထားရောက်အောင် မင်းကိုယ်တိုင် ဖန်တီးတာ မဟုတ်လား”

အောင်တိုးက မျက်လုံး မှေးစင်းကြည့်လျက် ခနဲ့ စကားဆို၏။

“ငါ--သက်ထားဝေကို ချစ်တယ်။ ဒါပေမယ့် ဖွင့်ပြောရမှာကို ရဲဘူး--တစ်ခါတစ်ခါတော့လဲ--”

“ဖွင့်ပြောဖို့ ကြံမိတယ်ဆိုပါတော့--ဟုတ်လား”

သူခေါင်းညိတ်ပြမိ၏။

အဲဒီအချိန်မှာ ဇော်လွင်က သက်ထားဝေကိုဝင်ပြီး စာပေး တယ်။ အဲဒီအကြောင်းကို မင်းသိသွားတယ်။ မင်းသိတာကိုတစ်ခါ ဇော်လွင်ကလဲ သိသွားတယ်။ ဒီတော့--မင်းအနေနဲ့ ရှေ့တိုးရအခက် နောက်ဆုတ်ရအခက် ဖြစ်သွားတယ်။ မလှုံသာမလွန့်သာပေါ့၊ တစ် ဖက်ကလည်း ကိုယ်ချစ်တဲ့မိန်းကလေး၊ တစ်ဖက်ကလည်း သူငယ် ချင်းအရင်းခေါက်ခေါက်--အခြေအနေက ဘေးကြပ်နံကြပ် ဖြစ်နေ တယ်။ မင်းဆိုလိုချင်တာ--ဒါမဟုတ်လား”

မေးစေ့ကိုပွတ်လျက် အောင်တိုး သူ့ကိုကြည့်ရင်း ပြော၏။ ‘ဟုတ်တယ်’ဟု ဝန်ခံစကား မဆိုသော်လည်း သဘောတူသော အကြည့်မျိုးဖြင့် သူပြန်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ အဲ့လိုဖြစ်အောင် မင်းကိုယ်တိုင် လုပ်တာ
မင်းမှ မပြတ်သားခဲ့ပဲ။ သက်ထားဝေကို ဖွင့်ပြောပါလို့ ပါးစပ်သောင်း
အောင် ငါတိုက်တွန်းခဲ့သားပဲ--ဒါပေမယ့် မင်းမပြောဘူး၊ ဇော်လွင့်
သက်ထားဝေအိမ်ကို ဝင်ချီထွက်ချီနဲ့ ဇာတ်လမ်းစဖို့ ကြိုးစားနေတာ
ကလဲ သက်ထားဝေနဲ့ မင်းအကြောင်း ဇော်လွင့်ကို သွယ်ဝိုက်ပြီး
အသိပေးလိုက်လို့ ရတာပဲ၊ ဒါပေမယ့် မင်းအသိမပေးဘူး၊ ငါကိုယ်
တိုင်က ကြားဝင်ပြီး အသိပေးလိုက်ဖို့ လုပ်တော့လဲ မင်းက တားပြ
ရော-ဒီတော့ ခုလိုအခြေအနေမျိုး ရောက်လာတာတော့ ဘာဆန်း
သလဲ၊ ကိုယ့်အပေါ် ညွှတ်နေမှန်းလဲသိလျက်နဲ့ ကိုယ်ချူးလိုက်
အလွယ်တကူ ပါလာမယ်မှန်းလဲသိလျက်နဲ့ အခြားလူဝင်ချူးတဲ့အထိ
အိပ်ချင်ယောင်ဆောင်နေခဲ့တာကိုး"

အောင်တိုး၏ စကားသံတို့က ရင်တွင်းအထိ စိမ့်၍ ဝင်သွား
၏။ အဝေးသို့ မျှော်ငေးရင်း သက်ပြင်းလေးတွဲချရုံမှအပ အောင်တိုး
အား ပြန်လည်ချေပစရာ စကား တစ်စုံတစ်ရာ မရှိဟု ကိုယ့်ကိုယ်ကို
သိသည်။

"တကယ်လို့ သက်ထားဝေနဲ့ ဇော်လွင့်သာ အဆင်ပြေ
သွားခဲ့ရင် အဓိကတရားခံက--မင်းပဲ"





ရင်သည် လှုပ်ခနဲတစ်ချက် ဖြစ်၏။ အဆင်ပြေသွားခဲ့ရင်
ဟူသော အသုံးအနှုန်းက နှလုံးသားကို ဆွတ်ကျင်စေသည်။ တံတွေး
တစ်ချက် မျိုချရင်း--

"အဆင်ပြေသွားလဲကောင်းတာပေါ့ အောင်တိုး၊ ရွှေကို ရွှေချင်း
ထပ်တာ မြတ်ပါတယ်"

အောင်တိုးကသူ့ကို တစ်ချက်ကြည့်ရင်း ခပ်တိုးတိုး ရယ်မော
သည်။ ပြီးမှ--မျက်နှာပိုးသတ်ရင်း--

"ရင်ထဲက လာတဲ့စကားလား ရန်နိုင်"

အောင်တိုး၏ အကြည့်စူးစူးကို ရင်ဆိုင်လျက် သူခေါင်း
ညိတ်ပြလိုက်မိ၏။

* * *

မထင်မှတ်သော မေးခွန်းကြောင့် အံ့သြသွားမိသည်။
မျက်နှာကို မပျက်အောင်ကြိုးစားရင်း--'ဟင့်အင်း--ဘာမှ မဖြစ်ပါ
ဘူး--'ဟု ဖြေလိုက်မိ၏။ ကေသီက သံသယဖြစ်နေသောဟန်ဖြင့်
သူ့မျက်နှာကို အကဲခတ်သလို ကြည့်၏။

"နေပါဦး ကေသီက သက်ထားဝေနဲ့ ကိုနိုင် ရန်ဖြစ်ထားကြ
တယ်လို့ ဘာလို့ ထင်ရတာလဲ--"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း--မထင်ပါဘူး--ခုတလော သက်ထား ကြည့်ရ တာ မျက်နှာသိပ်မကောင်းလို့၊ ပြီးတော့--အရင်ကလို ကျောင်းက အပြန် ကေသီ့အိမ်လိုက်ခဲ့ဖို့ ခေါ်ရင် မလိုက်ဘဲ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ငြင်းငြင်းနေလို့ ကိုနိုင်နဲ့များ ရန်ဖြစ်ထားကြ သလားလို့ မေးကြည့်တာပါ"

ခြောက်ကပ်ကပ် ရယ်သံကတစ်ခုကို ပြုရင်း--

"မဖြစ်ပါဘူးဟာ--ရန်တွေဘာတွေ ဖြစ်လောက်တဲ့အထိလ သူနဲ့ ကိုနိုင်နဲ့ မရင်းနှီးသေးပါဘူး"ဟု ပြောမိသည်။ ကေသီက နှုတ်ခမ်းကို မဲ့လျက်--

"ရှိုးမနေနဲ့--မသိတဲ့လူတွေ ကြနေတာပဲ"

"ဘာဖြစ်လို့လဲ--ကေသီက ဘယ်လိုထင်နေလို့လဲ"

"ဘယ်လိုမှ မထင်ဘူး၊ သိနေတာ မိန်းကလေးချင်းပဲ သက် ထားမျက်လုံးကို ကြည့်လိုက်ရုံနဲ့ ကိုနိုင်နဲ့သက်ထား ဆက်ဆံရေး ခန့်မှန်းလို့ ရတယ်"

ကေသီ့စကားကြောင့် ရင်၌ နင့်နင့်သီးသီး ခံစားလိုက်ရ ပျက်ယွင်းလုလုမျက်နှာကို ကေသီမမြင်အောင် လွှဲရှောင်ရင်း--"ကိ တို့က ရိုးရိုးသားပါ ကေသီရာ--"ဟု ပြောဖြစ်သည်။





"အပိုတွေ လုပ်မနေနဲ့၊ ဟိုနေ့ကတော့ သက်ထားကို ဖွင့်မေး မလို့--နောက်မှ သက်ထားမျက်နှာ မသာမယာ ဖြစ်နေတာနဲ့-- ကိုနိုင့်တို့ချင်း စိတ်ကောက်နေကြသလား မသိဘူးဆိုပြီး မမေး ဖြစ်တာ"

အဝေးသို့ အကြည့်ငေးလျက်မှ--

"သွားတော့ မမေးပါနဲ့ဟာ မကောင်းပါဘူး ကိုနိုင်ပြောတာ ကိုယုံပါ။ ခုချိန်ထိ သူနဲ့ ကိုနိုင် ရိုးရိုးသားသားပါပဲ" ဟု ပြောမိ၏။ ကေသီက ကော်ဖီ ဖျော်နေရာမှ ရပ်ရင်း--

"မဟုတ်ကဟုတ်က၊ ကေသီတော့ မယုံပါဘူး"

ရင်မောဖွယ်ဖြင့် ကေသီကို ကြည့်မိ၏။ ကေသီက သူ့အတွက် ကော်ဖီ တစ်ခွက်ငှဲ့ပေးရင်း--

"မမေးနဲ့ဆို မမေးပါဘူး။ ဒါပေမယ့် ကေသီတော့ မယုံဘူး" ဟု ထပ်ပြောသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မှားပြီလား––ဟူသည့် အတွေးကို မတွေးမိအောင် ကြိုးစားသည့်တိုင်––"သက်ထား မျက်နှာမကောင်းဘူး။ အိမ်ကိုခေါ်တော့လည်း ငြင်းတယ်။ ကိုနိုင်နဲ့ ရန်ဖြစ်ထားကြသလား" ဟူသော စကားတို့က နှလုံးသားကို ကျွမ်းမြေ့စေသည့်အမှန်။

(မဖြစ်နိုင်တဲ့ဇာတ်လမ်းတစ်ခုကို မစမိအောင် ကြိုးစား နောက်ဆုတ်နေခဲ့သူ တစ်ယောက်ရဲ့ အပြုအမူဟာ သူမအတွက် သိပ်ပြီးတော့များ စိတ်မကောင်း ဖြစ်စရာ ဖြစ်လေမလား၊ သူမ နာကြည်းသွားမလား။ သူမ စိတ်ဆိုးသွားမလား။) အတွေးများစွာက နှလုံးသားကို မွမွမွန်းလျက် ရင်ကွဲအက်မျှ ခံစားရ၏။

မှားလိုက်တာဟူသော စကားကို မရွတ်မိအောင် တင်းတင်းစေ့ထားသော နှုတ်ခမ်းဖျားမှ––'သက်ထားရယ်' ဟူသော စကားသံဖွင့်အန်ကျ၏။ 'သက်ထားဝေဘက်ကိုတော့ မင်းငဲ့ဖို့ ကောင်းတာပေါ့ကွာ––'ဟု အောင်တိုးပြောစဉ်၊ ပုံစံမပျက် ဟန်ဆောင်နိုင်ခဲ့သော်လည်း လူကွယ်ရာအရပ်၌ ထိုစကားကို ပြန်လည်၍ ကြားယောင်နေမိခြင်းသည်ပင် ကိုယ်ကိုယ်တိုင်၏ မပြတ်သားမှုကို ပြန်လည်၍ သတိထားမိစရာ ဖြစ်လာခဲ့သည်။





သူမွေးနေ့၌ ခန့်စကားတို့ဖြင့် သူ့အား သက်ထားဝေ သရော်ခဲ့သည့်နောက်ပိုင်း၊ သူနှင့် ထပ်မံ မဆုံဆည်းဖြစ်ခဲ့။ ထိုစဉ် သူမ ဘမင်ရှောင်နေခြင်းဟု စိုးစဉ်းမျှမတွေးမိ။ နေရှိးနေစဉ်နေလျက် တွေ့ကြတာ ဖြစ်မည်ဟု စိတ်၌ထင်၏။ သို့သော်––ပြီးခဲ့သည့် ုံးပိတ်ရက် သက်ထားဝေထံ စာသင်ရန် ပျက်ကွက်ခဲ့စဉ်မှာတော့ သူမ၏ သဘောထားကို အနည်းငယ်မျှ ရိပ်မိလာခဲ့သည်။

ထိုနေ့က အကြောင်းကြောင်းကြောင့် သက်ထားဝေထံ စာသင်ရန် မသွားဖြစ်။ သူမဖုန်းဆက်ပြီး မေးမှဘဲ ရှင်းပြ တောင်းန်လိုက်မည်ဟူသော အတွေးဖြင့် သူနေခဲ့သော်လည်း သူမထံမှ ုန်းမဆက်၊ နည်းနည်းတော့ စိတ်၌ ထင့်၏။ သူမ စိတ်ဆိုးနေတာ င်ပါရဲ့ဟု တွေးဖြစ်ခဲ့သည်။

ပုံသေချာရန် နောက်တစ်နေ့ တနင်္ဂနွေနေ့တွင်ပါ တမင်မသွားပဲ နေလိုက်မိသည်။ ထိုနေ့တွင်လဲ သူမထံမှ ဖုန်းခေါ်သံ မကြားခဲ့ရ။

ယခင်ကာလများစွာက သူစာသွားမသင်ဖြစ်သည့် နေ့များ၌ သူမဖုန်းဆက်၍ မေးတတ်မြဲအကျင့်သည် အကြောင်းတစ်ခုခုကြောင့် ပျောက်ဘဲ မေ့လျော့စရာမရှိ––ဟူသည့် အတွေးက သူမ၏ တင်းသွဖယ်နေမှုကို ပို၍ ထင်ရှားစေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့များ ဖုန်းမဆက်ရတာလဲ။

ဘာဖြစ်လို့များ--တမင်ရှောင်နေရတာလဲ။

ဘာဖြစ်လို့များ သံယောဇဉ်နှောင်ကြိုးကို ဆွဲဖြတ်ဖို့ ကြိုးစားရတာလဲ--။

ရင်၌ဖြစ်သော မေးခွန်းတို့အတွက် အဖြေတစ်ခုတည်းသာ ရှိကြောင်း ကိုယ့်ကိုယ်ကို အသိ--။

* * *

ကားရှေ့ စက်ဖုံးပေါ်တွင် အစင်းရာလေးကို သူငေးကြည့်လိုက်သည်။ (ရာတင်း)နှင့် နှစ်ခါလောက် စားလိုက်သည့်အတွက် အစင်းရာမှာ လုံးဝပျောက်မသွားသော်လည်း သိသိသာသာပင် မှိန်သွား၏။ အစင်းရာတစ်ဝိုက်တွင် ရာတင်းစားထားသည့်အတွက် အနည်းငယ် ဆေးကွက်ချင်သလို ဖြစ်နေသည်။ (ဘောနက်)တစ်ခုလုံးကို ပေါလစ်ပြန်တင်ရန် (တဒီ)ဘူးကိုယူရင်း အဖုံးဖွင့်လိုက်သည်။

ထိုအချိန်မှာပင် ဧည့်ခန်းတွင်းမှ တယ်လီဖုန်းသံ ကြားရ၏။ ရင်၌ လှပ်ခနဲတစ်ချက်ဖြစ်၏။ သက်ထားဝေနှင့် မတွေ့ဖြစ်ခဲ့သည့် (၁၀)ရက်ကျော် ကာလအတွင်း ဧည့်ခန်းထောင့်ရှိ အစိမ်းနုရောင် တယ်လီဖုန်းဆီမှ ခေါင်းလောင်းသံကြားတိုင်း ထိုသို့ဖြစ်တတ်မြဲ





တစ်ယောက်ယောက်က ဖုန်းခွက်ကို ကောက်ယူလျက် ထူးသံကြားတိုင်း၊ သက်ထားဝေဆီကများလား၊ သက်ထားဝေ သူ့ဆီကို ဆက်တာများလား။ ဖုန်းကိုင်သူ အိမ်သားတစ်ယောက်ယောက်က 'ရန်နိုင်ဖုန်းဟေ့' ဟုများ လှမ်းအော်လိုက်လေမလား၊ မျှော်လင့်တွေးတို့ဖြင့် ရင်မောရမြဲ ဖြစ်သည်။

သုံးကြိမ်မြောက် ဖုန်းမြည်သံအဆုံး 'ဒေါ်လုံးရေ ဖုန်းကိုင်လိုက်ပါ'ဟု သူလှမ်းအော်လိုက်မိသည်။ သို့သော်--မီးဖိုထဲမှ နားလေးသော ဒေါ်လုံး ကြားလောက်အောင် သူ့အသံက မကျယ်သေးဟု တွေးမိ၏။ လက်ထဲမှ ကားပါလစ်ဘူးကိုချရင်း အိမ်ပေါ်သို့ ပြေးတက်လာမိသည်။ ငါးကြိမ်မြောက် ဖုန်းမြည်နေစဉ်မှာပင် ဖုန်းခွက်ကို သူမယူလိုက်ရင်း 'ဟုတ်ကဲ့--အမိန့်ရှိပါ'ဟု ပြောလိုက်သည်။ တစ်ဘက်မှ 'ဘယ်သူရှိလား၊ ဘယ်သူနဲ့ တွေ့ချင်လို့ပါ'--စသည့်စကားပြန်ခြင်း တစ်စုံတစ်ရာမရှိ။ ပကတိ တိတ်ဆိတ်လွန်း၏။ သက်ထားဝေများလားဟူသည့် အတွေးက ရုတ်တရက် ရင်သို့ တိုးဝင်သည်။ 'ဟယ်လို--'ဟု နောက်တစ်ကြိမ် သူထပ်အထူးမှာပင်--တစ်ဘက်မှ အသက်ပြင်းပြင်း ရှူသံသဲ့သဲ့ကြားရ၏။

"ကိုနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်တစ်ခုလုံး တောင့်ခနဲဖြစ်၏။ ဖုန်းကိုင်သောလက်သို့ ရုတ်ချည်းအေးစက်လျက် ရင်သည် သိမ့်သိမ့်လှုပ်ခတ်၏။ အပေါ်ထပ် အိပ်ခန်းတွင်း အိပ်နေသော ကေသီမှ လွဲလျှင် သူ့အား ကိုနိုင်ဟုခေါ်သော- မိန်းကလေးမှာ တစ်ယောက်တည်းသာ ရှိသည်။

"ဟုတ်ပါတယ်"

သာမန်လေသံမျိုးဟုပင် ထင်မှတ်စရာ ရှိသော်လည်း နည်းနည်းတော့ တုန်ယင်နေမည်ဟု စိတ်၌သိ၏။ သက်ထားဝေ.ခေတ္တမျှ တုံ့ဆိုင်းနေသေးသည်။ တအောင့်ကြာမှ--

"ကေသီနဲ့ စကားပြောချင်လို့ပါ"

မထင်မှတ်သော စကားက နှလုံးသားကို လှိုက်ခနဲ ဖြစ်စေသည်။ (သူမ ကေသီနဲ့ စကားပြောချင်လို့ ဆက်တာပဲ၊ သူ့ဆီဆက်တာမှ မဟုတ်ဘဲ။ သူနဲ့ စကားပြောချင်လို့မှ မဟုတ်ဘဲ)။ ဝမ်းနည်းတွေးတို့ဖြင့်အတူ ကြေကွဲခြင်းက ရင်၌ ပြန့်သည်။

"ခဏလေးနော်--ကျွန်တော် သွားခေါ်လိုက်ပါမယ်"

"အပေါ်ထပ်မှာလား"

"ဟုတ်ကဲ့--အိပ်နေတယ်၊ ကျွန်တော် သွားနှိုးလိုက်မယ်"





ဖုန်းခွက်ကို နားမှခွာလျက် စားပွဲပေါ်သို့ချရန် ပြင်စဉ်မှာပင် သူမ၏ အသံသဲ့သဲ့ ကြားရ၏။ ဖုန်းခွက်ကို နားမှာ ပြန်တပ်ရင်း 'ဘာလဲ--သက်ထား' ဟု မေးမိသည်။

"ဪ--အိပ်နေရင် နေပါစေတော့၊ နောက်မှပဲ ပြန်ဆက်ပါမယ်"

သူမ ဖုန်းချတော့မှပဲ သူတွေးမိသည်။ သူမနှင့် သူ့အကြားမှာ အခြား ပြောစရာစကား မရှိတော့ဘူးလား၊ ကိုနိုင်ဟု နာမည်ခေါ်လျက် ပြောဖို့အကြောင်းအရာ ကုန်ခန်းသွားပြီလား။ တကယ်ဆိုပြီးခဲ့တဲ့ အပတ်က ကိုနိုင်ဘာလို့ စာလာမသင်တာလဲ ဆိုတာလောက်တော့ မေးဖို့ ကောင်းတာပေါ့။

"နိုးလာရင်--သက်ထား ဆက်တယ်လို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့"

"ဒါပဲနော်"

စကားသံအဆုံးမှာပင် တယ်လီဖုန်းလိုင်း ပြတ်တောက်၏။ (သူစိမ်းတွေလိုပါပဲ၊ သိပ်ကို သူစိမ်းဆန်ခဲ့ကြတာပါ။) ဖုန်းခလုတ်ကို လက်နဲ့ ဖိနှိပ်ပြီး ဖုန်းလိုင်းချင်း ဖြတ်ခဲ့သလို၊ ဆက်သွယ်ခဲ့ဖူးသော အခင်ကြီးများစွာကိုလဲ သူမဖြတ်တောက်သွားခဲ့ပြီပဲ။ ကြေကွဲခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ဖုန်းခွက်ကို ပြန်တင်ရင်း သူလှည့်ထွက်၏။ ခြေလှမ်းသုံးလေးလှမ်း အကွာသို့ အရောက်မှာပင် နောက်တစ်ကြိမ် ဖုန်းမြည်သံကြားရ၏။ ဖုန်းရှိရာသို့ ပြန်လျှောက်ရင်း ဖုန်းခွက်ကို ကိုင်ရပြန်သည်။

"ကိုနိုင်လား"

'သက်ထားဝေပါပဲလား'--အံ့သြခြင်းနှင့်တူ 'ဟုတ်ကဲ့'ဟု ပြန်ဖြေရန် မေ့လျော့မိသည်။

"စောစောက ပြောမလို့ မေ့သွားတာနဲ့ နောက်တစ်ခါ ဆက်တာ--"

"ဟုတ်ကဲ့--"

"ဟို--ကိုနိုင့်သူငယ်ချင်း ကိစ္စပါ။ သူအိမ်လာလည်တဲ့အခါ သက်ထား သူ့ကို ကောင်းကောင်းမွန်မွန် ညှော်ခံပါတယ်ဆိုတဲ့အကြောင်း ကိုနိုင့်ကို ပြောမလို့--"

"ဩော်--"

ဖုန်းခွက်ကို တင်းတင်းဆုပ်လျက် ရေရွတ်စကားဆိုမိ၏။ ဖုန်းလိုင်းအတွင်း စကားသံတို့ ဆိတ်သုန်းလျက် တိတ်ဆိတ်သည်။ ဒါပဲလား သက်ထား။ သက်ထားနဲ့ ကျွန်တော့်အကြားမှာ ပြောစရာစကားက ဒါပဲလား၊ အတွေးဖြင့် အော်ဟစ်နေမိ၏။ စက္ကန့်အတန်





ကြာ တိတ်ဆိတ်နေသော ဖုန်းလိုင်းအတွင်း ချိုလွင်ရှတသေးစကားသံ တိုးတိုးထွက်လာသည်။

"ကိုနိုင်--ကျေနပ်တယ်မဟုတ်လား"

သက်ထားရယ်--ဟု ရင်တွင်းမှ ဖွဖွညည်းမိသည်။ နားထောင်ခွက်အတွင်းမှ ရယ်သံ တိုးတိုးကြားရ၏။

"သူက အဖြေတတွတ်တွတ် တောင်းနေတယ်"

"ဩော်--"

"အဲဒါ--သက်ထား အဖြေပေးလိုက်ရင် ကောင်းမလားလို့"

"ကောင်းပါတယ်"

တုန့်ဆိုင်းခြင်းမရှိအောင် ချက်ချင်း ပြန်ဖြေလိုက်နိုင်သည့်တိုင် အသံတို့က တုန်ခါးလွန်းလှ၏။

"အဟင်း--ဒါဆို သက်ထား သူ့ကို အဖြေပေးလိုက်မယ်"

"ဟုတ်ကဲ့--ဟုပြောရန် ကြံသော်လည်း စကားသတို့က လည်ချောင်းဝ၌ တစ်ဆို့၏။

"ဘယ်လို--ဖြေလိုက်ရင် ကောင်းမလဲ ကိုနိုင်"

"သက်ထား--သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဝေ ခပ်တိုးတိုး ရယ်သည်။ 'ဖြစ်နိုင်လျှင် ခဏခဏ မရယ်ပါနဲ့ မသက်ထားဝေ'ဟု အသံမဲ့စွာ ရေရွတ်မိသည်။

"မနက်ဖြန် သက်ထား သူ့ကို အဖြေပေးလိုက်မယ်"

"---"

"သက်ထား ဘယ်လိုဖြေမယ်ဆိုတာ မမေးတော့ဘူးလား ကိုနိုင်"

စောစောက အသံတို့ထက် တိုးလွန်းသောအသံဟု သတိပြုမိသည်။

"ကျွန်တော်က ခေါ်လွှင်မှ မဟုတ်ဘဲ သက်ထား"

"ဪ--"

"သူ့ကိုသာ ဖြေလိုက်ပါ"

သက်ထားဝေ အသံ ခေတ္တ တိတ်ဆိတ်၏။

"ကောင်းပြီလေ--ဒါပေမယ့် သူနဲ့ကြုံရင်တော့ ပြန်မေးကြည့်ပါ။ သက်ထား ဘယ်လိုဖြေလိုက်တယ်ဆိုတာ ကိုနိုင့်ကို သိစေချင်လို့--"

စကားသံအဆုံး ဖုန်းခွက်ပြန်ချသံသဲ့သဲ့ ကြားရ၏။ ပြတင်းဝင်လာသော လေအသွဲ့၌ ခန်းဆီးစများ တဖျပ်ဖျပ် လှုပ်ခတ်၏။

* * *





ခြောက်တည်ရာမဲ့ဟူသော အနက်အဓိပ္ပာယ်ကို တိတိပပ နားလည်ရသောနေ့ဟု စိတ်၌ ထင်၏။ တစ်နေ့လုံး ခန္ဓာကိုယ်သည် အသိကင်းကွာစွာ လှုပ်ရှားနေမိသည်။ ရုံးစားပွဲ၌ လူက ထိုင်နေသော်လည်း စိတ်က စကြာဝဠာအနှံ့ ပျံ့လွင့်၏။ နေ့စဉ်တွေ့ထိ လုပ်ကိုင်နေကျ ရုံးလုပ်ငန်းတို့တွင် လည်းကောင်း၊ ပစ္စက္ခ အခြေအနေ မှန်သမျှတွင်လည်းကောင်း၊ ခန္ဓာကိုယ်၏ လှုပ်ရှားမှုတို့၌ လည်းကောင်း၊ အာရုံဝင်စား၍မရ။ အရာရာ အစစ အတွေးတို့က သက်ထားဝေထံသို့ လွင့်ပျံ၏။

ရုံးဖိုင်ကိုအဖွင့်၊ သက်ထားဝေ၏ မျက်နှာနုနုကို အတွေး၌ မြင်၏။ တစ်ဘက်စားပွဲမှ လက်နှိပ်စက်သံ တဖျောက်ဖျောက်အကြား၊ သက်ထားဝေ၏ ရယ်သံတိုးတိုးကို ကြားယောင်၏။ ဌာနအတွင်း ဆူညံသော လှုပ်ရှားသံတို့အစား "ကိုနိုင် ကျေနပ်တယ်မဟုတ်လား" ဟူသည့် ချိုလွင်ရှတသော စကားသံတစ်ခုက နားသို့ဝင်၏။

အာရုံငါးပါး ခံစားမှုမှန်သမျှ၌ သက်ထားဝေသည် တိုးဝင်တွယ်ငြိလျက် ရှိကြောင်း ရင်မောစွာ သတိပြုမိသည်။

ဒီအချိန်ဆို သူမ စာသင်နေရောပေါ့။ ဒီအချိန်ဆို သူမ နေ့လယ်စာ စားနေလောက်ရောပေါ့။ ဒီအချိန်ဆို သူမ အိမ်ပြန်ဖို့ ပြင်နေလောက်ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အချိန်နှင့်အမျှ သတိရနေမိသော အတွေးတို့၌၊ ဇော်လွင့်ကို သူမ အဖြေပေးမည့်အကြောင်း တစေ့တစောင်းမျှ မပါရှိအောင် ကြိုးစားမေ့ပျောက်ထားရသည်က ရင်အစုံကို နွမ်းလျလွန်းစေသည်ဟု ဂရုပြုမိ၏။ ကံ့ကော်ရတာမျှ သွေ့ခြောက်ပူလောင်ခြင်းတို့က ရင်၌ ကိန်းအောင်း၏။

* * *

"ဘယ်မှာလဲ ဦးအောင်ကြီး"

"မပြောတတ်ဘူးကွ၊ ကောသီ ယူထားလိုက်တာပဲ၊ ဩော် နေဦး-- မောင်နိုင်စားပွဲပေါ်မှာ ရှိလိမ့်မယ် ထင်တယ်--စောစောက ကောသီ အပြင်သွားခါနီး၊ ဓလုံးကို လှမ်းအော်တာ ကြားလိုက်တယ်"

ခြံတံခါးကို သော့ပြန်ချိတ်ရင်း ဦးအောင်ကြီး ဖြေ၏။ ဒါဆို ကျွန်တော် သွားရှာလိုက်ဦးမယ်နော်ဟု ပြောရင်း အိမ်ထဲသို့ ဝင်လာခဲ့သည်။ ထမင်းစားခန်းကို ဖြတ်ကျော်လျက် သူ့အခန်းတွင်းသို့ ဝင်ရင်း စာကြည့်စားပွဲပေါ်သို့ လှမ်းကြည့်လိုက်သည်။ စီးကရက်ခွက်နှင့် ဖိထားသော စာရွက်လေးကို တွေ့ရ၏။ လွယ်အိတ်ကို





အိပ်ရာပေါ်သို့ ပစ်တင်ရင်း စာရွက်လေးကို လှမ်းယူလိုက်မိသည်။ အိတ်ဆောင်မှတ်စုစာအုပ်မှ ဖြုံလျက် ကမန်းကတန်း ရေးပေးခဲ့ဟန်တူ၏။ လက်ရေးတို့က သော့လွန်းသည်။

ရန်နိုင်--

ငါလေးနာရီလောက်က တစ်ခေါက်လာသေးတယ်။ မင်းမရောက်သေးဘူး၊ ည(၇)နာရီ တစ်ခေါက်လာခဲ့မယ်၊ အဝတ်အစားလဲပြီး စောင့်နေပါ၊ ပြောစရာရှိတယ်။

ဇော်လွင်

စာရွက်ကို စားပွဲပေါ် ပြန်တင်ရင်း လက်ထဲမှနာရီကို ငုံ့ကြည့်မိသည်။ ဖြနာရီ ၁၅မိနစ်၊ ရေချိုး ထမင်းစားရန် မိသေးသည်ဟု တွေးမိ၏။ ကိုယ်ပေါ်မှ အဖြူရောင် ကော်လံကတုံး အင်္ကျီကို ချွတ်ရင်း ရေချိုးရန် ပြင်၏။ 'ပြောစရာရှိတယ်'--ဟူသော စာကြောင်းက ရင်၌ ကပ်ငြိဆဲ ဖြစ်သည်။ 'ဘာများပါလိမ့်'ဟု လျှောက်မေး နေမိသော်လည်း ဇော်လွင်ပြောမည့်အကြောင်းအရာကို သိပြီးသည့်နှယ် ခံစားရသည်။ သက်ထားဝေထံမှ အဖြေစကားနှင့် ပတ်သက်သည့် အကြောင်းအရာမှတစ်ပါး အခြား မဖြစ်နိုင်ဟု သူစဉ်းစားလိုက် မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ"

ကားလက်ကိုင်ခွေကို ဆုပ်ကိုင်ရင်း ရှေ့လမ်းမဆီသို့သာ အာရုံစူးစိုက်လျက် မောင်းနေသော ဇော်လွင့်ဘက်သို့လှည့်၍ မေးလိုက်မိသည်။ ဇော်လွင်က သူ့ဘက်ကို တစ်ချက် လှည့်ကြည့်ရင်း–

"ဘာရယ်လို့ မဟုတ်ပါဘူး––အေးအေးဆေးဆေး စကားပြောလို့ရမယ့် တစ်နေရာရာပေါ့"

စကားကိုဖြတ်လျက် ကားဂီယာကို ပြောင်း၏။ ထို့နောက် "မင်းဘယ်သွားချင်လဲ"ဟု လှည့်မေး၏။

"မင်းသဘောပဲ"

သူ့စကားအဆုံးမှာပင် ဇော်လွင်ကားဘရိတ်ကို ဆောင့်နင်း၏။ ရှေ့သို့ ယိုင်သွားသော ခန္ဓာကိုယ်ကို အမြန်ထိန်းရင်း ကားဒက်စ်ဆုတ်ပေါ်သို့ လက်လှမ်းထောက်လိုက်ရသည်။ ဇော်လွင် ကားဂီယာကို ပြောင်းရင်း ညာဘက်သို့ ဆွဲကွေ့၏။ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်သို့ ကွေ့ဝင်ခြင်း ဖြစ်သည်။

"ဒီမှာပဲ စကားပြောကြတာပေါ့"

ကားကို ထိုးရပ်လျက် စက်သတ်ရင်း ဇော်လွင် စပြော၏။ မှောင်မည်းလျက် လူသူရှင်းလွန်းသော ပတ်ဝန်းကျင်ကို တစ်ချက်





ကြည့်မိသည်။ ဇော်လွင်ထံမှ ဇစ်ပိုမီးခြစ်အဖုံးဖွင့်သံနှင့်အတူ မီးခြစ်ခြစ်သံ ကြားရ၏။

"ရော––"

မာလ်ပိုရိုဘူးနှင့် မီးခြစ်ကို သူ့ဘက်သို့ ကမ်းပေးရင်း ကားတံခါးဖွင့်ကာ အောက်သို့ဆင်းသည်။ ဇော်လွင့်နည်းအတူ လိုက်ဆင်းရင်း ကားကိုမှီ၍ ရပ်ကာ စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်သည်။ ဇော်လွင်က ဘယ်လက်ကို ဘောင်းဘီအိတ်ထဲသို့ ထည့်ရင်း ညာလက်ဖြင့် စီးကရက်ကိုဖွာလျက် အဝေးသို့ မျှော်ငေး၏။ ဦးဝိဇာရလမ်းတစ်လျှောက် အရှိန်ပြင်းစွာ ဖြတ်မောင်းသွားကြသော ကားအချို့၏ အသံမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်လွန်းသည်။ စီးကရက် တစ်ဝက်ကျိုးလုလုအချိန်တွင် ဇော်လွင် သူ့ဘက်သို့လှည့်ရင်း စကားစသည်။

"နေ့လယ်က သက်ထားဝေ ငါ့ကို အဖြေပေးတယ်။ မနေ့ညကတည်းက ဒီနေ့ နေ့လည် ကျောင်းကိုလာခဲ့ပါ၊ အဖြေပေးမလို့ ချိန်းဆက်ပြီး ချိန်းတာ––"

စကားကိုရပ်လျက် ဇော်လွင်ပြုံး၏။ လမ်းမီးတိုင်ဆီမှ ဖြာဆင်းကျသော အလင်းရောင်မှိန်မှိန်အောက်မှ ဇော်လွင့်အပြုံးသည်



www.burmeseclassic.com

www.burmeseclassic.com



ယခင့်ယခင် အကြိမ်များစွာက တွေ့မြင်ခဲ့ရဖူးသော အပြုံးမျိုးမဟုတ်။ နားလည်ရန်ခက်သော အဓိပ္ပာယ်များစွာပါသည့် အပြုံးမျိုးဖြစ်သည်။ ဘာပဲပြစ်ဖြစ်--ဇော်လွင် နှုတ်ခမ်းဆီမှ ထိုအပြုံးကို သူသဘောမကျ။

"မင်း--မအံ့သြဘူးလား"

အပြုံးမပျက် ဇော်လွင်မေး၏။ သူငေးကြောင် မှင်သက်စွာ ကြည့်နေမိသည်။

"ငါတော့--သူဖုန်းဆက်လာတုန်းက အံ့သြလွန်းလို့ ဘာပြန်ပြောရမယ်မှန်းတောင် မသိဘူး။ ဘယ်လောက်အထိ အံ့သြခဲ့ရသလဲဆိုရင် မင်းဆီကို ဖုန်းဆက်ပြီး အဲဒီအကြောင်းပြောဖို့ မေ့သွားလောက်အောင်ကို အံ့သြတာ"

"သူ--ဘယ်လိုအဖြေမျိုး ပေးခဲ့တယ် ထင်သလဲ"

ထင်မြင်ချက် တောင်းဟန်ဖြင့် ဇော်လွင် မေး၏။ ထိုသို့သော မေးခွန်းမျိုး ဇော်လွင့်နည်းတူ သက်ထားဝေလဲ မေးခဲ့ဖူးကြောင်း ဖြတ်ခနဲ သတိရလိုက်မိသည်။

"သိပ်အံ့သြစရာကောင်းတယ် ရန်နိုင်--မယုံကြည်နိုင်လောက်အောင်ကို အံ့သြစရာကောင်းတာ။ အဖြေပေးမယ်လို့ ဖုန်းဆက်ပြောတုန်းက ဒီလောက် မြန်မြန်ဆန်ဆန်ကြီး အဖြေပေးလာလိမ့်မယ်





လို့ မထင်လို့ အံ့သြခဲ့ရတယ်။ တကယ့်တကယ် အဖြေပေးတော့လဲ ပေးမယ်လို့မထင်တဲ့ အဖြေမျိုးပေးလာလို့ --ထပ်ပြီး အံ့သြခဲ့ရတယ်"

စောစောက အပြုံးမျိုး ဇော်လွင်ထပ်ပြုံး၏။ သူသဘောပေါက်လိုက်မိ၏။ လက်ထဲမှ စီးကရက်ကို တောက်၍ လွှင့်ပစ်ရင်း ဇော်လွင်ရပ်နေရာသို့ လျှောက်လာမိ၏။

"ဝမ်းသာပါတယ် ငဇော် (ကွန်ဂရက်ကျူလေးရှင်း)"

ညာလက်ကို ဆန့်တန်းလျက် လက်ဆွဲနှုတ်ဆက်ရန် ကမ်းပေးမိသည်။ ဇော်လွင့် သူ့လက်ကို ငုံ့ကြည့်သည်။ ထို့နောက် ခေါင်းမော့လျက် ပြုံးရင်း--

"ငါလဲ ဝမ်းသာပါတယ် ရန်နိုင်"

ဇော်လွင် ညာဘက်လက် ရိပ်ခနဲ ရှေ့သို့တိုးလာ၏။ သို့သော် ကမ်းပေးထားသော သူ့လက်ဆီသို့မဟုတ်။ သူ့မျက်နှာဆီသို့ ဖြစ်သည်။ အံ့သြစွာဖြင့် လေထဲသို့ မြောက်တက်လာသော ဇော်လွင့်လက်ကို ငေးကြည့်နေစဉ်မှာပင် ခပ်အုပ်အုပ် မြည်သံတစ်ခုနှင့်အတူ ဘယ်ဘက်မေးရိုးတလျှောက် ကျင်ခနဲ ဖြစ်သွား၏။ မမျှော်လင့်သော အချိန်၌ မမျှော်လင့်သော လူတစ်ဦး၏ လက်သီးဖြင့်ထိုးခြင်းကို ခံလိုက်ရသည့်တိုင်၊ ခန္ဓာကိုယ်သည် ယိမ်းယိုင်ပြိုလဲခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်သို့ ယမ်းသွားသော ဦးခေါင်းကို တည့်မတ်လျက် မေးရိုးကို လက်ဖြင့် ပွတ်သပ်ရင်း ဇော်လွင့်ကို အံ့ဩစွာ ငေးကြည့်နေမိသည်။

"မင်း သိပ်ဟန်ဆောင်ကောင်းတယ် ရန်နိုင်"

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ခပ်စူးစူး စိုက်ကြည့်ရင်း ဇော်လွင်ပြောသည်။

"မင်း--ငါ့ကို အရူးလုပ်တယ်"

"ငဇော်--မင်းဘာတွေပြော--"

"မင်းဘာရည်ရွယ်ချက်နဲ့ ငါ့ကို လှည့်စားခဲ့တာလဲ ရန်နိုင်၊ ဘာဖြစ်လို့ တစ်ပတ်ရိုက်ခဲ့ရတာလဲ။ သက်ထားဝေနဲ့ မင်းနဲ့ ကိစ္စကို ဘာဖြစ်လို့ ငါ့ကို မပြောခဲ့ရတာလဲ--"

အံကိုတင်းတင်းကြိတ်ရင်း ပြောလာသည့် ဇော်လွင့်စကားတို့ကို နားလည်ရန် အမြန်ကြိုးစားနေမိသည်။ ဇော်လွင့် သူ့ကို စိုက်ကြည့်ရင်း ခပ်တိုးတိုးရယ်သည်။ ခြောက်ကပ်နာကျင်သော အသံမျိုး ဖြစ်၏။

"နောက်ဆုံးတော့ မင်းတို့နှစ်ယောက်ကြားမှာ ငါက ရယ်စရာအကောင်းဆုံးသတ္တဝါ ဖြစ်သွားရတာပေါ့"

"ငဇော်--မင်းဘာတွေ ပြောနေတာလဲ"





"ငါဘာတွေပြောနေသလဲ-မင်းမသိဘူးလား"

လက်သီးကိုဆုပ်လျက် ဇော်လွင် အော်မေးသည်။

"ငါနေ့လယ်က သက်ထားဝေဆီ သွားခဲ့တယ်၊ ငါသိပ်ချစ်တဲ့ မိန်းကလေးက ငါ့ကို အဖြေပေးမယ်ဆိုလို့ သွားခဲ့တာ။ အဲဒီအချိန်မှာ ငါဘယ်လောက် ပျော်နေသလဲ မင်းစဉ်းစားကြည့်စမ်း--ဟိုလဲရောက်ရော ငါပျော်ခဲ့တာတွေအကုန်လုံး တစ်စစီ ဖြစ်ကုန်တယ်။ ငါအလှည့်စား ခံလိုက်ရတယ်။ သက်ထားဝေက ငါ့ကို ဘာပြောတယ်မှတ်သလဲ၊ သူ့မှာ ငါ့အရင် ချစ်ရေးဆိုထားတဲ့ လူရှိပါသတဲ့--သူကလဲ အဲ့ဒီလူကို ချစ်တယ်လို့ ပြန်ဖြေမလို့ပါပဲတဲ့၊ အဖြေမပေးရသေးတာ တစ်ခုပါတဲ့။

"သွားရော--ငါ့မျှော်လင့်ချက်မှန်သမျှ အကုန် ဖျက်ဆီးခံလိုက်ရတယ်။ အဲ့ဒါထက် ပိုဆိုးတာက အလှည့်စားခံရတာပဲ--သိပ်ရှက်ဖို့ကောင်းတယ်"

အဝေးသို့ အကြည့်လွှဲရင်း ဇော်လွင် အံ့ကို တင်းတင်းကြိတ်၏။ မေးကြောသို့ ထောင်ထနေသော ဇော်လွင့်မျက်နှာကို ငေးကြည့်နေမိ၏။



www.burmeseclassic.com

"ငါက မယုံဘူး၊ အဲ့ဒီလူဟာ ဘယ်သူလဲလို့ မေးလိုက်တယ်၊ ငါသိပ်မှားသွားတယ်။ တကယ်ဆို မေးဖို့မကောင်းဘူး--သူငါ့ကို စာတစ်စောင် ထုတ်ပြတယ်၊ အဲ့ဒီစာမှာ ရေးတဲ့လူရဲ့ လက်မှတ် မပါဘူး၊ ဘယ်သူ့စာပါလို့လဲ သူမပြောဘူး၊ ဒါပေမယ့် ငါသိလိုက်တယ် ရန်နိုင်-- သူငါ့ကို ကမ်းပေးတာဟာ စာပါလို့ သူပြောပေမယ့် တကယ်တော့ စာအုပ်တစ်အုပ်ရဲ့ နောက်ကျောဖုံးကို ဖြုံထားတာ။ ပြီးတော့ ရည်းစားစာမဟုတ်ဘူး၊ ချစ်တယ်ဆိုတဲ့ စကားတစ်လုံးမှ မပါတဲ့ ကဗျာတစ်ပုဒ်"

ရင်သည် အံ့သြခြင်းတို့နှင့်အတူ အေးခန့်ဖြစ်၏၊ ဇော်လွင် မျက်နှာကို မယုံကြည်နိုင်စွာ ငေးကြည့်နေမိသည်။

"အောင်တိုး ငါ့ကို ဖတ်ပြတုန်းက စာသားတွေကို အလွတ်မရ ခဲ့ပေမယ့် မင်းကဗျာဆိုတာ ငါချက်ချင်းသိလိုက်တယ်--"တွေဝေလိုပ်ပြာ"လေ၊ အောင်တိုးကတောင် ရည်းစားစာလုပ်ပြီး ပေးဖို့ ကောင်းတယ်လို့ ပြောခဲ့တဲ့ တိတ်တခိုးကဗျာလေ"

ခန္ဓာကိုယ်သည် ကမ္ဘာမြေပြင်မှ အပသို့--လွင့်စင်ထွက်သွားလေသည့်နှယ် ခံစားလိုက်ရသည်။

*  *  *





"ထင်စရာပဲပေါ့--သက်ထားဝေကိုယ်တိုင်က ပြောတာဆိုတော့ ဇော်လွင့်နေရာမှာ ငါဆိုရင်လဲ ယုံမိမှာပဲ"

ငေးငိုင်နေရာမှ အောင်ကြီး တစ်လုံးချင်း ဖြေသည်။

"ငါရှင်းပြသေးတယ်၊ ဒါပေမယ့် ဇော် လုံးဝ နားမထောင်ဘူး၊ ကားပေါ်တက်ပြီး ချက်ချင်းမောင်းထွက်သွားတယ်၊ ငါလဲ ကြုံရာကားတစ်စီး ငှားပြီး အိမ်ပြန်တယ်၊ ဒီကောင့် စီးကရက်ဘူးနဲ့ မီးခြစ်တောင် ငါ့ဆီပါလာတယ်။ အိမ်ရောင်တော့ သူ့ဆီရော၊ သက်ထားဝေဆီပါ ဖုန်းဆက်ပြီး ရှင်းပြဖို့ လုပ်သေးတယ်။ ဒါပေမယ့် ဖုန်းဆက်လို့ မရဘူး၊ ငါတို့အိမ်က ဖုန်းပျက်နေတယ်"

အောင်တိုး ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ဖုန်းမဆက်ဖြစ်တာ ကောင်းတာပေါ့။ ခုမနက်ကော ဆက်သေးလား"

ခေါင်းယမ်းပြမိသည်၊ အောင်တိုးက ကျေနပ်ဟန်ဖြင့် ပြုံးရင်း။

"မင်း--ရှင်းပြမနေနဲ့တော့ ရန်နိုင်--မင်းရှင်းလဲ ဇော်လွင် ယုံမှာ မဟုတ်ဘူး၊ အကောင်းဆုံးက မင်း ဒီတိုင်းနေလိုက်"

"မဟုတ်သေးဘူး အောင်တိုး"

သဘောမတူစွာ ငြင်းဆန်လိုက်မိ၏။

www.burmeseclassic.com



"ငါပြောမယ်ရန်နိုင်–သက်ထားဝေကိုယ်တိုင်က ဟုတ်ပါတယ်လို့ ပြောထားတဲ့ ကိစ္စကို မင်းက မဟုတ်ပါဘူးလို့ သွားငြင်းရင် ဇော်လွင် ယုံပါ့မလား၊ ထားပါတော့ ယုံပြီဆိုပါတော့ ဇော်လွင် ဘာလုပ်မယ် ထင်သလဲ။ သက်ထားဝေဆီ ပြန်သွားလိမ့်မယ်၊ ထပ်ကြိုးစားလိမ့်မယ်၊ ရန်နိုင်က မဟုတ်ဘူးလို့ ပြောလိုက်တယ်ဆိုပြီး သွားပြောလိမ့်မယ်"

စိတ်ကျဉ်းကျပ်စွာဖြင့် အောင်တိုး၏မျက်နှာကို ငေးကြည့်မိ၏။ အောင်တိုး လက်ဖက်ရည်ခွက်ကို ငုံ့သောက်ရင်း

"သက်ထားဝေက မင်းသိစေချင်လို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်နဲ့ ဇော်လွင့်ကို သူချစ်သူဟာ မင်းပါလို့ ငြင်းလိုက်တာ ရန်နိုင်မင်းအဲဒါကို သဘောပေါက်"

အောင်တိုးစကားက ရင်ကို သိသာစွာ လှုပ်ခတ်လေသည်။ အတွေး၌ သက်ထားဝေက တစ်လှည့်၊ အံကြိတ်ထားသော ဇော်လွင်မျက်နှာကတစ်လှည့်၊ ရေးရေးမြင်ယောင်၏။ စိတ်မွန်းကြပ်စွာ ပင့်သက်မောကို မှုတ်ထုတ်ဖြစ်သည်။

"ငါဘာလုပ်ရရင် ကောင်းမလဲ အောင်တိုး"

"မင်းလုပ်ရမယ့် ကိစ္စ၊ မင်းသိဖို့ ကောင်းပြီပဲ"





အောင်တိုးမျက်နှာဆီသို့ ဖြတ်ခနဲ အကြည့်ရောက်၏။ အောင်တိုးက မျက်လုံးကို မှေးစင်းကြည့်ရင်း––

"မင်းသက်ထားဝေဆီ ဖုန်းဆက်ပြီး တစ်နေရာရာမှာ ချိန်းပြီးတော့ မင်းရင်ထဲက စကားတွေကို ဖွင့်ပြောလိုက်ပေါ့––"

"ငါ––ဇော်လွင့်ကို"

"ငါနားလည်ပါတယ်၊ နေ့လယ်ကျရင်၊ မင်းရယ်––ငါရယ် ဇော်လွင့်အိမ်သွားပြီး ချော့မော့တောင်းပန်လိုက်တာပေါ့၊ အရေးကြီးတာက အခု လက်ဖက်ရည်ဖိုး ရှင်းပြီးတာနဲ့ တစ်နေရာရာကနေ မင်းက သက်ထားဝေဆီ ဖုန်းဆက်ဖို့ပဲ––"

* * *

"ဘယ်တော့လဲ"

"သက်ထားအားတဲ့ အချိန်ပါ"

"သက်ထား–အားပါတယ်၊ တော်ကြာ ကျောင်းသွားရင်းနဲ့ ထွက်လာလဲ ရတာပဲ"

ဖုန်းခွက်ကို ပခုံးဖြင့် ညှပ်ရင်းမှ နာရီကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။ နေ့လည် ဇော်လွင့်အိမ်သွားမည့်အချိန်နှင့် ထိုမှပြန်ထွက်လာဖြစ်မည့် အချိန်တို့ကို အမြန်တွက်ချက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို လုပ်ပါလား"

"ပြောလေ"

"ညနေ--ဘယ်အချိန်အထိ သက်ထားကျောင်းမှာ ရှိမလဲ"

"ကိုနိုင်ပြောပါ၊ ကိုနိုင်လာမယ့်အချိန်ပြော၊ သက်ထား စောင့်နေမှာပေါ့"

"ကျွန်တော်- ၃ နာရီခွဲ အရောက်လာခဲ့မယ်၊ သက်ထား (ကွန်ဖို့)နားကစောင့်"

"ဟုတ်ကဲ့--သက်ထားစောင့်နေမယ်"

"ဒါပဲနော်--ကိုနိုင် ဖုန်းချလိုက်တော့မယ်"

ပြောရင်းမှ ဖုန်းခလုတ်ကို နှိပ်ရန် ပြင်သည်။ တစ်ဖက်မှ "ကိုနိုင်ခဏ"ဟု လှမ်းတားသည်။

"ဘာလဲ--သက်ထား"

"ဆက်ဆက်လာနော်"

စကားသံအဆုံးမှာပင် ဖုန်းခလုပ်နှိပ်သံ ကြားရ၏။ ငြိမ်သက်တိတ်ဆိတ်သွားသော နားထောင်ခွက်ကို နားမှ ခွာလျက် ဖုန်းခွက်ပေါ်သို့ ဖြည်းညင်းစွာ ပြန်ချလိုက်၏။ 'ဆက်ဆက်လာနော်' ဟူသော ချိုနွဲ့သောအသံက ခုတိုင် နား၌ ရစ်ဝဲလျက်ရှိသည်။ သက်ပြင်းချ





မျှင်း၍ချစဉ် ဘေးနားမှာရပ်နေသော အောင်တိုး ဆိုင်ရှင်ထံသို့ ဖုန်းဆက်ခ လှမ်းပေးသည်။ သည်တော့မှ ဖုန်းဖိုးပေးရန် သတိမေ့လျက် ငေးကြောင်ရပ်နေမိသော ကိုယ့်အဖြစ်ကိုယ် သတိထားမိသည်။ အောင်တိုးက လာသွားကြမယ်ဟု ပြောလျက် ဆိုင်ထဲမှ ထွက်လာဖြစ်သည်။

"အခြေအနေ ဘယ်လိုလဲ"

"ဒီညနေ ၃ နာရီခွဲ သူ့ကျောင်းမှာ ချိန်းလိုက်တယ်"

အောင်တိုး စီးကရက်တိုကို လွှင့်ပစ်ရင်း လက်ထဲမှ သားရေအိတ်ကို ရင်ဝယ်၌ ပွေ့ပိုက်လိုက်၏။ ထို့နောက် သူ့ဘက်သို့ လှည့်ကြည့်ရင်း--

"ခုမှပဲ စိတ်ချမ်းသာတော့တယ်"ဟု ပြောသည်။

"ဘာဖြစ်လို့လဲ"

"မဒီးဖွင့်ပြောဖြစ်မှာ သေချာသွားလို့ပါ--နို့မို့ဆို--မင်းတို့နှစ်ယောက်ကိုကြည့်ပြီး ဘေးကနေ စိတ်မောတယ်၊ တစ်ယောက်အကြောင်း တစ်ယောက် နားမလည်ကြတာလဲ မဟုတ်ဘူး၊ တစ်ယောက်ရင်ကို တစ်ယောက် ထွင်းဖောက်ပြီး မြင်နေကြရက်နဲ့ ဟိုနိုင်ဒီလှ ကြောက်ရနဲ့ ဟန်ဆောင်ပြီး မျိုသိပ်နေကြတာ။ ငါမှာ မင်းတို့



www.burmeseclassic.com

ကို ကြည့်ရင်း ဘယ်နေ့ ဘာဖြစ်မလဲဟဲ့ဆိုပြီး တထင့်ထင့်နဲ့ စပိုင် ဝတ္ထုဖတ်နေရသလိုပဲ--"

ပြောရင်းမှ အောင်တိုး ရယ်မောဧ။ သူပါ-- စိတ်လက် ပေါ့ပါးစွာဖြင့် ရယ်လိုက်မိသည်။ မောင်တော်လေးလမ်းထိပ်အရောက် "ငါရုံးပေါ်တက် လက်မှတ်ထိုးရင်း လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်၊ ထမင်းစားချိန်လောက် ငါပြန်ထွက်လာခဲ့မယ်။ ဇော်လွင့်အိမ် သွား ကြတာပေါ့"ဟု အောင်တိုး ပြော၏။ သူခေါင်းညိတ်ရင်း တ[illegible] ဖက်လမ်းသို့ ဖြတ်ကူးသည်။ '(၁၂)နာရီလောက် အရောက်လာခဲ့မယ်' ဟု အော်ရင်း အောင်တိုး ရုံးပေါ်တက်သွား၏။ ယက်မှ နာရီက[illegible] ငုံ့အကြည့် ၉နာရီကျော်ရုံမျှသာ ရှိသေးသည်။ ၁၃း နာရီခွဲဖို့ အများကြ[illegible] လိုသေးတာပဲဟု စိတ်မောစွာ တွေးမိ၏။

ဖြစ်နိုင်လျှင် ယခုချက်ချင်းပင် သက်ထားဝေဆီသို့ သွား[illegible] ရင်ဖွင့်ပြချင်သော ဆန္ဒတို့ ရင်နှင့်အမျှ ပြည့်သိပ်တင်းကြပ်လျှ[illegible] ရှိ၏။

* * *





တကယ့်တကယ် ဇော်လွင့်အိမ်သို့ သွားဖြစ်သောအခါတွင်မူ သူတစ်ယောက်တည်းသာ ဖြစ်သည်။ ၁၀ နာရီလောက်တွင် အောင်တိုး သူ့ရုံးသို့ အလုပျားဖားလျား ပေါက်ချလာသည်။

"ငါမလိုက်နိုင်တော့ဘူး ရန်နိုင်-နေ့လယ်ကျရင် အစည်း အဝေးရှိတယ်၊ ငါမတက်လို့ မဖြစ်ဘူးတဲ့၊ အဖိုးကြီးက ငါ့ကို မြင် တာနဲ့ ဂုတ်ဖမ်းဆွဲထားတာ၊ ဘယ်လိုမှ ထွက်လို့ ရမှာမဟုတ်ဘူး။ [illegible]င်းတစ်ယောက်တည်းပဲ လစ်လိုက်တော့"

တစ်ယောက်တည်း သွားရမည်ကို ဝန်လေးသော်လည်း 'ရပါ တယ်'ဟု သူပြောဖြစ်သည်။

"ဇော်လွင်ဆီကိုတော့ ဝင်ဖြစ်အောင် ဝင်လိုက်ကွာ၊ မနေ့က [illegible]ိစ္စကို စကားမစချင်တောင်မှ သူ့မီးခြစ်ဝင်ပေးတဲ့ ပုံစံမျိုးနဲ့ဖြစ်ဖြစ် [illegible]ါ၊ ခုလောက်ဆို ဒီကောင်ကြီး စိတ်ပြေလောက်ပါပြီ"

တိုက်တိုက်တွန်းတွန်း စကားကိုအောင်တိုးဆို၏။ ထို့နောက် [illegible]ာရီတကြည့်ကြည့် လည်တဆန့်ဆန့်လုပ်ရင်း၊ 'အချိန်မရတော့ဘူး၊ အစည်းအဝေးအတွက် လုပ်စရာရှိတာတွေ သွားလုပ်လိုက်အုံးမယ်' [illegible]ပြောရင်း အောင်တိုးပြန်သွားသည်။ သူတစ်ယောက်တည်း ငေါ[illegible] [illegible]ောင်တောင်နှင့် ကျန်ခဲ့ရင်း ဟိုလုပ်ဒီလုပ်ဖြင့် အချိန်ဖြုန်းနေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဘယ်လက်တွင် ပတ်ထားသော နာရီ၏ အချိန်တိကျမှုနှင့် ပတ်သက်၍ ယခင်ကာလများစွာက တစ်ခါမှ သံသယမဖြစ်ခဲ့ဖူးသော်လည်း အောင်တိုး ပြန်သွားပြီးနောက်ပိုင်း နာရီပေါ်မှ လက်တံတို့၏ ရွေ့လျားမှုမှာ နှေးကွေးလွန်းလှသည်ဟု စိတ်၌ ထင်၏။ ကုလားထိုင်ရွှေ့သံ၊ မတ်တပ်ထရပ်သံကြားတိုင်း 'ထမင်းစားဖို့ ပြင်ကြပြီလား၊ ထမင်းစားချိန်ရောက်ပြီလား' ဟူ၍ ထင်မြင်နေမိသည်။ စိတ်စောမှုဖြင့် အရာရာအား နှောင့်နှေးကြန့်ကြာလွန်းသည်ဟု ယူဆရင်း မြောက်များလှစွာသော သက်ပြင်းတို့ကိုချရင်း နှေးကွေးစွာဖြင့် ထမင်းစားချိန်သို့ ရောက်လာခဲ့သည်။

* * *

"မင်းဆီသွားမယ်ဆိုပြီးထွက်သွားတာပဲ၊ ရုံးကိုမလာဘူးလား"

ခွေကိုင်းမျက်မှန်ကို လက်ဖြင့်ပင့်တင်ရင်း ဖော်လွင့်အမေးပြောသည်။ လွယ်အိတ်ကို ဘေးခုံပေါ်သို့တင်ရင်း.....

"ကျွန်တော်ထွက်လာတဲ့အထိတော့ ရောက်မလာဘူး၊ လမ်းလွဲတာဖြစ်မယ်"





"ဟုတ်မှာပေါ့၊ သဘော်သားရုံးလဲ ဝင်စရာရှိသေးတယ်ပြောတာပဲ၊ အဲဒီအရင်ဝင်နေလို့ လွဲသလားမှမသိတာ"

"ဟုတ်မယ် အန်တီမျိုး.....ဟု သူပြောသည်။ အန်တီမျိုးက "ဇော်ဇော် မင်းကို ချော့ရအောင်ဆိုပြီး ထွက်သွားတာ၊ မင်းကရော လာတာ ဇော်ဇော်ကို ပြန်ချော့ဖို့လား၊ ဇော်ဇော်ချော့တာ ခံဖို့လား" ဟု ရယ်ရင်းမေး၏။ မမျှော်လင့်သော မေးခွန်းကြောင့် ရင်၌ ထိတ်ခနဲ ဖြစ်လှုပ်သွားမိသည်။ အံ့မသင်းကြောင်းစွာဖြင့် အန်တီမျိုးကို မော့ကြည့်လိုက်မိသည်။

"မနေ့က ညဘက်ကြီး ရှုံ့ရှုံ့ရှဲ့ရှဲ့နဲ့ ပြန်ရောက်လာလို့..... ဒီတွေဘာတွေများ ဖြစ်လာသလားပေါ့.....စိုးရိမ်ပြီး အန်တီမေးကြည့်တော့ မင်းနဲ့ စကားများလာလို့ပါတဲ့။ ဘာကြောင့်လဲဆိုတော့ တော်တော်နဲ့မပြောဘူး၊ နောက်မှ အတင်းချော့မေးတော့ စစ်တုရင်ထိုးရင်း စကားများလာတာပါတဲ့"

ပြောရင်းဖြင့် အန်တီမျိုး ရယ်မောသည်။ စိုးရိမ်စွာဖြင့် အောင့်ထားမိသော ပင့်သက်မောတို့ကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ့မှာကွယ် ဘာများလဲလို့ စိုးရိမ်လိုက်ရတာ၊ မင်းသူငယ်ချင်းက တကယ့်ကလေးလိုဘဲ၊ မနေ့ကတော့ သူ့မှာ တရှုံ့ရှုံ့တရှုံရှုံ့နဲ့ တော်တော်နဲ့ မအိပ်နိုင်ဘူး၊ ဟော.....ခုမနက်လဲ ကျရောရှုန်းနိုင် စိတ်ကောက်နေမှာစိုးလို့ သွားချော့လိုက်ဦးမယ်ဆိုပြီး အစောကြီးထွက်သွားလေရဲ့"

စကားကိုရပ်ရင်း "ကော်ဖီတိုက်ဖို့တောင် မေ့နေတယ်၊ နေဦး အန်တီ ကော်ဖီဖျော်ခိုင်းလိုက်ဦးမယ်....."ဟု ဆိုသည်။ "နေပါစေ အန်တီ၊ ကျွန်တော် မသောက်တော့ဘူး" ဟု ဆိုကာ ငြင်းသော်လည်း "သောက်ပါအုံး၊ အေးအေးဆေးဆေးပေါ့"ဟု ပြောလျက် အိမ်ဖော်အမျိုးသမီးကို လှမ်းခေါ်ကာ ကော်ဖီဖျော်ခိုင်းသည်။ "မနက်က ဖုတ်ထားတဲ့ ပူတင်းမုံ့ ပုဂံနဲ့ထည့်ပြီး ယူလာခဲ့" ဟုပြောရင်း တစ်ဆက်တည်း သူ့ဘက်လှည့်ကာ--

"မောင်ရန်နိုင် ..... သက်ထားဝေကိုသိလား"

မထင်မှတ်သော မေးခွန်းစကားကြောင့် အံ့သြခြင်းနဲ့အတူ တုန်လှုပ်ခြင်းကပါ ရင်သို့တိုးဝှေ့၏။ သိပါတယ်ဟု ပြောရန်သော်လည်းကောင်း၊ ခေါင်းညိတ်ပြရန်သော်လည်းကောင်း သတိမေ့လျှောက်စွာ မှင်သက်နေမိသည်။





"မေးသာမေးရတာပါ၊ မောင်ရန်နိုင်သိမှာ မဟုတ်ပါဘူး.....နာမည်တော့ ကြားဖူးချင် ကြားဖူးလိမ့်မယ်၊ ဖော်ဖော် မင်းကို အဲဒီမိန်းကလေးအကြောင်းတွေ ဘာတွေ ပြောပြမှာပေါ့...ဝင်ဒါမီယာထဲကပဲ၊ အန်တီသူငယ်ချင်းရဲ့သမီးလေ၊ သူ့အဖေနာမည်ကတော့ မောင်ရန်နိုင် ကြားဖူးမှာပေါ့"

မျက်မှန်ကိုပင့်တင်ရင်း အန်တီမျိုး ပြောသည်။ ခန္ဓာကိုယ်အတွင်းရှိ မိုင်ပေါင်းများစွာ ရှည်လျားသော သွေးကြောတို့၏ စီးဆင်းသည်ပတ်မှုမှန်သမျှ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။ ကိုယ်တွင်း ကိုယ်ဖ၊ ဇီဝဖေဒဖွဲ့စည်းမှုမှန်သမျှ ပေါက်ကွဲလွင့်စဉ် ထွက်သွားပြီဟု ထင်မိ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၈)

တိတ်တဆိတ်ပါပဲ.......

ငါကြေကွဲရတယ်။

(ဘိုင်ရွန်)





သစ်ရွက်ကြွေသံသဲ့သဲ့မှအပ ပတ်ဝန်းကျင်တစ်ခုလုံး အံ့ဩစရာ ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်လွန်းသည်။ ခပ်ဝေးဝေး အင်းယားရေပြင်ဘက်၌ ပျံလျှက်ရှိသော ငှက်တို့ကို ငေးနေရာမှ ခက်ထားဝေ သူ့ဘက်သို့ တစ်ချက်ကြည့်သည်။ တစ်တောင်မျှသာ ဝေးကွာသောနေရာ၌ ထိုင်လျှက် သူမအား မမှိတ်မသုန် စိုက်ကြည့်နေသော သူ့အကြည့်တို့နှင့် မျက်လုံးချင်း ဆုံမိုက်၊ ရှက်မျက်ဝန်းဖြင့် သက်ထားဝေ မျက်လွှာချလျှက်ငေါင်းငုံ့၏။ ခပ်ပြေပြေထောင်ထားသော ဒူးနှစ်ဖက်ပေါ်မှ သူမ၏ ကနုကမာရောင် လက်သည်းချွန်ချွန် လေးများက ဖင်းမယ်လုံချည်ကို အကြောင်းမဲ့ ကုတ်ခြစ်လျှက်ရှိသည်။ သူမ၏ စိတ်တို့သည် သူမ၏ လက်သည်း ချွန်ချွန်များနှယ် လှုပ်ရှားနေကြမည်ဖြစ်ကြောင်း ဖိုလိုက်စွာ တွေးမိ၏။

ကြာရှည်စွာ ငြိမ်သက်တိတ်ဆိတ်နေရခြင်းကို သည်းမခံနိုင်ဟန်ဖြင့် ခပ်နွဲ့နွဲ့ထိုင်ထားမိသော ကိုယ်ဟန်ကို သူမ အနည်းငယ် ပြင်သည်။ ရေသဖန်းပင်၏ အမြစ်ဆုံနှင့် သူမ၏ အညိုရင့်ရောင် ဖင်းမယ်လုံချည်တို့ ထိတွေ့တွန်းတိုက်သံမှာ သိမ့်မသိသာလှသော်လည်း စိတ်လှုပ်ရှားနေသူ နှစ်ဦးကြား၌မူ ကျယ်လောင်လွန်းလှသည်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို...နိုင်"

တုန်ခါလွန်းသော သက်ထားဝေ၏ အသံတိုးတိုးလေးက တိတ်ဆိတ်ခြင်းကို ထိတ်လန့်ကွဲကြေစေသည်။ မဝံ့ရဲသော မျက်ဝန်းဆီမှ အဓိပ္ပါယ်များစွာပါသော အကြည့်ကို သူတိုပြုမိသည်။

"ပြော.....စရာ.....ရှိတယ်.....ဆို"

ပါးပြင်တစ်ခြမ်းကို ဖုံးအုပ်ဝဲကျနေသော ဆံပင်ရှည်တို့ကို လက်ဖြင့်ပင့်တင်ရင်း မျက်လုံးထောင်ကပ်လျှက် ကြည့်ကာ သက်ထားဝေ ပြော၏။ ပင့်သက်တစ်ချက်ကို ရှိုက်ရင်း ဖြည်းညင်းစွာ ခေါင်းညိတ်ပြမိသည်။

ပြောစရာ.....ရှိတယ်ဆို.....တဲ့

အမြဲတမ်း ပြောချင်နေတဲ့ ရင်ထဲကစကားတွေကို သူမကြားအောင် ပြောရတော့မှာပေါ့၊ တိုးချင်တိုးပါစေ။ ဘာပဲဖြစ်ဖြစ် သူမကြားသွားဖို့ အရေးကြီးတယ်။ (ဒါပေမယ့်....အသံတော့ မတုန်စေနဲ့၊ အသံတွေ သိပ်ပြီး တုန်ခါမနေစေနဲ့)

"ကျွန်.....တော်.....လေ"

စကားသံတို့က အဖျားခတ် တုန်ယင်စွာ တွံ့ဆိုင်း၏။ ရွှန်းသည့် သူမ၏ မျက်လုံးရွဲတို့ကို ရင်မဆိုင်ရဲစွာ အကြည့်လွှဲရင်း—





"ကျွန်တော်...ဘာပြောမယ်ဆိုတာ သက်ထားသိမှာပါ။ ကျွန်တော် .....ဒီစကားကို ပြောချင်နေတာကြာပါပြီ သက်ထား၊ ပြောဖြစ်ဖို့လဲ ..... အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ဖူးပါတယ်၊ ..... ဒါပေမယ့်"

သက်ထားဝေ ခေါင်းကိုငုံ့ရင်း သက်ပြင်းဖွဖွရှိုက်၏။ ခြောက်ကပ်နေသော နှုတ်ခမ်းတို့ကို လှုပ်ရှားလျှက် စကားဆက်ရန် ကြိုးစားလိုက်သည်။

"ကျွန်တော် မပြောဖြစ်ခဲ့ပါဘူး သက်ထားရယ်၊ အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော် မပြောဖြစ်ခဲ့ဘူး၊ ဒီနေ့တော့ ဘာပဲဖြစ်ဖြစ် ပြောမယ်လို့ ကျွန်တော် ရည်ရွယ်ခဲ့တယ်။ ဒါကြောင့် သက်ထားကို ဖုန်းဆက်ပြီး ကျွန်တော် ချိန်းလိုက်တာ"

စကားကိုရပ်ရင်း အဝေးဆီသို့ အကြည့်ငေးမိ၏။ အင်းယားကန်၏ ဟိုမှာဘက် မှိုင်းညိုသော သစ်ပင်အုပ်အုပ်တို့က အမြင့်အာရုံသို့ တိုးဝေ့ဝင်ရောက်စဉ်မှာပင် အနံ့တီမျိုး၏ စကားသံတို့က နားစည်ကို ရိုက်ခတ်မြည်ဟိန်းသည်။

"...........................................................

..........ဆိုပြီး ငြင်းတာ မောင်ရန်နိုင်ရဲ့။ အဲ့သလောက် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဆန်တာ။ လွှန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ ဝန်ခံတယ်။ ဟုတ်ပါတယ်တဲ့။ သက်ထားဝေကို သူကြိုက်နေပါတယ်တဲ့။ ဟိုဘက်ကတော့ ဘယ်လိုလဲမသိပါဘူးတဲ့။ အဲ့ဒါနဲ့ပဲ အန်တီလဲ ကောင်မလေးအမေကို ဖွင့်ပြောလိုက်တာ။ ဒေါ်ခင်ထားရီကလဲ သဘောတူပါတယ်။ ဖော်ဖော် ဒီတစ်ခေါက်ပြန်မထွက်ခင် တရားဝင်ကြောင်းလမ်းဖို့ စီစဉ်လိုက်ကြတယ်။ ဒါပေမယ့် ခုချိန်ထိတော့ ဖော်ဖော်နဲ့ သက်ထားဝေတို့ကို မပြောရသေးဘူး၊ နေပေ့စေ၊ အနှားကပ်မှ ဒီကောင် ဝမ်းသာသွားအောင် ဖွင့်ပြောလိုက်မယ်"

အကြိမ်ပေါင်း မရေတွက်နိုင်လာက်အောင်ပင် အဖန်တလဲလဲပြန်လည်၍ ကြားယောင်နေမိသော ထိုစကားသံတို့က ယခင့်ယခင်အကြိမ်များအနှယ် ထိရှရှူးနစ်ခြင်း ဝေဒနာကို ရင်၌ ဖြစ်သည်စေမြပင်ဖြစ်၏။ ဖိုလှိုက်မောပန်းလာသည့် ရင်အစုံနှင့်အတူ သက်ထားဝေဆီသို့ ခေါင်းငုံ့၍ အကြည့်မှာပင် မျှော်လင့်မျက်ဝန်းတို့ကို တွေ့ရ၏။ နှလုံးသားအစုံကို မွှမွှမွှန်းလေသည့်နှယ်၊ ခံစားရစေသော အကြည့်ဟု သတ်မှတ်မိသည်။

"ပြော.....လေ"





တိုးလျှိုတုန်ယင်လွန်းသော်လည်း အတွေးစကို ဖြတ်တောက်ရန်အတွက် လုံလောက်သော အသံပင်ဖြစ်သည်။ ခြောက်ကပ်အက်ကွဲသော စကားသံတို့ထွက်လာစေရန် အစွမ်းကုန် ကြိုးစားနေမိသည်။ 'သက်ထား.....'ဟု လေးတွဲစွာခေါ်လျှက် သူမကို စိုက်ကြည့်မိသည်။ သက်ထားဝေ ခေါင်းမော့လျှက် တစ်ချက်ကြည့်သည်။ ထို့နောက် သူ့အကြည့်တို့ကို ရင်မဆိုင်ရဲစွာ ချက်ချင်း ခေါင်းကိုပြန်ငုံ့၏။

(ပြောတော့လေ)ဟူသည့် စကားသံတစ်ခုက နှလုံးသားမှ တစ်ဆင့် သွေးကြောများစွာကို ဖြတ်သန်းလျှက် ဦးနှောက်တွင်းသို့ တိုးဝင်၏။

အလွန်ဝေးကွာသောအရပ်ဒေသသို့ တစ်မဟုတ်ချင်း အရောက် နှင့်ရမည့်နှယ်.....၊

မြင့်မားလှစွာသော တောင်ထိပ်သို့ အမြေးတက်ရသည့်နှယ်.....။

ကျယ်ပြောလှသော သမုဒ္ဒရာ အနံ့အလျား ကူးခတ်ဖြတ်ကျော် ရမည့်နှယ်.....

ခန္ဓာကိုယ်တွင်းရှိ ရှိရှိသမျှသော အင်အားတို့ကို စုစည်းအားယူလိုက်မိသည်။ လည်ချောင်းဝ၌ တစ်ဆို့လျှက်ရှိသော စကားစုနိုးက ရုတ်တရက် ပွင့်အန်ပြိုကျ၍လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်....."

"ကျွန်တော်..... မပြောပါရစေနဲ့တော့ သက်ထား"

"ရှင်"

ချစ်သူ၏ အံ့သြဝမ်းနည်းစွာ ရေရွတ်လိုက်သော စကားသံ လောက် နှလုံးသားကို တစ်စစီဖြစ်စေသော စကားမျိုးမရှိဟု မှတ်ထင် လိုက်မိသည်။

"ကိုနိုင်.....ကိုနိုင် တစ်ခုခုပြောမယ်လို့ သက်ထားထင်ထား တာ"

အရှက်နှင့် မာနတရားတို့ကို စတေးလျက် ပွင့်အန်ရသော စကားဟု နားလည်လိုက်မိသည်။

"ဟုတ်ပါတယ် သက်ထား၊ ကျွန်တော် ပြောမလို့ပါပဲ ဒါ..... ဒါပေမယ့်"

တုံ့ဆိုင်းပြတ်တောက်သွားသည့် သူ့စကားအဆုံး သက်ထား ဝေ အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်လျက် သူ့ကို ခပ်စူးစူး ကြည့်၏။ ကြည်လဲ့သော မျက်လုံးအစုံက လျှင်မြန်စွာ ရွှန်းစို၏





တဖြည်းဖြည်း ရဲနီလာသည့် မျက်ဝန်းထောင့်မှ ပထမဦးဆုံးသော မျက်ရည်တစ်ပေါက် ပါးပြင်ထက်သို့ စတင်လိမ့်ဆင်းစဉ်မှာပင် သူ၏ ရင်တွင်းမှ နှလုံးသားသည်လဲ မွမွကြေခဲ့ပြီဖြစ်ကြောင်း သတိပြု လိုက်မိသည်။

"ကိုနိုင်--ရက်စက်တယ်"

တုန်ခါလွန်းသော စကားသံအဆုံးမှာပင် ငိုရှိုက်သံက သဲ့သဲ့ ထွက်သည်။ တသိမ့်သိမ့်နှင့် လှုပ်ခါနေသော ပခုံးလေးနှစ်ဖက်ကို ငေးကြည့်ရင်း 'ခွင့်လွှတ်ပါသက်ထားရယ်'ဟု ရင်တွင်းမှ ဖွဖွညည်း လျှက် အံထဝ်ထပ် တောင်းပန်နေမိသည်။

"ကိုနိုင်--သတ္တိမရှိဘူး"

ငိုသံဖြင့် ရောထွေးလျက် သက်ထားဝေ ဗလုံးဗထွေး အော် သည်။

"သတ္တိဆိုတာက အခြေအနေနဲ့ အချိန်အခါပေါ် မူတည် တာပါ သက်ထား။ ကျွန်တော့်အတွက် သတ္တိရှိနိုင်လောက်တဲ့ အခြေ အနေမျိုးကို ကံတရားက ဖန်တီးမပေးခဲ့ဘူး။ ကျွန်တော်.....သတ္တိမရှိ ပါရစေနဲ့ သက်ထား။ သတ္တိရှိခဲ့ရင်လဲ အဲဒါ သတ္တိမဟုတ်ပါဘူး၊ မိုက်ရူးရဲဆန်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



နားလည်လိမ့်မည်မဟုတ်ဟု သိသော်လည်း ခြောက်ကပ်အက်ကွဲစွာ ပြောလိုက်မိသည်။ မျက်ရည်လွှမ်းသော အကြည့်တို့ဖြင့် သက်ထားဝေ သူ့ကို မော့ကြည့်၏။

"ကိုနိုင် မပြောရဲပေမယ့် ကိုနိုင်ပြောမယ့် စကားကို သက်ထား သိပါတယ်"

"သက်ထားသိလိမ့်မယ်ဆိုတာကို ကျွန်တော်သိပြီးသားပါ။ သိရုံပဲသိပါ သက်ထား။ ကြားတော့ မကြားချင်ပါနဲ့တော့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီစကားဟာ ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ ဘဝအတွက် အကျိုးရှိလာမှာ မဟုတ်လို့ပါ"

မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သက်ထားဝေ တသိမ့်သိမ့်ရှိုက်၏။ 'မငိုပါနဲ့ သက်ထားရယ်' ဟု ဖြေသိမ့်စကားတို့ကို ပြောချင်သော်လည်း နှစ်ယောက်စလုံးအတွက် ဖြေသိမ့်၍ရနိုင်မည်မဟုတ်သော အခြေအနေဟု ရင်ကွဲစွာ နားလည်မိသည်။

ရုတ်တရက် ငိုသံရပ်လျက် သက်ထားဝေ ထိုင်ရာမှထသည်။ မို့အစ်ရဲနီသော မျက်လုံးအစုံဖြင့် စူးရဲစွာ သက်ထားဝေ ကြည့်သည်။

"သက်ထား.....ပြန်ပါရစေ"





မလိုအပ်ပဲ ပြောလာသည့် ခွင့်တောင်းစကားက ရင်ထဲကို နင့်ခနဲ ဖြစ်သွားစေသည်။ ခွင့်ပြုခြင်းသော်လည်းကောင်း၊ တားမြစ်ခြင်းသော်လည်းကောင်း မပြုမိရန် ကိုယ့်ကိုယ်ကို အတင်းထိန်းချုပ်နေရသည်။

"မပြန်ခင် ကိုနိုင့်ကို သက်ထား စကားတစ်ခွန်းလောက် ပြောခဲ့ချင်တယ်"

စကားအဆုံးတွင် ငိုသံက လှိုက်၍ပါသည်။

"ကိုနိုင်ဟာ ယောကျ်ားတစ်ယောက်ဖြစ်လျက်နဲ့ သတ္တိနည်းပြီး မပြောရဲခဲ့ပေမယ့် မိန်းကလေးဖြစ်တဲ့ သက်ထားကပဲ ပြောခဲ့ပါရစေ"

(မပြောပါနဲ့ သက်ထား၊ ကျေးဇူးပြုပြီးတော့ မပြောခဲ့ပါနဲ့၊ ကျွန်တော့်အဝမှာ တစ်သက်လုံး ထမင်းလုံးတစ္ဆေ ခြောက်ခံနေရမယ့် အဲဒီစကားကို မပြောခဲ့ပါနဲ့။)

"သက်ထား.....လေ"



www.burmeseclassic.com

www.burmeseclassic.com



တုန့်ယင်လွန်းသော စကားသံက ရှိုက်သံနှင့်အတူ ကွယ်ပျောက်၏။ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းလွှာတို့ကို အားယူလျက် သက်ထားဝေ ဆက်ပြောသည်။

"သက်ထား.....ကိုနိုင့်ကို.....ချစ်.....တယ်"

စကားအဆုံးမှာပင် သက်ထားဝေ ချာခနဲလှည့်လျက် ထွက်ပြေးသည်။ ခပ်ဝေးဝေးကုန်းပေါ်၌ ရပ်ထားသော သူမတို့အိမ်မှ ကားဆီသို့ ပြေးထွက်သွားသော သူမ၏နောက်ကျောကို ငေးလျက် မင်္ဂမိုအောင် အံကို တင်းတင်းကြိတ်ထားမိသည်။ ကားနားသို့ အရောက် ကျောပေါ်မှ ဆံပင်ရှည်ကြီးများကို ဝဲခနဲဖြစ်သွားသည်အထိ သက်ထားဝေ တစ်ချက်ကြည့်၏။ ဘဝတစ်လျှောက်လုံးအတွက် နောက်ဆုံးအကြည့်ဟု နားလည်လိုက်မိသည်။

ရင်ထဲမှ လှိုက်၍တက်လာသော ငိုချင်စိတ်တို့ကို အံကြိတ်တင်းခံနေမိသည်။

မင်္ဂနဲ့နော်.....



သူမရဲ့ နောက်ဆုံးအကြည့်တွေရဲ့အောက်မှာတော့ မင်္ဂမိုစေနဲ့။ အားတင်းစကားတို့ကို ရင်ထဲမှ တဖွဖွ ရေရွတ်နေမိသည်။

စက္ကန့်များစွာကြာသော ဆို့နင့်ကြေကွဲမှုတို့ဖြင့်လွှမ်းသော နောက်ဆုံးအကြည့်တို့ကို ရုပ်သိမ်းရင်း၊ ကားနောက်ခန်းဆီသို့ သက်ထားဝေ ဝင်ထိုင်သည်။ သူမ တံခါးကိုဆွဲအပိတ်မှာပင် ကားက ဖြည်းညင်းစွာ ထွက်၏။ အမြင်အာရုံအောက်မှ ပျောက်ကွယ်ရန် ဘီးအလိမ့်ချင်း အားယူနေသော ကားလေးကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ဝေးကြပြီပေါ့ သက်ထား၊ ဘဝများစွာ ဝေးကွာကြရပြီပေါ့။

အရှိန်ရစပြုလာသော ကားလေးက မျက်ကွယ်အရပ်ဆီသို့ တိုးဝင်၏။ မြင့်ကွင်း၌ သူမ မရှိတော့ပါလားဟု သတိပြုမိစဉ်မှာပင် နာကျင်ကြေကွဲခြင်းတို့က ရင်ဝ၌ လှိုင်းထပျံ့နှံ့သည်။ မျက်လုံးအိမ်၌ ပြည့်လျှံဃိုစီးလာကြသည့် မျက်ရည်စတို့ကြောင့် တဖြည်းဖြည်း မှုန်ဝါးလာသော အကြည့်တို့ဖြင့် ရေသဖန်းပင်၏ ဗင်စည်ကို ရှုံးရှဲစွာ စိုက်ကြည့်ရင်း...မိန်းကလေးလောကမှ သတ္တိမရှိခဲ့သော ကိုယ့်ကိုကိုယ် စက်ဆုပ်ရွံ့ရှာစွာ နာကြည်းမုန်းတီးလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကားပေါ်တက်စဉ် လက်ပြမိမည်စိုးသောကြောင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသော လက်သီးဆုပ်တို့ကို ဖြေလျှော့ရင်း မျက်လုံးအစုံကို မှိတ်လိုက်မိသည်။

အမြင်အာရုံ၌ သူမ မရှိတော့ချေ.......။

*　*　*

တိတ်တဆိတ် တို့ဆုံခဲ့ကြတယ်။

တိတ်တဆိတ်ပါပဲ

ငါ ကြေကွဲရတယ် ။　။

(ဘိုင်ရွှန်)

နေနော်



BURMESE CLASSIC .com
www.burmeseclassic.com